www.burmeseclassic.com



BURMESE CLASSIC .com

ရွှေပဒေသာစာပေ

# မမသဒ္ဒါပေါင်

## လျှို့ဝှက်ခြင်း၏ နောက်ကွယ်မှာ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မမသဒ္ဒါမောင်

# သူ့ရက်ခြင်းပါနောက်ကွယ်မှာ



ာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ခြင်း၏နောက်ကွယ်မှာ...

BURMESE CLASSIC .com

## အခန်း ( ၁ )

လက်မှနာရီကိုကြည့်လိုက်တော့ (၁၀)နာရီတိတိ။ သိပ်မကြာခင် မိနစ်ပိုင်းလေးလောက်မှာ သူ့ဒီကိုရောက်လာမည်။ သူဆိုတာ Monsoon Company ၏ MD ဦးမိုးညို။ လွန်ခဲ့သည့်တစ်ပတ်က ကုမ္ပဏီအတွက်လိုအပ်သည့် staff တွေကို Interview ခေါ်ပြီးခန့်လိုက်ပြီးသား။ သို့သော် ကိစ္စမရှိ။ လစ်လပ်နေသည့်နေရာတစ်ခု ကျန်နေသေးသည်။ အဲဒီနေရာက 'ပျာတာ' လို့အမည်တပ်ရသည့် တောက်တိုမယ်ရနေရာလေး။ အဲဒီနေရာကို သူမ, ရကိုရရမည်။

နောက်တစ်ကြိမ် ပြန်ငုံ့ကြည့်လိုက်စဉ် မိနစ်တံက (၅)နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ညွှန်ပြနေ၏။ နားထဲမှ စက်သံညက်ညောနေသည့်ကားတစ်စီး လာနေသည်ကို အလိုလိုသိနေပါသည်။ လက်ထဲမှစာရွက်တွေ ထည့်ညှပ်ထားသည့် File ကို ရင်ဘတ်မှာကပ်၍ စိတ်ကိုတည်ငြိမ်အောင် ငြိမ်နေလိုက်မိ၏။

ဒီအလုပ်က ပထမဦးဆုံးအဆင့်မဟုတ်လား။ အဆင်မှပြေပါ့မလားဟု ဇဝေဇဝါအတွေးတွေကို အတင်းပြန်မောင်းထုတ်လိုက်ရသည်။ သူမရပ်နေသည့်နေရာက ကုမ္ပဏီဝင်းအပေါက်ဝ အုတ်တိုင်အကွယ်နေရာ။ ဝင်လာသမျှကားတွေက ဒီအုတ်တိုင်ကို ဘေးမှပတ်ပြီးကွေ့ဝင်ရတာမို့ နေရာကောင်းတစ်ခု။

မာစီးဒီးအနက်ကြီးဝင်လာသည့်ရှေ့မှာ ခလုတ်တိုက် ချော်လဲပြရမှာက အန္တရာယ်တော့အများသား၊ ကိစ္စမရှိပါ။ ဦးမိုးညိုနှင့် အရင်မျက်နှာတန်းမိသွားပြီး သူမအလုပ်ရဖို့က အဓိကပါလေ။ ကိုယ့်ကိုယ်ကိုသတိပေး၍ ကြောက်စိတ်ကိုဖျောက်လိုက်စဉ် မျက်ဝန်းထောင့်နားမှ ရိပ်ခနဲမြင်လိုက်ရသည့်ကားနက်ကြီးရှေ့ ဖျတ်ခနဲပြေးဖြတ်ရင်း ဗိုင်းခနဲချော်လဲကျပုံက ကွက်တိ။

မပီမသအာမေဍိတ်သံနှင့်အတူ မျက်လုံးအစုံကို မှိတ်ထားလိုက်မိ၏။ ငုတ်တုတ်ထိုင်နေသည့်သူမနံဘေးမှာ File ပွင့်၍ စာ





ရွက်တွေ ပြန့်ကျဲသွားသော်ငြား ဘာတစ်ခုကိုမှ ပြန်မကောက်ဖြစ်။ တဒိတ်ဒိတ်ခုန်ပေါက်နေသည့်ရင်ခုန်သံတို့ကို ငြိမ်သက်မှုရှိစေရန် ငြိမ်ငြိမ်လေးဆက်ထိုင်နေစဉ် သူမဘေးသို့ ကားထဲမှလူတစ်ယောက် ရောက်လာလေသည်။

"ဘာဖြစ်သွားလဲ၊ ထလို့ရရဲ့လား"

တည်ငြိမ်အေးဆေးစွာမေးလာသည့်အသံကြောင့် မျက်လုံးအစုံကိုဖွင့်၍ မော့ကြည့်လိုက်မိ၏။ သူမကိုငုံ့ကြည့်နေသည့် မျက်ဝန်းအစုံနှင့် ခန့်ထည်ချောမောလွန်းပါသည့်မျက်နှာတစ်ခုကို ရုတ်တရက်တွေ့လိုက်ရစဉ် မှားပြီဟု အာရုံက အလိုလိုသိလိုက်ရလေသည်။ ဖျတ်ခနဲ ကားနံပါတ်ကိုကြည့်လိုက်မိတော့ သူမ အလွတ်ကျက်ထားသည့်နံပါတ်တွေပါပဲ။ ဒါပေမဲ့. . . လူက. . . လူက, သူမမြင်ဖူးထားတဲ့ဓာတ်ပုံထဲက လူကြီးမဟုတ်သည့်လူငယ်တစ်ဦးဖြစ်နေလေ၏။

သွားပါပြီ. . . စချီကတည်းက တလွဲတချော်ပါပဲလားဟယ်။ သူမဘေးမှစာရွက်တွေကို အမြန်ပြန်ကောက်၍ သိမ်းကျုံးထရပ်လိုက်စဉ် သူက ရှေ့တစ်လှမ်းတိုးလာလေသည်။

"ကိုယ်မေးနေတာ ဖြေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ဟို. . . ဟိုဥစ္စာ. . . ဘာမှမဖြစ်ပါဘူး"

သူမခြေလှမ်းကိုနောက်ပြန်ဆုတ်၍ လစ်မည်ကြံရွယ်စဉ် သူက လက်နှစ်ဖက်ကာ၍ တားဆီးလိုက်လေသည်မို့ မျက်လုံးဝိုင်းလေးတွေ အစုံပြူးသွားရတော့၏။ ပြဿနာပဲ. . . လွဲချော်မှုက အတော့်ကို တလွဲဖြစ်သွားပါရောလား။

"ဘယ်သွားမလို့လဲ"

"ပြန်တော့မယ်ရှင့်"

"မင်း, ဒီကိုဘာလာလုပ်တာလဲ"

"ဟို! အလုပ်လာလျှောက်တာပါ။ ဒါပေမဲ့. . . အင်း"

လန့်ရှိန်မပြေသေးသည့်ချာတိတ်မလေးကို ငုံ့ကြည့်ရင်း သူ့ ပြုံးလိုက်မိ၏။ တကယ့်ကိုချစ်စဖွယ်နှင့် အပြစ်ကင်းစင်လွန်းသည့် ရုပ်လေးပါလား။ ခပ်တိုတိုညှပ်ထားသည့်ဆံပင်တို့က နက်လည်းမနက်၊ ညိုလည်းမညိုဘဲ ကြားရောင်။ ရှပ်လက်တိုအကွက်လေးကို လုံချည်အနက်ဖြောင်နှင့်တွဲဝတ်ထားပြီး ခြေထောက်မှာ ကတ္တီပါဖိနပ်အပါးလေးစီးထားတာမို့ သာမန်လူတန်းစားအဖြစ်, မြင်ရုံနှင့် သိသာစေနိုင်ပါ၏။

သူ့ကိုမော့ကြည့်နေသည့်မျက်လုံးဝိုင်းဝိုင်းလေးများမှ စိုးရွံ့





မှု၊ ကြောက်လန့်မှု၊ အားငယ်သိမ်မွေ့မှုတို့က အထင်းသား။

"မင်း, မန်နေဂျာနဲ့ဝင်တွေ့ခဲ့ပြီးပြီလား"

"ဟင့်အင်း. . . ဟိုလေ, အပေါက်စောင့်တဲ့အစ်ကိုကြီးက သို့ကိုပြောလိုက်တယ်။ အလုပ်က နေရာလွတ်မရှိတော့ဘူးတဲ့။ ခန့်ပြီးပြီပြောလိုက်လို့ သီ,ပြန်ထွက်လာတာ။ အဲဒါ. . ."

သူမလက်ညှိုးလေးက သူ့ကားကိုညွှန်ပြလိုက်ပြီး မရဲတရဲလေး ပြုံးကာ ခေါင်းညွတ်အရိုအသေပြုလိုက်ပါ၏။

"သီ,သွားတော့မယ်ရှင့်"

သူမကိုယ်ကို လှည့်ထွက်လိုက်စဉ် သူ့လက်တစ်ဖက်က သူမလက်ကောက်ဝတ်ကို ဖျတ်ခနဲဆုပ်ကိုင်လိုက်လေ၏။ ဖျန်းခနဲ ရဲတက်သွားသည့်မျက်နှာနှင့်အတူ သူမလက်ကို ဆောင့်ရုန်းလိုက်မိသည်။

"နေဦးလေ, sorry. . . ကိုယ်က မင်းထွက်သွားမှာစိုးလို့ ဆွဲလိုက်မိတာပါ"

သူက လက်ကိုအမြန်ပြန်လွှတ်ပေးလိုက်ပြီး တောင်းပန်လိုက်ပါ၏။ သူမက သူ့ကိုပို၍ကြောက်လန့်ဟန်ဖြင့် စိုးရိမ်စွာမော့ကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က Monsoon ရဲ့ GM မိုးရိပ်ပါ။ မင်းအလုပ်လာလျှောက်တဲ့ကိစ္စအတွက် ကိုယ်ကူညီနိုင်ပါလိမ့်မယ်"

"ရှင်! "

သူမမျက်လုံးလေးပြူးသွားရုံမျှမက နှင်းဆီငုံနှုတ်ခမ်းပါးလေးပါ ခပ်ဝိုင်းဝိုင်းလေး ဟသွားပါလေ၏။ ဗုဒ္ဓေါ! GM မိုးရိပ် ဆိုပါလား။ အန်တီပြောလိုက်တုန်းက ဦးမိုးညိုပဲ ဒီမှာရှိတာဆို။ အဲဒီ ဦးမိုးညိုနဲ့ရင်းနှီးပတ်သက်အောင်လုပ်ပြီး ဒီအလုပ်ကိုသေချာရမှနောက်ထပ်လုပ်စရာတွေကို ဆက်လက်ညွှန်ကြားမယ်လို့ပြောခဲ့တာပဲ။ ခုတော့. . . ဘယ်ကနေဘယ်လို ဒီမိုးရိပ်ဆိုတာက ပေါ်လာတာလဲ။ သူမဟွေ့ဆုံရမည့် ဦးမိုးညိုက ဘယ်မှာလဲ။

"လာလေ"

သူက မေးဆတ်ခေါ်လိုက်ပြီး ကားသော့ကို ကားပါကင်မှ staff လက်ထဲသို့ထည့်ပေးလိုက်ကာ ခြေလှမ်းကိုစတင်၏။ 'ကြောင်စီစီဖြင့် ရပ်ကျန်နေခဲ့သည့်သူမကို နောက်ပြန်လှည့်ကြည့်ကာ စောင့်နေသဖြင့် သူမသတိဝင်သွားလျက် အပြေးတစ်ပိုင်းဖြင့် လိုက်ခဲ့ရလေသည်။

Doorman ဖွင့်ပေးသည့်မှန်တံခါးမှဝင်ကာ Lift ထဲဝင်တော့





သူမက တွန့်ဆုတ်တွန့်ဆုတ်ဖြင့် သူ့နောက်ပါးမှာ ကပ်ပါလာလေ၏။ ငြိမ့်ခနဲဖြစ်သွားသည့် Lift ထဲမှ steel bar တန်းကို လက်သွယ်သွယ်လေးဖြင့်ဆုပ်ကိုင်ထားဟန်က အားတင်းနေပုံပင်။

ဘယ်လုပ်ရမည်၊ ဘယ်လိုပြောရမည်၊ ဘယ်လိုပြန်ဖြေရမည် ဟုအလွတ်ကျက်မှတ်လာသည့်စကားလုံးတွေက ခေါင်းထဲမှ ကြက်ပျောက်ငှက်ပျောက်,ပျောက်ကုန်လေပြီ။ ဘာများဆက်လုပ်ရပါ့ ဟူသည့်အတွေးပေါင်းစုံဖြင့် ဦးနှောက်က ထူပူလာကာ မူးနောက်နောက်ဖြစ်လာစဉ် Lift က ရပ်တန့်သွားလေ၏။

ဝေါခနဲပွင့်သွားသည့်တံခါးပေါက်မှ သူထွက်သွားတော့ သူ့နောက်မှ ခပ်ကုပ်ကုပ်လေးလိုက်လာရလေသည်။ Hall ထဲမှ ဝန်ထမ်းတွေက GM နှင့်အတူပါလာသည့်ကောင်မလေးကို အကဲခတ်နေကြသလို GM ကိုမတ်တတ်ရပ်၍ကြိုဆိုကာ နှုတ်ဆက်လိုက်ကြပါ၏။

"Good morning ပါ. . . GM"

"Morning . . . ပါ"

သူက သူ့ရုံးခန်းတံခါး door lock ကို လှည့်ဖွင့်လိုက်ပြီး သူမကိုခေါင်းဆတ်ခေါ်လိုက်တော့ သူမက မျက်လွှာလေးအသာချ



www.burmeseclassic.com

www.burmeseclassic.com



ပါးလေးကို သွားဖြင့်အသာကိုက်ထားလိုက်မိသည်။ ဒုက္ခပါပဲ. . . အစီအစဉ်တွေက အကုန်ကပြောင်းကပြန်ဖြစ်ကုန်မှတော့ တပ်ဆုတ်တာ အသင့်တော်ဆုံးပါလေ။

"သီပြန်တော့မယ်။ သို့ Form တွေပြန်ပေးပါရှင့်"

"ဘယ်လိုဖြစ်တာလဲ. . . နေပါဦး"

"သီမှ အလုပ်မရနိုင်တာ။ ဒီမှာဆက်နေစရာ ဘာအကြောင်းမှမရှိဘူးလေ။ အဲဒီ Form တွေကို Photo ဆွဲရတာ တစ်စောင်ကို (၅၀)တောင်ပေးရတာရှင့်။ အလုပ်မရဘဲနဲ့တော့ အလကားအဆုံးမခံနိုင်ပါဘူး. . . ပေး"

သူမက လက်ဝါးလေးဖြန့်၍တောင်းလိုက်တော့ သူက Form ကိုင်ထားသည့်လက်ကို ရင်ဘတ်နားထိကပ်ကာ ရှောင်လိုက်ပါ၏။ ဇင်ယော်တောင်ပံမျက်ခုံးနှစ်ခုက ဖျတ်ခနဲ ချိုးချလိုက်လေသည်။ အတော့်ကိုလှပသည့် မျက်နှာလေးပါလား။

"မင်းကိုအလုပ်မပေးဘူးလို့များ ကိုယ်ပြောမိသလား ပုလဲသီ"

"ရှင်ပဲ သို့ပညာလောက်လေးနဲ့ မရနိုင်ဘူးဆို"

ခြေတစ်ဖက်ဆောင့်ခနဲလုပ်ပြီးမှ သူမဟာသူမ ရှက်သွေးဖြာသွားရ၏။





မဟုတ်သေးဘူး။ အန်တီသင်ပေးလိုက်တာက မျက်နှာလေးငယ်ငယ်ထား၊ မိသားစုစားဝတ်နေရေး မပြေလည်တဲ့အကြောင်း မျက်ရည်လေးတလည်လည်နဲ့ပြောပြပြီး မရမကအလုပ်တောင်းရမှာလေ။ ခုတော့. . . အလုပ်ရှင်ရှေ့မှာ ခြေဆောင့်ပြီး နှုတ်ခမ်းစူစိတ်ကောက်ပြနေမိပါရောလား။

"ဟင်းဟင်း. . . မင်းနဲ့သင့်တော်မယ့်နေရာမှာ ကိုယ်ခန့်ပေးမှာပေါ့ကွာ။ သူများအဆူအငေါက်ခံရရင်၊ ပြေးရလွှားရနဲ့ ညောင်းရင် မင်းညည်းညူလို့တော့ မရတဲ့နေရာတစ်ခုပေါ့။ မင်းက ပေါ့ပါးပြီး သွက်လက်မယ့်ရုပ်လေးပါ"

သူမမျက်လုံးလေးများ လက်ခနဲလင်းသွားပါ၏။ စူတူတူနှုတ်ခမ်းလေးများ လှစ်ခနဲပြုံးလိုက်သည်ကို သူ့အသေးစိတ်စောင့်ကြည့်နေမိသည်။

ကဲ! ဘယ့်နှယ်ရှိစ။ တစ်ဆက်လုံးတည်ငြိမ်နေခဲ့သည့် ရင်ခွင်ပင်လယ်ပြင်ကြီးကို လှိုင်းဂယက်လေးများ လှုပ်ခတ်ထလာအောင် ဤမိန်းကလေး၏အပြုံးလေးက စွမ်းဆောင်နိုင်နေပါရောလား။

သွားပြီ. . . မိုးရိပ်ရေ။ မင်းတော့ ဘာမဟုတ်တဲ့ကောင်မလေးတစ်ယောက်ရှေ့မှာ ဒူးထောက်အရှုံးပေးမိရင်ဖြင့် လေပြည်၏



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှော်လှော်ရယ်သံအောက်မှာ ကျဆုံးရတော့မယ်ထင်ပါရဲ့။

"တကယ်. . . တကယ်လားဟင်"

"တကယ်ပေါ့"

"ကျေးဇူးတင်လိုက်တာရှင်။ အရမ်းကိုကျေးဇူးတင်လိုက်တာ တကယ်ပါပဲ။ ပြောလို့တောင် မပြောတတ်တော့ဘူး။ သို့မှာအရေးတကြီးအလုပ်လိုချင်နေတာရှင့်။ အလုပ်ရမှ ပိုက်ဆံရမှာလေ။ သီ, ဘာပဲလုပ်ရလုပ်ရပါရှင်။ တံမြက်စည်းလှဲ၊ သန့်ရှင်းရေးလုပ်၊ အိမ်သာပဲဆေးရဆေးရ, မညည်းညူလုပ်ပါ့မယ်"

"ဟိုး,ဟိုး. . . တော်ပါပြီကလေးမရဲ့။ Cleaning staff က သီးသန့်ရှိပြီးသားပါ။ ဒီလောက်ထိ မင်းလုပ်ဖို့မလိုပါဘူးလေ"

"ဒါဖြင့် သီ, ဘယ်တော့အလုပ်ဆင်းရမှာလဲဟင်"

"မနက်ဖြန်မနက် (၉)နာရီပေါ့ ပုလဲသီ"

"ဟုတ်! သီအချိန်မီရောက်အောင် လာခဲ့ပါ့မယ်ရှင့်။ ခွင့်ပြုပါဦး"

သူမက ခါးကလေးပါညွတ်၍ ရှိသေသမှုပြုကာ အခန်းထဲမှ အပြေးထွက်သွားလေ၏။ CV Form ပေါ်မှ အဖြူအမဲ PastPost ပုံလေးကိုငုံ့ကြည့်နေရင်းမှ သူပြုံးနေမိလေသည်။





ဒက်ဒီရေ. . . ဒက်ဒီရှာပေးတဲ့ လေပြည်ဆိုတဲ့မိန်းကလေးလောက် ပုလဲသီက လှလည်းမလှပါဘူး၊ ပြည့်လည်းမပြည့်စုံပါဘူး ဒက်ဒီ။ ဒါပေမဲ့သူ့ဆီမှာ လေပြည့်ထက်သာတဲ့ အရည်အချင်းတွေတော့ ရှိနေတာအမှန်ပါ။ အဲဒါဟာ ဘာလဲဆိုတော့ မိုးရိပ်ဆိုတဲ့ ဒက်ဒီ့သားရဲ့နှလုံးသားကို ရှင်သန်လာစေအောင် ပုတ်နှိုးနိုင်တဲ့ အစွမ်းသတ္တိတွေရှိနေလို့ပါပဲ။

သေချာပါတယ်။ တည်ငြိမ်ရင့်ကျက်ပါတယ်ဆိုတဲ့သူ့မျက်နှာထက်မှာ ကြည်လင်တဲ့အပြုံးတွေကို ဖြစ်တည်လာစေခဲ့တာ ပုလဲသီကြောင့်ပဲ မဟုတ်လား။ ပျာလောင်ခတ်ကာ မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် စိတ်အလောတကြီးလုပ်တတ်တဲ့မိန်းကလေးနဲ့ ပွန်းနံရာထူးက အလိုက်ဖက်ဆုံးဆိုတာ ဒက်ဒီလက်ခံမှာပါနော်။



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ခြင်းတိမ်နောက်ကွယ်မှာ. . .

## အခန်း ( ၂ )

တစ်ဖက်ခြံထဲရှိ စတိုးဆိုင်မှ လှမ်းခေါ်နေသည်မို့ ထမင်းချိုင့်ထည့်နေရင်းမှရပ်ကာ သူမပြေးထွက်လာခဲ့သည်။ မခိုင့်က ပြုံးပြလိုက်ပြီး ဘေးချထားသည့်ဖုန်းကို ညွှန်ပြလိုက်လေ၏။

"ဟဲလို"

"သမီး, ပုလဲလား"

"ဟုတ်ပါတယ်အန်တီ"

"အခြေအနေဘယ်လိုလဲသမီး။ Ok ရဲ့လား"

"ဟုတ်ကဲ့. . . အလုပ်တော့ရခဲ့တယ်အန်တီ။ အန်တီပြော



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာပါပဲ"

"ဟုတ်လား! သမီးက ဘယ်ဆိုးလို့လဲ။ အန်တီဆင်ပေးတဲ့ခွင်နဲ့ ကွက်တိဝင်သွားတာပေါ့လေ"

"မဟုတ်ဘူးအန်တီရဲ့။ သီ့အန်တီပြောတဲ့အတိုင်း လုပ်လိုက်တာပဲ။ အဲဒါ. . . ဒါပေမဲ့, သီနဲ့တိုးတာ ဦးမိုးညိုတော့မဟုတ်ဘူး"

"ဟင်! ဘယ်သူနဲ့တွေ့လို့လဲ"

"ဦးမိုးညိုရဲ့သား. . . ဦးမိုးရိပ်နဲ့"

"ဟောတော်. . . ဖြစ်ရလေ"

အန်တီက ဘာကိုသဘောကျမှန်းမသိ။ တဟင်းဟင်းဖြင့် ရယ်နေလေ၏။ သူမလက်မှနာရီကိုကြည့်လိုက်တော့ (၇)နာရီခွဲမနေပေပြီ။

"အဲဒါလည်း မဆိုးပါဘူးသမီးရဲ့။ ပိုတောင်မှအဆင်ပြေသေး။ ဦးမိုးညိုက ဘုကလန့်ကြီးမို့ သမီးအလုပ်ရဖို့အခက်အခဲရှိမှာ။ ခုတော့ ပိုပြီး Ok သွားတာပေါ့။ ဘယ်တော့ အလုပ်ဆင်းရမှာလဲ"

"အခုပဲ အန်တီ။ သီ့ (၉)နာရီအရောက်ဝင်ရမှာ"

"ဟုတ်လား. . . ချက်ချင်းပဲ အလုပ်ဆင်းရပြီပေါ့လေ။ ကဲကဲ . . . ဒါဖြင့်လည်း သွားတော့သမီးရေ။ အလုပ်ကိုအဆင်ပြေ





အောင်လုပ်နော်။ နောက်မှ အန်တီလိုအပ်တာ ညွှန်ကြားပါ့မယ်"

"အန်တီ. . .. မေမေ့ရော နေကောင်းရဲ့လားဟင်။ သက်သာရဲ့လား"

"အေး. . . အားရှိအောင် နားခိုင်းထားတာလေ သမီးရဲ့။ ဒီလကုန်ပတ်လောက်တော့ ခွဲဖြစ်မှာပါ။ စိတ်မပူပါနဲ့။ အန်တီတစ်ယောက်လုံးရှိပါတယ်။ သမီးသာအဆင်ပြေအောင်နေနော်။ ကြားလား"

"ဟုတ်"

"အချိန်မရှိတော့ဘူး၊ ဖုန်းချလိုက်တော့သမီး။ ညနေ အိမ်ပြန်ရောက်တာစောရင် အန်တီ့ဆီဖုန်းခေါ်လိုက်ပေါ့။ သမီးမေမေနဲ့စကားပြောရအောင်နော်"

"ဟုတ်ကဲ့အန်တီ"

သူမ, ဖုန်းဖိုးမှတ်ခိုင်းထားပြီး အိမ်ကိုအမြန်ပြေးခဲ့၏။ သစ်သားအိမ်လေး၏ တံခါးတွေ၊ ပြတင်းပေါက်တွေကို သေချာပိတ်ကာ ထမင်းချိုင့်ယူ၍ ကားဂိတ်သို့ထွက်လာခဲ့သည်။ ရုံးချိန်မို့ ကျပ်ညပ်နေသည့်ကားတွေထဲ တိုးမတက်လျှင်ဖြင့် ဤနေ့ ကုမ္ပဏီစဆင်းရမည့်ရက်မှာ နောက်ကျနေပေလိမ့်မည်။ အနေတော်သာ ကျပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည့်ကားကြီးတစ်စီးပေါ် သူမတိုး၍တက်စီးလာခဲ့၏။ အိတ်ကပ်ထဲမှ နှစ်ရာတန်ကို စပယ်ယာဆီပေးလိုက်တော့ ရှေ့ကိုတိုးခိုင်းနေသဖြင့် တိုးဝင်လာခဲ့ရသည်။ ဆင်းရမည့်မှတ်တိုင်ရှေ့ တစ်မှတ်တိုင်အလိုမှာကတည်းက ကျပ်သိပ်နေသည့်လူအုပ်ကြားမှ တိုးလာခဲ့၏။

Platform ပေါ်မှာ ခြေချမိစဉ် ကားကထွက်သွားချေပြီ။ ဟိုက်! ပြန်အမ်းငွေတစ်ရာကို မတောင်းမိလိုက်ပါလား။ သွားပြီ။ ညနေပြန်စရာလမ်းစရိတ်မရှိမှတော့ ခြေလျင်လျှောက်ပြီး ပြန်ရင်ဖြင့် လျှာအပြားလိုက်ထွက်ရုံပါပဲ။

သေစမ်း! ဒီနမော်နမဲ့နိုင်တဲ့အကျင့်ကို ဖျောက်ပါလို့မေမေအတန်တန်သတိပေးထားပါလျက် မေ့ရတယ်လို့ ပုလဲသီရယ်။ သက်ပြင်းတစ်ချက်ကိုဆောင့်အောင့်ချလိုက်ပြီး ကားမှတ်တိုင်မှ ရှေ့ဆက်လျှောက်ကာ ကားလမ်းမကိုကူးလာခဲ့၏။ တံခါးပေါက်မှာ စောင့်နေသည့်လူက သူမကိုမှတ်မိပုံဖြင့် စပ်စုလေသည်။

"အမယ်! ညည်း,အလုပ်ရသွားပြီပေါ့လေ"

"ဒါပေါ့ အစ်ကိုကြီးရဲ့။ သီက ဒီကုမ္ပဏီမှာလုပ်ဖို့ ဇာတာပါပါတယ်ရှင့်"

"နေပါဦး, ညည်း,ဘယ်နေရာရသွားတာလဲ"





"ပါလေရာ ငါးပိချက်ရာထူးပေါ့ရှင့်"

"အေးပါ, ကြွားထား. . . ကြွားထား။ နောက်မှ ဖိုးကျော်လိုခြေသလုံးကြွက်သားတွေတင်းပါပြီလို့မအော်နဲ့ပေါ့"

"ဘယ်က ဖိုးကျော်လဲ"

"အခု ညည်းရသွားတဲ့နေရာကလေ။ သူ DSA လျှောက်တာရသွားလို့ ညည်း,ဒီနေရာရတာပေါ့ဟ။ အမှန်ဆို. . . ဒီနေရာကိုယောကျ်ားလေးပဲခန့်တာ။ ညည်းအတော့်ကိုကံကောင်းတယ်မှတ်"

ဟုတ်တာပေါ့။ သီ,အတော့်ကိုကံကောင်းတာပါပဲလား။ လိုချင်သည့်နေရာကို ရှောရှောရှူရှူနဲ့ရသွားတာ နည်းနည်းနောနောကံမဟုတ်။ အဲ! GM ရဲ့စူးရှတဲ့မျက်လုံးတွေနဲ့ ရင်ဆိုင်ခဲ့ရတာကလွဲရင်ပေါ့လေ။

ဖွင့်ပေးသည့်မှန်တံခါးမှ ဝင်လာခဲ့တော့ အောက်ထပ်မှာကဧည့်ခန်းကျယ်ကြီးနှင့် ကုမ္ပဏီမှရောင်းသည့်လျှပ်စစ်ပစ္စည်း show-room ကြီးရှိနေ၏။ ရုံးခန်းတွေက အပေါ်ထပ်မှာမို့ လှေကားထစ်တွေမှ ခပ်သွက်သွက်လေးတက်လာခဲ့သည်။

ဖွင့်ထားသည့်တံခါးဝမှာရပ်၍ ရှုတ်တရက် အထဲကိုမဝင်ရဲသေးဘဲ ရပ်ကြည့်နေမိ၏။ Hall ထဲမှာ ရှိနေသည့်ဝန်ထမ်းတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက်မှမသိ။ ဘယ့်နှယ်လုပ်ရပ့်။ လုပ်ရမယ့်အလုပ်က ပျာတာဆိုတော့ သူများခိုင်းသမျှ မနားမနေလုပ်ရမှာပါပဲ။ စိတ်ကလေးကိုတင်းကာ Hall ခန်းထဲ ခပ်မှန်မှန်လေးဝင်လာခဲ့သည်။

(၉)နာရီထိုးရန် (၁၅)မိနစ်လိုနေသေးပါသော်လည်း ရုံးခန်းထဲမှာ လူအတော်စုံနေချေပြီ။ အလုပ်တွေလည်း ကိုယ်စီကိုယ်ငှ လုပ်နေကြပြီမို့ သူမ, မယုံနိုင်စွာဖြင့် နာရီကိုပြန်ငုံ့ကြည့်လိုက်ပြန်၏။

ဟုတ်ပါတယ်. . . သို့,နာရီမရပ်ပါဘူး။ စက္ကန့်တံလေးက တချက်ချက်နဲ့သွားနေတာပါပဲ။

"ဟေ့. . . အဲဒီမှာဘာရပ်လုပ်နေတာလဲ။ ခုမှရောက်လာရလား"

"ရှင်! "

ဓာတ်လှေကားထဲမှထွက်လာသည့်လူကြီးက သူမကိုလှမ်းအော်လိုက်သည်မို့ လန့်ဖျပ်ကာ ဘာလုပ်ရမည်မှန်းမသိဖြစ်သွားရ၏။ လက်ထဲမှာကိုင်ထားသည့်စတီးသုံးဆင့်ချိုင့်ကို ဟိုဒီထားရမလိုဖြင့် ပျာနေသည်မို့ ထိုလူကြီးက,ခါးထောက်ကာ သူမအနားမှာလာရပ်လိုက်လေသည်။





"နေစမ်းပါဦး, မင်းကို ငါမတွေ့ဖူးပါလား"

"ဟုတ်! သီက ဒီနေ့မှအလုပ်ဆင်းတာပါ"

"ဟ. . . အလုပ်ဆင်းတာက (၈)နာရီရောက်အောင် မလာဘဲ ခုမှရောက်ရသလား"

"ဟို. . . ဟို"

"အဲဒါတွေပေါ့။ အလုပ်ကဖြင့် စဆင်းမယ်မကြံသေးဘူး။ အချိန်ကိုမလေးမစားလုပ်နေပြီ။ မင်းသိထားဖို့က အချိန်ဆိုတာ တန်ဖိုးရှိရှိအသုံးချ,ချ. . . "

"ဂျာကြီး. . . ဘာတွေပွားနေပြန်ပြီလဲ"

ဓာတ်လှေကားထဲမှထွက်လာသည့် သူ့ကိုမြင်လိုက်သည်နှင့် သူမမျက်နှာငယ်လေး ချက်ချင်းလန်းသွားရလေ၏။ အားလုံးမတ်တတ်ရပ်လိုက်ကြသလို သူမအနီးမှ လူကြီးပါ တရိုတသေအမူအရာပြလိုက်သည်မို့ သူမက ခါးညွတ်ပြလိုက်လေသည်။

"Good morning မိုးရိပ်"

"Morning . . . ဇေယျ။ ဒါ,ငါခန့်ထားတဲ့ staff အသစ်လေးပါ။ သူ့ကို ဒီအချိန်မှလာခိုင်းထားတာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်လာခဲ့ ပုလဲသီ။ မင်းရဲ့ထမင်းချိုင့်ကို ဟိုထောင့်ခန်းထဲက စင်ပေါ်မှာသွားထားလိုက်။ အဲဒါ dinning room ပဲ"

"ဟုတ်"

ဇေယျက သူနှင့်အတူပါလာပြီး ရုံးခန်းထဲသို့လိုက်လာလေ၏။ Attachecase ထဲမှ File တွေကိုထုတ်၍ စားပွဲထက်တင်ကာ သေတ္တာကို အခန်းထောင့်ရှိ စားပွဲပေါ်မှာတင်လိုက်သည်။

ဇေယျက သူ့စားပွဲရှေ့ခုံမှာ ဝင်ထိုင်လိုက်ပြီး မျက်နှာက ဇဝေဇဝါ. . .

"နေပါဦး မိုးရိပ်ရ။ ဒီလက်တောင့်လောက် ကောင်မလေးကို မင်း, ဘယ်နေရာမှာခန့်လိုက်တာလဲ"

"ဖိုးကျော်နေရာပေါ့"

"ဘာရယ်. . . ဒီလိုနေရာမျိုးက ယောကျ်ားလေးတွေပဲ ခန့်ရတာလေကွာ။ အန်ကယ်ပြန်ရောက်လာရင်တော့ မင်း,အပွမ်ခံရတော့မှာပဲ"

"ဒါ,ငါ့ကိစ္စပါ ဇေယျရဲ့။ မင်းအနေသာကြီးပါ"

"မင်းကတော့လေ"

ဇေယျ ဘာမှဆက်မပြောခင်မှာ အခန်းထဲသို့ သူမရောက်





လာပါ၏။ လုံချည်မီးခိုးရောင်ဖျော့ဖျော့ကို ရှပ်လက်တို မီးခိုးရောင်အကွက်စိပ်စိပ်လေးဖြင့်တွဲဝတ်ထားပေမယ့် နုငယ်ပျိုမျစ်သည့်နဂိုအလှလေးက သိသာထင်ရှားနေပါသည်။ သူမက သူ့စားပွဲဘေးမှာ လာရပ်လိုက်လေ၏။

"ကိုယ်ပြောမယ်. . . ပုလဲသီ။ မင်း (၉)နာရီစရောက်ပြီဆိုတာနဲ့ ကိုယ့်ရုံးခန်းထဲမှာ သန့်ရှင်းရေးလုပ်ပေးရမယ်။ မှန်တွေကို တိုက်တာကအစ၊ ကြမ်းတွေကိုလည်း ဖုန်စုပ်စက်နဲ့ရှင်းပေးရမယ်၊ ကြက်မွေးနဲ့ စားပွဲပေါ်တွေ၊ File ပေါ်တွေကို ခါပေးရမယ်။ စနစ်တကျမရှိတာတွေကို အမြင်တင့်တယ်အောင် စီပေးရတာတွေလုပ်ရမယ်။ ကိုယ်ခိုင်းတာတွေအားလုံးပြီးမှ Hall ထဲမှာ သူများခိုင်းတာတွေလုပ်ပေးရမှာ။ ဘယ်လိုလဲ. . . လုပ်နိုင်မလား"

"ဟုတ်! လုပ်နိုင်ပါတယ်ရှင့်။ ဒါပေမဲ့"

"ဘာပြောချင်လို့လဲ"

"မဟုတ်ပါဘူး, သန့်ရှင်းရေးလုပ်သား သီးသန့်ရှိတယ်ဆိုပြီး သို့ကိုခိုင်းတာကိုအံ့ဩမိလို့ပါ"

"အဲဒီ staff တွေက ကိုယ်နဲ့ဒက်ဒီ့ရုံးခန်းထဲကို ဝင်ခွင့်မရှိဘူး ပုလဲသီ။ ဒက်ဒီက Secretary ရှိတော့ ဒက်ဒီ့ရုံးခန်းကို သူရှင်းပေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုယ့်မှာက ဘာ Secretary မှ ခန့်မထားတော့ ရှင်းပေးမယ့် လူမရှိဘူး။ ဒါကြောင့် မင်းကိုခိုင်းတာ၊ ရှင်းပြီလား"

"ဟုတ်! ရှင်းပါပြီ"

"ဒီနေ့. . . မင်းအလုပ်စဆင်းမှာကို ဘယ်သူမှမသိသေးလို့ ကိုယ်စောစောရောက်လာတာပဲ ပုလဲသီ။ နောက်နေ့ကစပြီး ကိုယ် ရောက်မလာခင် အခန်းရှင်းပြီးသားဖြစ်နေပါစေ။ ဒီနေ့တော့ ထား လိုက်ပါ။ ဟောဒါ မန်နေဂျာကိုဇေယျပဲ။ မင်း,သူနဲ့လိုက်သွားလိုက် ပါ။ ဝန်ထမ်းတွေနဲ့ သူ,မိတ်ဆက်ပေးလိမ့်မယ်။ ဟုတ်ပြီလား"

"ဟုတ်"

ဇေယျက သူ့ကိုမကြည်သလိုတစ်ချက်ကြည့်လိုက်ပြီး ထရပ် လိုက်သဖြင့် စိတ်ထဲမှ ကျိတ်ပြုံးလိုက်မိ၏။

ဘယ့်နှယ်. . . ဝန်ထမ်းလေးတစ်ယောက် ခန့်မိပါတယ်။ ရေးကြီးခွင်ကျယ်နဲ့ ရစ်ချင်နေရတယ်လို့။ ဒက်ဒီ့တပည့် ပီသပါပေ ရဲ့။ သူ့,သူငယ်ချင်းဖြစ်နေပေလို့သာပဲ။ နို့မို့ ဘယ်လောက်တောင် Power တွေ စွတ်ပြနေမည်မသိ။

Hall ထဲရောက်တော့ အားလုံး၏အကြည့်က သူမထံပြုံကျ လာလေ၏။ မန်နေဂျာက လမ်းမအလယ်တည့်တည့်မှာရပ်၍ အား





လုံးနှင့်မိတ်ဆက်ပေးလိုက်လေသည်။

"အားလုံးမှတ်ထားကြပါ။ ဒါ, ဒီနေ့မှအလုပ်စတင်တဲ့ ပျွန်းန် အသစ်ပဲ။ နာမည်က ပုလဲသီတဲ့"

"ဟုတ်ကဲ့ပါ ဂျာကြီး"

"မင်းသွားနိုင်ပြီပုလဲသီ။ ကျန်တဲ့လူတွေရဲ့နာမည်တွေကို တော့ မင်းဟာမင်း,စုံစမ်းချည်တော့"

"ဟုတ်ကဲ့"

သူမက ဦးညွှတ်ပြီးမှ GM ရုံးခန်းထဲသို့ဝင်သွားလေ၏။ ဇေယျက လေသံကိုနှိမ့်၍ ဝန်ထမ်းတွေကိုတီးတိုးသတိပေးလိုက်ပါ သည်။

"သတိတော့ထားကြနော်. . . ဒီကောင်မလေးကို ငါခန့်တာ မဟုတ်ဘူး၊ GM ကိုယ်တိုင်ခန့်တာ။ ခိုင်းတာလည်း ကြည့်ခိုင်းကြ ဦး။ တော်ကြာ ပြဿနာတက်နေဦးမယ်"

ဝန်ထမ်းတွေက နားမလည်ကြဟန်ဖြင့် မန်နေဂျာကို မော့ ကြည့်လိုက်ကြသော်လည်း ဇေယျက သူ့ရုံးခန်းထဲသို့ဝင်သွားပါတော့ သည်။ သူ့ရုံးခန်းက MD ၏ဘယ်ဘက်အခန်းမှာဖြစ်ပြီး GM က ညာဘက်ခန်းမှာဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ File တွေကို Aluminium ဗီရိုရဲ့အပေါ်ဆုံးထပ်ထဲမှာ သိမ်းပေးပါ ပုလဲသီ"

"ဟုတ်ကဲ့ရှင့်"

သူမက Aluminium ဗီရို၏ အပေါ်အံဆွဲကိုသော့ဖွင့်၍ ဆွဲထုတ်လိုက်သည်။ သူ့စားပွဲပေါ်မှ File တွေကိုယူ၍ထည့်စဉ် ဗီရိုက မြင့်လွန်းသဖြင့် ခြေဖျားထောက်လိုက်ရ၏။ လက်ကိုမြှောက်၍ ထည့်ရန်ပြင်လိုက်စဉ် အပေါ်ဆုံးမှ File သုံးလေးခုက လျှောခနဲပြုတ်ကျသွားလေသည်။

"ပလုတ်တုတ်"

"ကျွတ်! ခက်တာပဲ. . . ပုလဲသီ။ ဒီလိုအချိုးမျိုးနဲ့ ဒက်ဒီရှေ့ မင်းလုပ်ရင်တော့ အပြောခံရမှာသေချာတယ်။ ဒက်ဒီက အလုပ်ကို တိကျသေသပ်စွာလုပ်မှကြိုက်တာကွ"

သူမ, သူ့ကိုလှည့်ကြည့်လိုက်တော့ လက်ထဲရှိ File ထပ် နောက်ထပ်လျှောကျသွားပြန်သဖြင့် သူခေါင်းခါလိုက်မိပြန်သည်။ လက်မှတ်ထိုးနေရင်းမှ ဘောပင်ကိုချ၍ သူမအနီးသို့လျှောက်လာခဲ့လေ၏။

"နေနေ. . . ကိုယ်ပဲထည့်တော့မယ်။ မင်းလက်ထဲက File





တွေကိုထပ်မကျဖို့ပဲ ဂရုစိုက်ပါ ပုလဲသီ"

သူမက ခေါင်းညိတ်လိုက်ပြီး လက်ထဲမှ File ထပ်ကို ထပ်မကျစေရန် ရင်ခွင်ထဲထည့်ပိုက်လိုက်ပါ၏။ သူက အောက်မှာကျနေသည့် File တွေကိုထပ်၍ အံဆွဲထဲ စီထည့်လိုက်ပါသည်။

"မင်း, ဘာသင်တန်းမှမတက်ဖူးဘူးလား ပုလဲသီ။ စာရင်းကိုင်ဖြစ်ဖြစ်၊ ကွန်ပျူတာဖြစ်ဖြစ်လေ"

"ဟင့်အင်း"

"သူများတွေဆိုရင် ဆယ်တန်းဖြေပြီးကတည်းက ဒီလိုသင်တန်းတွေတက်ကြတယ်ပုလဲသီရဲ့။ တချို့ဆိုရင် Secretary သင်တန်းတွေပါ တက်ကြတာ"

"သူတို့က ငွေရှိတော့ တက်နိုင်မှာပေါ့ရှင်ရဲ့။ သီက ဆင်းရဲတာကိုး။ ပြီးတော့ သီက အမေတစ်ခုသမီးတစ်ခုရှင့်။ ဒီကြားထဲ မေမေက ရောဂါသည်လေ။ အခုလည်း မေမေ့မှာ. . ."

သူမမျက်ရည်တို့ဝဲလာသည်မို့ မျက်လွှာကိုအသာချလိုက်ရ၏။ သူမမျက်နှာကိုငုံ့၍စိုက်ကြည့်နေဆဲ. . .

"ဆက်ပြောလေ, ပုလဲသီ"

"ဟင့်အင်း. . . မပြောရဲတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အန်တီမှာထားတာကို သတိရသွားလို့ပါ"

"မင်းမှာ အဒေါ်ရှိတယ်ပေါ့"

"ဟုတ်"

"အဒေါ်က ဘာလုပ်လဲ"

"ဆရာ. . . အဲ. . . ကျန်းမာရေးမှူးပါ။ မေမေ့ကို အန်တီပဲ စောင့်ရှောက်ထားတာ။ သီလည်း အရေးတကြီးငွေလိုနေတာနဲ့ အလုပ်ကို မရမကလိုက်ရှာခဲ့တာပါ"

"မင်း,ငွေလိုတဲ့အကြောင်း ခဏခဏပြောတယ်နော် ပုလဲသီ။ ဘာကြောင့်လဲ"

"ဟိုလေ"

သူက သူမလက်ထဲမှ File တွေကိုယူရန် လက်ကမ်းနေပြီမို့ သူမ,ပေးလိုက်ပါ၏။ ပင့်ကိုင်ထားသည့် File အောက်မှ လက်ဖမိုးကို သူအုပ်ကိုင်လိုက်သည်မို့ သူမမျက်နှာမှာ ရှက်အမ်းအမ်းအရိပ်လေး ဖြတ်ပြေးသွားလေသည်။

"မင်းက ကိုယ့်ဝန်ထမ်းဖြစ်နေပြီလေ ပုလဲသီ။ ဘာပဲဖြစ်ဖြစ် အလုပ်ရှင်နဲ့အလုပ်သမားမှာ ထိုက်သင့်တဲ့ပွင့်လင်းမှုနဲ့ ရင်းနှီးမှုမျိုး





ရှိရတယ်ကွ။ မင်းမှာ လျှို့ဝှက်ထားစရာကိစ္စတွေများ ရှိနေလို့လား"

"မဟုတ်ပါဘူး. . . ငွေလိုတယ်ဆိုတာက မေမေ့ကိုခွဲစိတ်ဖို့ ကိစ္စပါ"

"မင်းမေမေက ဘာဖြစ်လို့ခွဲရမှာလဲ"

"သားအိမ်မှာ အလုံးတည်တာတဲ့။ ခွဲစိတ်ခ ဆေးဖိုးအားလုံး ကျသင့်ငွေခြောက်သိန်းလောက်ရှိတယ်လို့ပြောတာ။ ဒီလောက်ငွေ ပမာဏကို ဘယ်လိုရှာရမလဲဆိုတာ မသိတော့ပါဘူး"

"ကိုယ်စိုက်ပေးမယ်လေ"

"အို! ဟင့်အင်း. . . မဖြစ်ပါဘူးရှင်ရဲ့။ တော်ကြာ ရှင့်အဖေ သိရင် အဆူခံနေရဦးမယ်"

"ကိစ္စမရှိပါဘူး ပုလဲသီရယ်။ ကျန်းမာရေးကိစ္စအတွက် ထုတ်ပေးမှာပဲဟာ။ နောက်မှ လခထဲကပြန်နှုတ်မှာပေါ့။ နေပါဦး. . . မင်း, ကိုယ့်ကို တရှင်ရှင်နဲ့မပြောစမ်းပါနဲ့ပုလဲသီ။ နားထဲမှာ ကန့်လန့်ကြီးဝင်နေတယ်"

"ဒါဖြင့် သီဘယ်လိုခေါ်ရမှာလဲ"

သူက အံဆွဲကိုပြန်ပိတ်၍ သော့ခတ်လိုက်ပါ၏။ သူ့မျက်နှာကိုမော့ကြည့်နေသည့်မျက်ဝန်းနက်လေးများကို စူးစိုက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တီးတိုးပြောလိုက်လေသည်။

"လောလောဆယ်မှာ အစ်ကိုဆရာလို့ပဲခေါ်ပါ. . . ပုလဲသီ။ နောက်မှပြောင်းခေါ်သင့်တဲ့နာမ်စားတစ်ခုခုကို ကိုယ်ပြောပါ့မယ်"

"ရှင်"

အံ့ဩဟန်လေးဖြင့် သူ့ကိုကြည့်နေသည့်မျက်ဝန်းလေးများထဲမှ ပုံရိပ်လေးတွေကို သူနားလည်အောင် ဖတ်နိုင်စွမ်းမရှိသေးပါချေ။

ဒါပေမဲ့. . . သေတော့သေချာပါတယ်ပုလဲသီ။ မင်းထံက 'ကိုကို' ဆိုတဲ့ခေါ်သံလေးတစ်ခုကိုပဲ ကိုယ်တောင့်တနေမိတာကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဝန်ခံပါရစေတော့နော်။



## အခန်း ( ၃ )

"ပုလဲရေ. . . ဒါကို Show Room ထဲက Supervisor ကို သွားပို့ပေးဦး။ ပြီးရင် ဒီနေ့ရောင်းရတဲ့စာရင်းစာရွက်ပါ တစ်ခါတည်းယူခဲ့နော်။ နားလည်ရဲ့လား"

"ဟုတ်ကဲ့ပါ မမသန်း"

သူမ, စာရွက်ထပ်ကိုယူ၍ Lift ထဲဝင်ကာ အောက်ဆုံးထပ်သို့ဆင်းလာခဲ့သည်။ Show Room ထဲရောက်တော့ Supervisor ကိုလိုက်ရှာရလေ၏။

"ဘေးကို. . . ဘေးကို"



www.burmeseclassic.com

www.burmeseclassic.com



Store Room ထဲမှ ပစ္စည်းတွေသယ်လာရင်း အော်လိုက်တော့၊ သူမ,တစ်ဖက်ကိုကပ်လိုက်စဉ် လူတစ်ယောက်၏ခြေထောက်ကို တက်နင်းမိလေသည်။

"အား. . . ဘယ်လိုဖြစ်တာလဲ"

သူမ ကြောက်လန့်တကြားဖြင့်ပြန်လှည့်လိုက်တော့ စောစောက ပစ္စည်းသယ်လာသည့်လူတွေထဲမှတစ်ယောက်၏ နောက်ကျောကိုဆောင့်သလိုဖြစ်သွားတော့သည်။

"ဟာ"

"ဂွမ်း! "

သွားပါပြီ။ သူမမျက်လုံးအစုံကိုသာ မှိတ်ချလိုက်တော့၏။ ထိုလူလက်ထဲမှပစ္စည်းတစ်ခုက လျှောကျ၍ကွဲသွားလေပြီ။

"ဟေ! မင်းဘယ်လိုဟာလေးလဲ။ ဒီမှာ ပစ္စည်းတွေသယ်လာတာ မတွေ့ဘူးလားကွ"

"ဟို. . . ဟို"

သူမ ဘာပြောရမှန်းမသိဖြစ်နေချိန်မှာပင် စောစောက ခြေထောက်အနင်းခံထားရသည့်လူက လှမ်းတားလိုက်လေသည်။

"ပစ္စည်းတွေသွားထားလိုက် စိုးနိုင်ရေ။ ဒေါ်အေးကို ဒီမှာ





သန့်ရှင်းရေးလာလုပ်ခိုင်းလိုက်။ မြန်မြန်. . . တော်ကြာအကုန် ခြေထောက်တွေစူးကုန်ဦးမယ်"

"ဟုတ်ကဲ့အစ်ကို"

"ကဲ! မရွှေချော။ ဘာကိစ္စနဲ့ ဒီ Room ထဲ ဝင်လာရတာလဲ"

"မမသန်းက ဒီက Supervisor ဆီကို လွှတ်လိုက်လို့ပါရှင့်"

"သန်းသန်းဆင့်လား"

"ဟုတ်"

"ဘာပေးမလို့လဲ။ ငါ Supervisor ကိုတင်မျိုးအောင်ပဲ"

"ဒါပေးခိုင်းလိုက်ပါတယ်ရှင့်"

"ပေး. . . နေဦး, မင်း,ဝန်ထမ်းအသစ်လား"

"ဟုတ်"

"အေး. . . မန်နေဂျာဆီသွားရမယ်။ ခဏစောင့်"

Supervisor က အခန်းတစ်ခုထဲ ဝင်သွားပြီးနောက် ချက်ချင်းပြန်ထွက်လာလေ၏။ ဒုက္ခပါပဲ. . . ဦးဇေယျနှင့်တိုးရမည်မို့ သူမအကျပ်ရိုက်နေမိတော့သည်။ နဂိုကတည်းက ဒီလူကြီးက သူမအပေါ် မကြည်လင်ရသည့်ကြားထဲ Lift မှတစ်ဆင့် အပေါ်ထပ်သို့ တက်လာပြီး မန်နေဂျာရုံးခန်းထဲဝင်ခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ တင်မျိုးအောင်"

"ဒီမှာလေ. . . ဒီကောင်မလေး လုပ်လိုက်တာ။ စိုးနိုင်သယ် လာတဲ့ပစ္စည်းတစ်ခု ကွဲသွားပြီ။ တန်ဖိုးက ငါးသောင်းကျော်ရှိတယ်"

"ဟော! "

ဇေယျမျက်ခုံးအစုံ ပင့်တက်သွားလေ၏။ ပြဿနာပဲ. . . ဒီနေ့ပဲ အလုပ်စဆင်းတယ်။ ပြဿနာကို အကြီးအကျယ်ရှာပါရော လား. . . ပုလဲသီ။ GM ကိုယ်တိုင်ခန့်ထားသည့်ကောင်မလေးကို ချက်ချင်းအလုပ်ဖြုတ်ချင်ပေမယ့် သူ့မလုပ်ရဲ။ သူငယ်ချင်းဖြစ်သူ မိုးရိပ်အကြောင်းကို သူအသိဆုံး။

"မင်းကတော့ တကယ့်မီးခဲပဲ။ ဒီပစ္စည်းဖိုး ဘယ်လိုပြန်လျော် ပေးနိုင်မလဲဟင်။ ရတဲ့လခလေးတော့ ပြုတ်တော့မှာပဲ ပုလဲသီ။ ငါနော်"

"ကျွန်တော် အောက်ပြန်ဆင်းတော့မယ်. . . ဦးဇေယျရေ"

"အေး. . . လာ, ညည်းတော့ MD ပြန်လာမှ ဒီအလုပ်က ပြုတ်ဖို့လမ်းမြင်တယ်"

ဟင်! စိတ်ပုတ်လိုက်တာ။ သိ,ရမယ့်လခကို သူပေးရတာကျ နေတာပဲ။ ရဲမြင်လိုက်ကတည်းက မျက်နှာကိုကြည့်ပြီး စိတ်ပုတ်မှန်း.





ကို သိသာနေပြီ။ GM လူကြီးသဘောကောင်းသလောက် သူ့လက် အောက်ငယ်သားတွေက သဘောပုတ်လှချည်လား။

အခန်းထဲဝင်လာသည့်ဇေယျနောက်မှာ ကုပ်ချောင်းချောင်း လေးလိုက်လာသည့်သူမကို လှမ်းမြင်လိုက်ရသည်။ ပုံစံလေးက အပြစ်တစ်ခုခုလုပ်လာသလိုလေးပါလား။

"ဘာလဲ ဇေယျ"

"မင်းဟာလေးလုပ်လိုက်တာ . . . . ကွဲသွားလို့တဲ့, တင်မျိုး အောင် လာပြောသွားတယ်။ ဒီလောက့်လျှပ်စီးလက်နေတဲ့ဟာလေး ကို ဘာစိတ်ကူးနဲ့များ မင်းအလုပ်ခန့်လိုက်သလဲမသိပါဘူး မိုးရိပ် ရာ။ မင်းတော့ အန်ကယ်ပြန်လာရင်. . . "

"ထပ်မရှည်ပါနဲ့"

သူဖြတ်ပြောလိုက်သဖြင့် ဇေယျ မှုန်ကုပ်ကုပ်ဖြစ်သွားလေ ၏။ သူမက နောက်မှနေ၍ ဇေယျကိုမျက်စောင်းထိုးလိုက်လေ၏။

ကဲ! ဘယ့်နှယ်ရှိစ. . . မန်နေဂျာကြီးရေ။

"သူက ငါခန့်ထားတဲ့ staff လေ။ တိုင်စရာရှိရင် ငါ့ကိုလာ တိုင်ပေါ့။ မင်းဘာမှပြောဖို့မလိုဘူး"

"မိုးရိပ်. . . ငါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီလာရင် သူ့ကိုခန့်ထားတဲ့ကိစ္စကို ငါကိုယ်တိုင်ပြောမယ်။ မင်းကြိုပြီးချွန်ဖို့မပြင်နဲ့နော်။ ငါပြောထားပါလျက်နဲ့ ဒက်ဒီတရှူးရှူးတရှဲရှဲထဖြစ်ရင် မင်းမလွယ်ဘူးမှတ်"

"အေး. . . ပြီးရော။ ငါ, အန်ကယ်မေးလာရင်တော့ ပြောလိုက်မှာပဲ"

ဇေယျက သူမကို မကြည့်သလိုတစ်ချက်ကြည့်ပြီး အခန်းထဲမှ ထွက်သွားလေ၏။ သူမက သူ့,ဆူတော့မည်မှန်းသိသဖြင့် လက်မလေးကိုကိုက်ကာ ငြိမ်နေမိသည်။

"ပုလဲသီ"

"ရှင်"

"လာ. . . ထိုင်ဦး"

"ဟုတ်"

"နောက်ကို ဒီလိုမျိုးထပ်မဖြစ်စေနဲ့နော်။ ဒက်ဒီသာရှိနေရင် မင်းကို အမေးအမြန်းမရှိ,ဖြုတ်လိုက်မှာသေချာတယ်။ သိလား"

သူမ ခေါင်းကိုညိတ်လိုက်ပါ၏။ သူက သူမမျက်နှာကိုငုံ့ကြည့်လိုက်ပါသော်လည်း သူမမျက်နှာလေးက သူ့ထံမော့ကြည့်မလာပါချေ။





"ပုလဲသီ"

". . . ."

"ကိုယ်ခေါ်နေတယ်လေ"

ဖျတ်ခနဲမော့ကြည့်လာသည့်မျက်ဝန်းများဆီမှ မျက်ရည်က ပေါက်ခနဲကျသွားလေ၏။ ဒုက္ခပါပဲ။ ဒီလောက်တင်းထားတောင်မှ ဒီမျက်ရည်က ကျရတယ်လို့။

"မငိုရဘူးလေ. . . ကိုယ်,မင်းကိုဆူနေတာမှမဟုတ်ဘဲ။ ဝန်ထမ်းအသစ်ဆိုတာ ဘာမှမသိ,မတတ်,နားမလည်သေးတာကို အားလုံးက ဝိုင်းသင်ပေးရမှာ. . . ဇေယျက သူ့ရာထူးအရှိန်အဝါနဲ့ ဒီလောက်တော့ပြောမှာပေါ့"

"သိ,သိပါတယ်"

"ဒါဖြင့် ဘာလို့ငိုရတာလဲ"

"အလုပ်ပြုတ်မှာစိုးလို့ပါ"

တိုးတိုးလေးပြောလိုက်တာကြောင့် သူစိတ်မကောင်းဖြစ်သွားရပါ၏။ ဟုတ်တာပေါ့။ ဒီနေ့ပဲအလုပ်စဝင်တာပဲမို့ ပျက်စီးဆုံးရှုံးမှုတွေကြောင့် အလွယ်တကူအလုပ်ဖြုတ်ပစ်နိုင်မှန်း သူမတွက်ထားမိတာကိုး။ သူ,သက်ပြင်းတစ်ချက် ကျိတ်ရှိုက်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပုလဲသီ, မင်းကို ကိုယ်အလုပ်ခန့်ထားတာပါ။ ကိုယ်သာ မင်းကိုအလုပ်ဖြုတ်ခွင့်ရှိတာလေ။ အခု ကိုယ်, မင်းကိုအလုပ်ဖြုတ် မယ်လို့ပြောနေမိလို့လား။ ဘာကိုစိုးရိမ်နေရတာလဲ"

"ဟိုလူကြီးက အစ်ကိုဆရာရဲ့အဖေကိုပြန်တိုင်ရင် ဘယ်လို လုပ်မလဲ. . . သီကြောက်တယ်ရှင့်"

"ဪ. . . ဒက်ဒီက ကိုယ်ပြောတာကိုပဲယုံမှာပေါ့ ပုလဲသီ ရဲ့။ ဖေယျစကားကိုလက်ခံမလား၊ စဉ်းစားကြည့်ပါဦး"

သူမ ငြိမ်သက်သွားလေ၏။ သေချာလို့လား။ အန်တီပြော တုန်းကတော့ ဦးမိုးညိုဆိုတာ အင်မတန်ဂဂျီဂဂျောင်ကျပြီး သိပ် အပြစ်မြင်တတ်တာတဲ့လေ။ သူမလို ပညာလေးမတောက်တခေါက် တတ်ရုံလေးနဲ့ ဒီကုမ္ပဏီမှာ ဘယ်ခန့်ချင်ပါ့မလဲ။ အန်တီအတင်းလာ လျှောက်ခိုင်းလို့သာ ရောက်လာခဲ့ရတာ။ ဦးမိုးညိုဆိုတဲ့အမည်နဲ့ ဓာတ်ပုံကိုမြင်လိုက်ရကတည်းက စိတ်ထဲမှာ အလိုလိုကြောက်ရွံ့နေ မိတာလေ။ လူကိုတွေ့ရရင်တော့ ဘယ်လိုနေမယ်မသိ။ သီက ဒီ ကို လျှို့ဝှက်ချက်တစ်ခုနဲ့ ရောက်လာခဲ့ရတာမဟုတ်လား။ လျှို့ဝှက် ချက်လို့သာပြောတယ်။ ဒါကိုလည်း ခုချိန်ထိ သိ,မသိသေးတာ အမှန်ပါပဲ။





"ဟော! တော်တော်မှ စဉ်းစားနေရတယ်ထင်ပါရဲ့။ ဟုတ် လား ပုလဲသီ"

"ဟုတ်ပါဘူး"

"ကဲကဲ. . . Hall ထဲပြန်သွားလို့ရပြီ၊ နေဦး။ အလုပ်လုပ်ရင်း နဲ့ အလုပ်ထဲမှာ ဘယ်သူတွေ ဘာမဟုတ်တာလုပ်နေသလဲဆိုတာ ကို ကိုယ့်ကိုသတင်းပို့ဦးနော်"

"ဟင်! သီလုပ်ရမှာ အဲဒါပါလို့လား"

"ပါတာပေါ့။ မင်းကို ကိုယ့် spy ခန့်ထားတာ အဲဒီအတွက်။ သတင်းတစ်ခုရတိုင်း ထူးရင်ထူးသလို မင်း,မုန့်ဖိုးရမယ်။ ဟုတ်ပြီ လား"

"ဟုတ်ကဲ့. . . တကယ်နော်"

"တကယ်ပေါ့"

သူမမျက်နှာမှာ အပြုံးလေးပေါ်လာ၏။ ပြီးမှ Hall ခန်းထဲ သို့ထွက်သွားတော့သည်။ အင်း. . . တောက်တိုမယ်ရလျှောက်လုပ် နေရတဲ့လူကို ဒီရာထူးတပ်ပေးမိတာမဆိုးဘူး။ မင်းလုပ်နိုင်ပါတယ် ပုလဲသီ။ ဒါမှလည်း ကြောက်ကြောက်ရွံ့ရွံ့လေးဖြစ်နေတဲ့ပုံစံက မင်း,ပိုပြီးတိုးတက်လာမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ထမင်းစားနေချိန်မှာ သူမက ထောင့်ဆုံးခုံမှာထိုင်ဖြစ်၏။ မမသန်းတို့လှမ်းခေါ်ပေမယ့် သူမခေါင်းခါပြကာ တစ်ယောက်တည်းစားနေမိသည်။

"ဟော့! ပုလဲသီ. . . ဘာလဲ, ညည်းရဲ့ဟင်းကောင်းတွေ လုစားမှာစိုးလို့ ငါတို့နဲ့ တစ်ဝိုင်းတည်းလာမစားတာပေါ့လေ"

"မဟုတ်ပါဘူး ကိုမြင့်ဦးရဲ့။ သီ့ဟင်းက ကောင်းမှမကောင်းတာ"

"ဘာဟင်းတုန်း"

"ပဲသီးကြော်နဲ့ငါးခြောက်ဟင်း"

"ဟာ! ပဲသီးကြော်ဆို ငါကြိုက်တယ်ဟ။ နည်းနည်းလောက်ပေးမြည်းစမ်း၊ ကျွေးမှာလား"

"ကျွေးပါတယ်။ သီ, ဒီလောက်ကပ်စေးမနည်းပါဘူးနော်"

စာရေးလေးကိုမြင့်ဦးက သူ့ထမင်းချိုင့်ကိုကိုင်ကာ သူမ ရှိရာဆီ ရောက်လာလေ၏။

"အမယ်! ပဲသီးကို ကြက်ဥနဲ့ကြော်ထားတာ၊ မကောင်းဘဲ ရှိမလား။ မှန်း. . . ဒါသဲခြောက်လေးတွေကို ချဉ်စပ်လေးချက်ထားတာပဲ။ ကောင်းသားဟ. . . ညည်းချက်တာလား"





"အင်းပေါ့. . . မေမေမှမရှိတာ၊ သီ့ဟာသီချက်ရတာပေါ့"

"မဆိုးဘူး, ညည်း့အချက်အပြုတ်တော်သားပဲ။ ရော့, ငါ့ဟင်းလည်းစား"

"ဟင်! နေပါစေ, သီ့ဝပါပြီ"

"စားပါဟ, ကလေးဆီက အနိုင်ကျင့်တယ်လို့ သူများတွေဝိုင်းပြောကုန်ပါ့မယ်. . . စား"

တားနေသည့်ကြားမှ ကိုမြင့်ဦး၏ကြက်သားတုံးက သူမချိုင့်ထဲသို့ရောက်လာလေ၏။

"ပုလဲသီ"

"ရှင်! "

"ထမင်းစားပြီးရင် ကိုယ့်ဆီလာခဲ့ဦး"

"ဟုတ်"

အခန်းဝမှစူးခနဲတစ်ချက်ကြည့်၍ ပြောသွားသည့်သူ့ကြောင့် သူမ တွန့်ခနဲဖြစ်သွားရလေ၏။ ဒုက္ခပဲ. . . ခုန ကိုမြင့်ဦးဟင်းလာထည့်ပေးသွားတာကို မြင်သွားပြီထင်ပါရဲ့။ ဆူဦးမလားမသိပါဘူး။ ဒီနေ့ပဲ အလုပ်စဆင်းတယ်။ ဆူကွက်တွေက တစ်ခုပြီးတစ်ခုဖြစ်လာပါရောလားနော်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီး၍ သူ့အခန်းကိုရောက်တော့ အစ်မကြီးတစ်ယောက်က ရောက်နှင့်နေပါ၏။ သူမကိုမြင်တော့ သူက ခပ်တည်တည်ကြီးကြည့်လိုက်လေသည်။

"ဒီမှာ Uniform ချုပ်ဖို့ ကိုယ်တိုင်းရမယ်။ ထမင်းစားခိုင်းတာ မြန်မြန်သွက်သွက်စားတာမဟုတ်ဘူး. . . မင်းကိုယ်မင်း. . . Picnic ထွက်လာတယ်များထင်နေလား"

"သီ,ဘာလုပ်မိလို့လဲ"

"မင်းကိုယ်မင်းသိပေါ့, နေရာတကာလိုက်ပြောနေစရာလား။ အလုပ်ကိုအလုပ်လိုပဲလုပ်။ လူတကာနဲ့အရောဝင်ဖို့မလိုဘူးဆိုတာ မင်းဦးနှောက်နဲ့မင်းသိမှပေါ့"

"ဟယ်. . . မိုးရိပ်ရယ်။ ဖြည်းဖြည်းသာသာလည်း ပြောပါဟဲ့။ ကလေးကိုအတင်းဖိဟောက်နေတာပဲ"

"မဝါ မသိပါဘူး။ ဒင်းက ဒီနေ့ပဲ အလုပ်စဝင်တာ။ ဒီနေ့ပဲ ပြဿနာဖြစ်တာပဲ"

"ကဲ! နင်မျက်စိနောက်ရင်လည်း ငါ့ဆိုင်ကိုပို့လိုက်ဟယ်။ တကတည်း, သူပဲခန့်ပြီး သူပဲအပြစ်မြင်နေ"

"ပို့စရာလား, ကျွန်တော် သူ့ကို bond ထိုးခိုင်းပြီး အလုပ်ခန့်





ထားတာကို။ ခုပဲရွှေ့ခိုင်းလို့ ဘယ်ကောင်းပါ့မလဲ"

"ဒါဆိုလည်း Show Room ကိုပို့လိုက်ပေါ့"

"အဲဒီမှာ ပြဿနာဖြစ်လို့ Supervisor က လာတိုင်သွားတာ။ မဝါမသိပါဘူး။ လုပ်လုပ်. . . မြန်မြန်, ခဏနေ သူ့အလုပ်လုပ်ရတော့မှာ"

သူကပြောပြီးသည်နှင့် ရုံးခန်းထဲမှထွက်သွားလေ၏။ မဝါဆိုသည့်အစ်မကြီးက ပေကြိုးတစ်ချောင်းဖြင့် သူမကိုယ်ကိုတိုင်းပေးလေသည်။

"မဝါနာမည်က ဝါဝါမြင့်တဲ့, မှတ်ထားနော် ပုလဲ။ မိုးရိပ်ရဲ့ အစ်မတစ်ဝမ်းကွဲတော်တယ်"

"ဟုတ်"

"ပုလဲက အတော်ငယ်သေးတာပဲ။ (၁၈)တောင်မှ ပြည့်ရဲ့လား"

"(၁၉)ထဲမှာပါ မမ"

"မိုးရိပ်ပုံစံက အရမ်းထူးခြားနေတယ်နော်။ ပုလဲကို Jealous ဝင်နေတာ မရိုးသားဘူး။ ပုလဲ, တခြားကောင်လေးတွေကို သိပ်မရောနဲ့။ ကြားလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်! "

"ဟင်းဟင်းဟင်း. . . အဲဒီလိုလေးကိုက သူ့အသည်းယားနေတာ ဖြစ်မယ်။ လေပြည်သိရင်တော့ ကောင်းကောင်းကြီးအလှော်ခံရဖို့သေချာနေပါပြီ"

"လေပြည်ဆိုတာ ဘယ်သူလဲဟင်"

"မိုးရိပ်နဲ့စေ့စပ်ထားတဲ့တစ်ယောက်ပေါ့။ နောက်တော့တွေ့ဖူးမှာပါ။ သူက ဒီကိုမကြာခဏလာတတ်ပါတယ်"

သူမဘာကိုမှနားမလည်သဖြင့် မျက်တောင်လေးပွေကိုသာ တဖျတ်ဖျတ်ခတ်လိုက်မိပါ၏။ သူနဲ့စေ့စပ်ထားတဲ့လေပြည်တဲ့။ ဘာတွေလဲ။ သီနဲ့မှမဆိုင်တာနော်။ သီက ဒီမှာအလုပ်လုပ်ဖို့ရောက်လာခဲ့တာ။ GM ရဲ့ရည်းစားနဲ့ ရင်းနှီးဖို့မှမဟုတ်တာ။ ရုတ်တရက် သူပြန်ရောက်လာလေ၏။

"ဘယ်လောက်ကြာမှာလဲ"

"အမယ်လေးနော်။ ဒီတစ်ပတ်အတွင်း ငါးစုံအပြီးချုပ်ပေးရင် တော်ရောပေါ့ဟဲ့. . . လောစရာလား"

"မဖြစ်ဘူး၊ သူ့မှာအဝတ်အစားသိပ်ရှိပုံမရဘူး။ သူ့ပုံစံမျိုးနဲ့ ဒီမှာ ဟိုဒီလျှောက်နေရင် မတော်ခြည့်သည်တွေနဲ့တိုးတော့ ဘယ်





ကောင်းပါ့မလဲ။ အားလုံးက ဝတ်စုံပြည့်၊ သပ်သပ်ရပ်ရပ်တွေနဲ့ဟာကို။ သူ့တစ်ယောက်တည်းကွက်ပြီး မိုန်နေမှာပေါ့"

"ကဲပါဟယ်, ငါ မနက်ဖြန်မနက် နှစ်စုံတော့ လာပို့ပါ့မယ်။ ဖြစ်နေလိုက်တာ၊ မပြောလိုက်ချင်ဘူး"

"မပြောချင်လည်း ပြောမနေနဲ့ပေါ့"

"ဟင်း. . . ငါပြန်တော့မယ်"

မဝါက သူ့ကိုမျက်စောင်းထိုးကာ ထွက်သွားလေ၏။ သူမ Hall ထဲပြန်သွားရန် ခြေလှမ်းစဉ် သူကလှမ်းတားလိုက်လေသည်။

"နေဦးလေ, မင်းကို ဘယ်သူက သွားခိုင်းလို့လဲ"

"ဟို"

"လာ,ထိုင်ဦး"

သူမ သူ့ရှေ့ခုံမှာ ပြန်ထိုင်လိုက်ရပါ၏။ သူက မျက်မှောင်ကြုတ်လျက် သူမကိုစိုက်ကြည့်လိုက်လေသည်။

"မောင်မြင့်ဦးမှာ ရည်းစားရှိတယ်။ မင်း,မရောပါနဲ့"

"ရှင်! "

"လာပြန်ပြီ, ပြောလိုက်ရင် ဘာမှနားမလည်သလို တရှင်ရှင်နဲ့။ မင်း ဘယ်လိုလေးလဲ,ပုလဲသီ"



www.burmeseclassic.com

www.burmeseclassic.com



"သီက တစ်ရုံးထဲအတူလုပ်ကြလို့ ရင်းနှီးခင်မင်တဲ့သဘောနဲ့ ရိုးရိုးသားသားပဲပြောတာပါ"

"ရိုးရိုးသားသားက ဟင်းထည့်ပေးတဲ့အဆင့်ထိ ရောက်စရာလားကွ။ အာချောင်တဲ့ပါးစပ်နဲ့တွေ့ရင် မင်းပဲသိက္ခာကျမှာ"

အမယ်လေးနော်. . . အပြစ်က အတော့်ကိုကြီးတာပါလား။ ဟင်းချိုင့်ထဲမှာ မစားဘဲရှိနေသည့်ဟင်းတုံးကို သူမြင်အောင် သက်သေပြရရင်တော့ မကောင်းဘဲဖြစ်တော့မယ်။ ဘယ်လိုလူကြီးမှန်းလည်းမသိတော့ပါဘူး။

"ပြောစကားကိုနားထောင်. . . သွားတော့"

ညနေအလုပ်ဆင်းတော့ သူများတွေအလျှိုလျှို ကားဂိတ်ရှိရာဆီလျှောက်သွားကြသော်လည်း သူမက ထမင်းချိုင့်ကိုင်ကာ ဒီအတိုင်း ဆက်လျှောက်လာခဲ့လေ၏။ ကားခမှမရှိတော့ဘဲကိုး။ မေ့တဲ့အကျင့်ကောင်းလေးမို့ ခံပေရော့. . . ပုလဲသီရေ။

"တီ"

"ဟေ့! ကားမစီးဘဲ ဘယ်ကိုသွားမလို့လဲ"

"အိမ်ပြန်မလို့ပေါ့ အစ်ကိုဆရာရဲ့"

"မင်းအိမ်က နီးနီးလေးမှမဟုတ်တာ"





ကဲ! နံဘေးမှာ လူတွေဒီလောက်လျှောက်သွားနေကြတာကို ပိုက်ဆံမရှိဘူးလို့ ဘယ်လိုပြောရမှာလဲ။ သူက ကားကိုလမ်းဘေးထိုးရပ်ရင်း မေးနေလေပြီ။

"ပြောလေ. . . ဘာလဲ, ချိန်းထားတာရှိလို့လား"

"အာ. . . မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့လမ်းလျှောက်နေရတာလဲ"

သူမ နှုတ်ခမ်းကိုအသာကိုက်ကာ သူ့ကားပြတင်းဝနားမှာ ကပ်၍တိုးတိုးလေးပြောလိုက်တော့ သူက တအံ့တဩဖြစ်သွားလေသည်။

"ပိုက်ဆံမရှိဘူးဆိုတော့ ခါးပိုက်နှိုက်ခံလိုက်ရလို့လား"

"မဟုတ်ပါဘူး, မနက်က စပယ်ယာပြန်အမ်းတာကိုယူဖို့ မေ့သွားလို့"

"ကဲ! ဖြစ်ရမယ်။ ဒါဖြင့် ကိုယ့်ဆီက ယူသွားလေ"

"ဟင့်အင်း, နေပါစေ။ သီ, လမ်းပဲလျှောက်တော့မယ်"

"မိုးချုပ်သွားမှာပေါ့ ပုလဲသီရဲ့။ မထူးပါဘူး. . . လာ, ကိုယ့်ကားနဲ့ပဲလိုက်ခဲ့တော့။ မင်းဟာလေ. . . သိပ်နမော်နမဲ့နိုင်တာပဲ"

"ဟင့်အင်း. . . သီ,မလိုက်ပါဘူး။ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာနဆိုတာ ထားသင့်တဲ့နေရာမျိုးမှာပဲထားရတယ် ပုလဲသီး မင်းလမ်းလျှောက်ပြန်သွားရင် မိုးချုပ်သွားမှ အန္တရာယ်နဲ့တိုးမှာ။ လာ. . . တက်"

သူ့မျက်နှာမာမာနှင့်ပြောတော့မှ သူဖွင့်ပေးသည့်ကားရှေ့ခန်းပေါ် တက်လိုက်ရလေ၏။

ကြားဖူးကြပါရဲ့လား။ ဒီကနေ့ပဲ အလုပ်စဝင်တဲ့မိန်းကလေး တစ်ယောက်ကို အလုပ်ရှင်ကိုယ်တိုင် အိမ်အရောက် ကားနဲ့လိုက်ပြန်ပို့တဲ့အဖြစ်မျိုးလေ။ သီက ဒီအဖြစ်နဲ့ တကယ့်ကိုကြုံခဲ့ရတာပါ။



## အခန်း ( ၄ )

"သမီးကတော့လေ,ဒီအကျင့်ကို ဘယ်တော့မှဖျောက်မှာလဲ"

"သီလည်း စိတ်လောလို့ဖြစ်သွားတာပါမေမေရယ်။ နောက်မဖြစ်စေရပါဘူး"

"ပြောလိုက်ရင်တော့ ဒီအတိုင်းကြီးပဲ။ နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်မေမေ။ ညညဆို ဘေးအိမ်က ချစ်စု, လာအိပ်ပေးပါတယ်။ မေမေသာ နေကောင်းအောင်နေပါ"

"ဒီမှာ, သမီးအန်တီနဲ့ပြောဦး"



www.burmeseclassic.com

www.burmeseclassic.com



သူမ, ဖုန်းကိုလက်ပြောင်းကိုင်လိုက်ရပါ၏။ အန်တီနှင့်ပြောရတာက ပိုကြာတတ်တာမဟုတ်လား။

"သမီး. . . ပုလဲ"

"ပြောပါအန်တီ"

"အလုပ်မှာအဆင်ပြေရဲ့လားသမီး"

"အင်း, ဘယ်လိုပြောရမှန်းတောင်မသိတော့ပါဘူး အန်တီရယ်"

သူမ မနေ့ကအဖြစ်အပျက်ကို အတိုချုံး၍ပြောလိုက်တော့ အန်တီက သဘောကျလျက် ရယ်နေလေသည်။ ရော်. . . ဒီမှာဖြင့် စိတ်ညစ်နေတာကို အန်တီကတော့ ရယ်နိုင်တာပေါ့လေ။

"ဟင်းဟင်း. . . ဒါဆိုမဆိုးပါဘူးသမီးရဲ့"

"သီဘာဆက်လုပ်ရမှာလဲ အန်တီ"

"သမီးတာဝန်က အဲဒီမိုးရိပ်ကိုရင်းနှီးအောင်ပေါင်းဖို့ပဲလေ။ ဒါမှ သူတို့အိမ်ကိုလည်ခွင့်ရမှာ"

"ဟင်! မဖြစ်ဘူးထင်တယ်။ သူ့ရည်းစားက သီ့ကိုတစ်မျိုးမြင်သွားမှာပေါ့အန်တီရဲ့။ သီ,ကြောက်တယ်"

"သူ့ရည်းစား! ဟုတ်လား"





"ဟုတ်တယ်။ မမဝါပြောတာတော့ လေပြည်ဆိုလားပဲ"

"ဪ! သမီးနဲ့ဝါဝါ, ရင်းနှီးသွားပြီလား"

"ဟုတ်ကဲ့, မမဝါက သီ့ Uniform ချုပ်၊ ဟယ်. . . ဒုက္ခပဲ။ ရောက်လာပြီအန်တီ။ ညနေမှပဲ သီ,ထပ်ဆက်မယ်နော်။ အခုပဲ သူ့ကားကြီး ,အိမ်ရှေ့မှာရပ်သွားပြီရှင့်"

သူမ ဖုန်းအမြန်ချကာ အိမ်ဘက်သို့ပြေးတော့ သူက ခြံစည်းရိုးသံဇကာတံခါးကိုပင်, ဖွင့်ဝင်နေလေပြီ။

"အစ်ကိုဆရာ. . . သီက ဒီမှာ".

"စောစောစီးစီး ဘယ်တွေလျှောက်သွားနေတာလဲ"

"အန်တီဖုန်းခေါ်လို့ သွားပြောနေရတာပါ။ ဘာကိစ္စရှိလို့လဲဟင်"

"အလုပ်သွားရမယ်လေ. . . မသိဘူးလား"

"ဟင်! သီ့ဟာသီ လိုင်းကားစီးလာမှာပေါ့။ ဒီလိုကြီးလာကြိုဖို့မှမလိုတာ။ မနေ့ကတည်းက အရမ်းအားနာနေမိတာကို"

"လျှာမရှည်နဲ့ မယ်မင်းကြီးမ။ Uniform ယူလာပေးတာ။ သွားလဲချေ။ ကိုယ်, ကားပေါ်ကပဲစောင့်တော့မယ်"

"ရပါတယ်။ သီ, လိုင်း(ကား)ပဲစီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"လျှာမရှည်နဲ့လို့ ပြောနေတယ်မဟုတ်လား"

သူမ, သူ့လက်ထဲမှစက္ကူအိတ်ကိုယူ၍ အိမ်ငယ်လေးပေါ်တက်ပြေးတော့ တစ်ဖက်အိမ်ပြတင်းဝမှ ချစ်စုက လှမ်းကြည့်ကာ စပ်စုနေလေ၏။ သူမအဝတ်အစားတို့ကို မြန်မြန်လဲလှယ်၍ဝတ်ဆင်ကာ ထမင်းချိုင့်ကိုဆွဲ၍ ပြန်ထွက်လာခဲ့သည်။

လှေကားသုံးထစ်ကိုဆင်းလာသည့်သူမကို သူ,ငေးခနဲကြည့်မိသွားရလေသည်။ ဝန်ထမ်းတိုင်းဝတ်လေ့ရှိပေမယ့် သူမလောက် Smart ကျသည့်ပုံစံမျိုး မတွေ့ရသေးပါ။ ကော်လံပါ blouse အဖြူပေါ်မှာ ထပ်ဝတ်ရသည့်ချိုင်းပြတ်ဝေ့စ်ကုတ်ကအစ သူမနှင့်လိုက်ဖက်လွန်းတာမဟုတ်လား။ စကပ်အနက်ရှည်အောက်မှာ စီးထားသည့်ဖိနပ်အပါးလေးကိုကြည့်၍ သူ,နှာခေါင်းရှုံ့လိုက်မိသည်။

မလိုက်သေးပါလား။ ကားမောင်းထွက်လာရင်း ဖိနပ်ချည်းသီးသန့်ရောင်းသည့်ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်ပါ၏။

"လာ. . . ဆင်းဦး"

"ဟင်! ဘယ်ကိုသွားဦးမလို့လဲ။ ကိုးနာရီထိုးခါနီးနေပြီနော်"

"ပုလဲ. . . မင်းက အလုပ်ရှင်လား၊ ငါကအလုပ်ရှင်လား"

သူမမျက်လုံးလေးများ ဝိုင်းသွားရလေ၏။ သူ,ဤသို့လေသံ





မာသွားတိုင်း အလုပ်ပြုတ်မှာကို စိုးရိမ်သွားရတာ မဟုတ်ပါလား။

သူက သူမဘက်မှတံခါးကိုဖွင့်ကာ သူမလက်ကို ဖျတ်ခနဲဆွဲကိုင်လိုက်လေသည်။ သူမကြောက်ကြောက်လန့်လန့်ဖြင့် သူဆွဲခေါ်ရာနောက် လိုက်လာရ၏။ အန်တီက သူနှင့်ရင်းနှီးအောင် လုပ်ရမည်တဲ့။ ဒုက္ခပါပဲ. . . သူ့နှုတ်က အလုပ်ရှင်ပီပီ လေသံမာသွားသည်နှင့် သူမရင်ထဲမှာ တုန်လှုပ်သွားရသည့်အဖြစ်ကို အန်တီမှမသိနိုင်တာပဲ။

"အဖြူယူမလား, အနက်ယူမလာ့း"

သူက သူမလက်ဝါးကိုဆုပ်ညှစ်၍ ငုံ့မေးလိုက်တော့ ရင်ထဲမှာ ဒိန်းခနဲမြည်သွားရလေ၏။ ဘယ်လိုကြီးလဲ။ တစ်မျိုးကြီးပါပဲလားနော်။ သို့လိုဝန်ထမ်းအသစ်လေးရဲ့လက်ကိုဆွဲပြီး ဒီလိုဆိုင်ကြီးထဲမှာ ဖိနပ်လိုက်ဝယ်ပေးစရာလား။ တခြားလူတွေမြင်သွားရင် သူ,သိက္ခာကျမှာကို မတွေးထားဘူးထင်ပါရဲ့။ အထူးသဖြင့် သူ့ချစ်သူလေပြည်ဆိုတဲ့ကောင်မလေး အထင်လွဲသွာရင် ဖြေရှင်းရခက်သွားမယ်ဆိုတာကိုလည်း ဂရုမပြုမိပုံပါလား။

"ရှုပ်ပါတယ်။ နှစ်ရန်စလုံးပဲ ယူလိုက်ပါ"

သူက သူ့ဟာသူဆုံးဖြတ်လိုက်ပြီး စင်ပေါ်မှဖိနပ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ရန်ပြီးတစ်ရန်ယူကာ သူမရှေ့မှာချပေးလေ၏။

"ဟင့်အင်း. . . သိန့်မတော်ဘူး"

"နံပါတ်ဘယ်လောက်လဲ ညီမ"

"ဟိုလေ. . . သိ,စီးနေကျက (၄၄)ပါ"

Counter နောက်မှာထိုင်နေသည့်အစ်မလေးက သူမပြော လိုက်သည့်နံပါတ်နှင့်ဖိနပ်တွေကို ယူပေးလေ၏။

"တခြားအရောင်တွေမကြိုက်ဘူး။ အဖြူနဲ့ အနက်ထဲကပဲ ပေးပါ"

သူ, ချေးမျှားလိုက်တာမို့ ထိုကောင်မလေးက ပြုံးမဲ့မဲ့လေး ဖြစ်သွားပြီး ခွာနည်းနည်းမြင့်သည့်ဖိနပ်သုံးလေးရန်ကို ယူပေးလိုက်လေသည်။ သူ,ချပေးလိုက်သည့်ဖိနပ်တွေကို စွပ်ကြည့်ပြီးမှ လိုက်မည်ထင်သည့်နှစ်ရန်ကို သူ,ဖယ်လိုက်လေ၏။ ဖိနပ်ဖိုးရှင်းတော့ သောင်းဂဏန်းကျော်ဖြစ်နေသဖြင့် သူမနှာခေါင်းလေး ရှုံ့တွသွားရလေသည်။ အမယ်လေးနော်. . . အကြွေးတွေက ထပ်ပြီးတက်လာပြန်ပါရောလား။

"ကိုမိုးရိပ်. . . လေပြည်နဲ့တွေ့ဖြစ်သေးလား"

ကောင်မလေးကို သူ,စူးခနဲကြည့်လိုက်မိလေ၏။ ချာတိတ်





မလေးက သူ့ကိုစူးစမ်းစွာကြည့်နေလေပြီ။

ဘယ့်နှယ်. . . ဒီလိုအချိန်မျိုးမှာမှ လေပြည့်နာမည်ကိုရွတ်ရသလား။ ထိုမိန်းကလေးက သူမကို ဖျတ်ခနဲလှမ်းကြည့်လိုက်ပြီး ပြုံးစစဖြင့်ဆက်ပြောလေ၏။

"ကျွန်မက လေပြည့်သူငယ်ချင်း မွှေးမွှေးကြူပါ"

"ြော်. . . လေပြည်က Thesis တင်ဖို့လုပ်နေလို့ ကျွန်တော်နဲ့မတွေ့ဖြစ်သေးဘူး။ နှစ်လလောက်တော့ ကြာနေပြီ"

"မသိပါဘူး, ကျွန်မက ဆိုင်ထဲဝင်လာတဲ့ကိုမိုးရိပ်ဘေးမှာ ပါလာတာ လေပြည်လို့ပဲထင်နေတာ"

သူ,စိတ်ထဲ ခပ်ချဉ်ချဉ်ဖြစ်သွားရလေ၏။ နံဘေးမှာ သူစိမ်းမိန်းကလေးတစ်ယောက်ပါနေတာ သိသိကြီးနဲ့ ဒါတမင်သက်သက်လုပ်တာပါလား။ မွှေးမွှေးကြူ၏မျက်ဝန်းများက ပုလဲသီဆီမှာသာဝဲနေလေ၏။

"ပုလဲသီနဲ့ လေပြည့်ပုံစံကအကွာကြီးပါ မမွှေးမွှေးကြူ။ ဘာတစ်ခုမှမတူမှန်း ခင်ဗျားမသိဘူးလား"

သူ့စကားကြောင့် သူမတွန့်ခနဲဖြစ်သွားရလေ၏။

မွှေးမွှေးကြူက နှုတ်ခမ်းတစ်ခြမ်းကိုမဲ့မဲ့လေးလုပ်၍ ပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူငယ်ချင်းဖြစ်သူကိုခေါ်ထားပြီး အသစ်တစ်ယောက်နဲ့ တွဲခုတ်တာတော့လွန်တာပေါ့။ ကောင်မလေးပုံစံက လေပြည့်လိုချမ်းသာပုံမပေါက်ပေမယ့် ဘာမှန်းသေချာမပြောနိုင်တဲ့ စွဲဆောင်မှုတို့ဖြင့် လင်းနေတာတော့အမှန်ပင်။ ကုမ္ပဏီ Uniform နှင့်ပင်ဖြစ်လင့်ကစား အဆင့်အတန်းတော့ ရှိဟန်ပေါက်နေတာလေ။

"သူက ကိုမိုးရိပ်ကုမ္ပဏီမှာ ဘာရာထူးလဲဟင်"

"ကျွန်တော့် Secretary ဆိုရင် လုံလောက်ပြီထင်ပါရဲ့။ ခွင့်ပြုပါဦး။ သွားစို့. . . ပုလဲသီ"

သူက ဟန်ပါပါဖြေလိုက်ပြီး ဖိနပ်ထုပ်ကိုရော သူမလက်ကိုပါဆွဲကာ ဆိုင်ထဲမှထွက်လာခဲ့လေ၏။ ဒီသတင်းက လေပြည့်ဆီ အနေးနဲ့အမြန် ရောက်သွားမှာအမှန်ပါပဲ။ နောက်တစ်ပတ်ထဲမှာ လေပြည် သူ့ဆီကိုရောက်လာမှာ သေချာပါတယ်လေ။

"သီ၊ အကြွေးတွေများနေပြီ အစ်ကိုဆရာ။ တော်ကြာ လခထဲက အကုန်ဖြတ်နေမှဒုက္ခ"

များတော့လည်း မင်းကိုအကြွေးနဲ့သိမ်းလိုက်ရုံပေါ့ ပုလဲသီရယ်ဟူသည့်စကားကိုတော့ စိတ်ထဲမှသာ ပြောဖြစ်လေ၏။

ချာတိတ်မလေး သူ့အပေါ်အထင်မလွဲစေချင်ပါလေ။





"ခေါင်းထဲထည့်ထားဖို့မလိုပါဘူး ပုလဲသီ။ ကဲ! ဖိနပ်အမြင့်တစ်ရန် စ,စီးပေးတော့။ အကျင့်မရှိတော့ ခြေထောက်ပေါက်ချင်ပေါက်မယ်။ Tape ကပ်သင့်ရင် ကပ်ထားပေါ့. . . လာ"

သူမ, ကားပေါ်မှဆင်းလိုက်၏။ သူနှင့်ယှဉ်လျှောက်၍ ဝင်လာသည်ကို ဝန်ထမ်းတွေ သတိပြုမိမှန်းရိပ်မိပေမယ့် မသိချင်ယောင်သာဆောင်လိုက်ရသည်။ ရုံးခန်းထဲမှာ သန့်ရှင်းရေးလုပ်ပြီး Hall ထဲသို့ သူမထွက်လာခဲ့၏။

"အမယ်. . . ပုလဲက Uniform နဲ့လိုက်ဖက်သားပဲ။ ရုပ်တောင် တော်တော်ပြောင်းသွားတယ်"

"သီက သီပါပဲ မမသန်းရယ်။ ဘာမှပိုမပြင်ထားပါဘူး"

"ရော့. . . ရော့။ Atendent book ယူပြီး လက်မှတ်တွေထိုးနိုင်း"

"ဟင်! ဒါဖြင့် Show Room ကိုပါ သွားရမှာပေါ့။ ဟုတ်လား"

"ဒါပေါ့"

"ဒုက္ခပါပဲ။ အဲဒီက Supervisor ကို လန့်ပါတယ်ဆိုနေမှ"

"ဟဲ့! ကိုတင်မျိုးအောင်ထက် ဦးဇေယျက ပိုပြီးကြောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ။ Supervisor က သဘောကောင်းတယ်. . . သွား"

သူမမျက်နှာလေးရှုံ့သွားရပြီး မန်နေဂျာရုံးခန်းထဲသို့ အရင် ဆုံးဝင်လိုက်ရလေ၏။ ဦးဇေယျက သူမကို ဖျတ်ခနဲမော့ကြည့်ကာ ဘာမှမပြောဘဲ လက်မှတ်ထိုးပေးလိုက်လေသည်။ Hall ထဲမှ လူ တွေအကုန် လက်မှတ်ထိုးတာပြီးစီးမှ Lift ဖြင့် Show Room ရှိရာသို့ ဆင်းလာခဲ့၏။ Supervisor ထိုင်နေရာ ရုံးခန်းထဲ သူမဝင် လာတော့ အခန်းထဲမှလူသုံးယောက်က သူမကို ငေးခနဲကြည့်လိုက် ကြသဖြင့် ခြေလှမ်းက တုံ့ခနဲရပ်သွားရလေသည်။

"ဟို. . . ဟို. . . လက်မှတ်လာထိုးခိုင်းတာပါရှင့်"

"မင်း, ပုလဲသီပေါ့လေ"

"ဟုတ်ပါတယ်ရှင့်"

ကြောက်ရွံ့ရွံ့ပုံစံလေးဖြင့် စားပွဲထက် စာအုပ်တင်ပေးလိုက် တာမို့ တင်မျိုးအောင် ကျိတ်ပြုံးလိုက်မိ၏။ ဒီလိုဆိုတော့လည် ကောင်မလေးပုံစံက သန့်ပြန့်တောက်ပလို့ပါလား။ မန်နေဂျာပြေ ထားလို့သာ ပါဝါပြချင်သည့်စိတ်ကို ချိုးနှိမ်ထားရသည်။

ဟုတ်တယ်လေ. . . ပုလဲသီဆိုတာ GM ခန့်ထားသည့် Sta အသစ်လေးပေကိုး။





Hand Phone မြည်လာသည်မို့ သူ, Phone ကိုဖွင့်လိုက်ပါ၏။ ဇီးညိုရောင် မှန်ကာထားသည့်အခန်းထဲမှ Hall ထဲသို့ သူကြည့် နေမိသည်။ ပုလဲသီက စားပွဲတစ်ခုမှတစ်ခုသို့ကူးကာ အလုပ်ရှုပ်နေ ပုံပင်။

"ဟဲလို"

"အရိပ်. . . လေပြည်ပါ"

"ဪ. . . Thesis ကိစ္စပြီးသွားပြီလား, လေပြည်"

"သတိတရမေးလို့ကျေးဇူးပဲ အရိပ်။ တို့က ယူ့,မေ့နေပြီထင် နေတာ"

သူ,ကျိတ်ပြုံးလိုက်မိ၏။ သူ့ထက်နှစ်နှစ်ကျော်ငယ်သော်လည်း လေပြည်က သူ့ကိုတန်းတူသဖွယ်ဆက်ဆံတတ်တာပင်။ မွေးမွေး ကြူတစ်ယောက်တော့ လက်ထောက်ချလိုက်ပြီထင်ပါရဲ့။ နေ့တောင် မကူးဘဲ Phone ဆက်တာပဲကြည့်လေ။

"ကိုယ်မေးတာ မင်းမဖြေသေးဘူးနော်"

"ပြီးပြီ. . . မနက်ဖြန်သွားတင်ရမှာ။ ယူ့,အဖော်လိုက်ပေး နိုင်မလားဟင်"

"sorry ပဲ လေပြည်, ကိုယ်မအားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . ယူ့ငြင်းမယ်ဆိုတာ တို့ကြိုတွက်ထားပြီး သားပါ အရိပ်ရဲ့။ ဘာလဲ! ယူ့ Perosnal ကိစ္စနဲ့ မအားတာတော့ မဟုတ်ပါဘူးနော်"

"သတင်းက မြန်လှချည်လား လေပြည်. . . ဘာမှမတိ်ကျ မသေချာသေးဘဲ မင်းယုံလိုက်တာပဲလား။ ကိုယ့်ဒက်ဒီ ခုထိပြန် မလာသေးလို့ ကုမ္ပဏီမှာ ကိုယ်ဦးစီးနေရတယ်။ လစ်ဖို့အချိန်မရ ဘူး။ အဲဒါအမှန်ပဲ"

"မသိပါဘူး။ ယူ့ secretary နဲ့ လျှောက်လိမ့်နေလို့များ တို့ ကို အချိန်မပေးနိုင်တာများလားလို့ပါ"

လေပြည်က ပြောလည်းပြော ခပ်လှောင်လှောင်ဖြင့်ရယ်ချ လိုက်လေ၏။ ပုလဲသီအကြောင်းကိုများ ဂယနဏာသိသွားရင် ဘယ် လောက်တောင်မှ လှောင်လိမ့်မည်မသိ။ လေပြည်ဆိုတာ လူတစ် ဖက်သားကိုနှိပ်ကွပ်ဖို့ အမြဲအကွက်ချောင်းတတ်သည့်မိန်းကလေး မဟုတ်ပါလား။

"ကိုယ့်မှာ ခုချိန်ထိ ဘာ secretary မှ မရှိသေးပါဘူး လေ ပြည်။ သူများပြောတိုင်း မယုံလိုက်နဲ့လေ"

"အရိပ်. . . ယူ, တို့ကိုဖုံးကွယ်ဖို့မစဉ်းစားနဲ့နော်။ ဒက်ဒီတ်





အစီအစဉ်ကို ယူရောတို့ပါ အလွယ်တကူလက်သင့်ခံဖို့ စိတ်ကူးထား ကြတာမဟုတ်ဘူး။ ယူ့ဘက်ကစပြီး ခြေလှမ်းမယ်ဆိုရင် ကိုယ်က လည်းမနှေးဘူးဆိုတာကို ယူသိရင်ပြီးတာပဲလေ"

သူ တီးတိုးရယ်မောလိုက်မိ၏။ လေပြည်ဆိုတာ ကိုယ့်ကိုယ် ကို အမြဲယုံကြည်စိတ်ချထားသလို ကိုယ့်အလှကို မာန်တက်နေသည့် လှတပတကောင်မလေးမှန်း သူသိထားတာမဟုတ်လား။ သူတို့နှစ် ဦးကို မိဘတွေစဆုံပေးစဉ်က တစ်ဦးနှင့်တစ်ဦး လေ့လာဖို့အချိန် ယူရန် ဆုံးဖြတ်ခဲ့ကြတာလေ။ နှစ်ယောက်စလုံး စိတ်တစ်ထပ်တည်း ဖြစ်မှသာ လက်ထပ်ရန် အတည်ပြုခဲ့ကြတာ ဘာများကြာသေးလို့ လဲ။

"ဘယ်လိုလဲ! ယူ, ဝန်ခံဖို့ တွေဝေနေပြီလား"

"စောပါသေးတယ် လေပြည်"

"ဒါဆိုလည်း တို့မျက်စိတွေဖွင့်ပြီး နားတွေစွင့်ထားလိုက်မယ် နော်။ ယူသဘောတူရဲ့လား"

"သဘောပဲပေါ့ လေပြည်"

သူ Phone ပြောရင်း အပြင်ကိုလှမ်းကြည့်လိုက်စဉ် Hall ထဲရှိ မင်းလမ်းအလယ်မှာ ယိုင်ခနဲလဲကျသွားသည့်ပုလဲသီကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေ၏။ ဝန်ထမ်းတွေပြုံသွားသလို Phone ကိုပါ သူ့ဖျတ်ခနဲ ပိတ်လိုက်မိပါသည်။ လူကလည်း တံခါးကိုတွန်းဖွင့်ကာ လူတွေစုပြုံနေရာဆီ အလိုလိုလှမ်းသွားပြီးသားဖြစ်သွားရလေ၏။

"ပုလဲသီ"

သူ့အသံကြားလိုက်ရသဖြင့် လူလေးငါးယောက်စုပြုံနေရာမှ ရှဲသွားရလေ၏။ ကြမ်းပေါ်မှာထိုင်လျက်သား လဲကျနေသည့်သူမ မျက်ဝန်းမှာ မျက်ရည်တို့က တပေါက်ပေါက်စီးကျနေပါရောလား။ သူ့စိုးရိမ်တကြီးဖြင့် သူမနံဘေးမှာ ထိုင်ချလိုက်ပါသည်။

"ခြေခေါက်လဲတာလား"

ခေါင်းကိုသာညိတ်ပြလိုက်၏။ သူဝယ်ပေးသည့်ဖိနပ်က သူမခြေထောက်ဘေးမှာ တုံးလုံးပက်လက်။ ဖြစ်ရလေ. . . ပုလဲသီရယ်။ ဒီလက်သုံးလုံးဒေါက်လေးကိုတောင်မှ မင်းမစီးတတ်ဘူးတဲ့လား။ လေပြည်နဲ့များကွာပါ့။ လေပြည်ဆို ဘယ်လောက်အမြင့်ရှိရှိ ခဲတံဒေါက်လေးကိုတောင် နေသားတကျစီးတတ်တာလေ။

"ထလို့ရလား"

"နာတယ်"

"ကြိုးစားပြီး ထကြည့်ပါဦး။ ဆေးခန်းသွားရအောင်"





သူမလက်မောင်းကိုတွဲထူ၍ ထခိုင်းတော့ ဝန်ထမ်းတွေက ကိုယ့်နေရာ ကိုယ်သွားကြလေပြီ။ သူမခြေက ထောက်လို့မရနိုင်အောင်ပင် နာကျင်လွန်းသဖြင့် မျက်နှာလှလှလေးက ရှုံ့မဲ့နေသဖြင့် သူ့ ဆတ်ခနဲပွေ့ချီလိုက်ပါ၏။

"အို! ဘာလုပ်တာလဲ"

"မင်းမှမလျှောက်နိုင်တာ, ဆေးခန်းသွားမယ်လေ"

ပတ်ဝန်းကျင်ကိုဂရုမစိုက်သည့် သူ့လုပ်ရပ်ကြောင့် သူမ၏ မျက်နှာလေးရဲရဲနီသွားရလေ၏။ ဘယ်လိုကြီးပါလိမ့်နော်။ သူ့ကိုယ်သူ GM ဆိုတာကိုတောင်မေ့နေပြီလား။ တကယ်ဆို တခြားဝန်ထမ်း အမျိုးသမီးတစ်ယောက်ယောက်ကိုထည့်ပေးလိုက်လျှင် ရပါလျက် ဒီလိုလုပ်ရတယ်လို့။

"သီ့ကြိုးစားလျှောက်ပါ့မယ် 'အစ်ကိုဆရာ"

"တိတ်တိတ်နေပါ ပုလဲသီ။ ကိုယ်ကပြောရင် နားထောင်မှကြိုက်တယ်။ မင်းထပ်မရှည်နဲ့"

သူမပါးစပ်ကို ပိတ်လိုက်ရပါ၏။ ဆေးခန်းထဲထိ ချီပွေ့သယ်လာသည့်သူ့ကို ဒေါက်တာနေမင်းထွန်းက ခပ်လှောင်လှောင်ဖြင့် စလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ. . . မိုးရိပ်ရေ။ Weight Lifter မဟုတ်ပါဘဲ ခွန်အားတွေပြည့်ဝနေပါရောလား"

"မလွှဲသာလို့ချီလာရတာ နေမင်းရေ။ ချာတိတ်မ ခြေခေါက်လဲသွားတာ ကြည့်ပေးပါဦး"

"ဒါဆိုရင်လည်း အကြောပါရှူဆီခေါ်သွားပါလားကွ။ ငါက ရိုးရိုးဆရာဝန်လေကွာ"

သူ, နေမင်းကိုမကျေမနပ်ကြည့်လိုက်တော့ နေမင်းက ပြုံးစိစိဖြင့် သူမခြေထောက်ဒဏ်ရာကိုကြည့်ပေးလေ၏။

"လေ့ပြည်နဲ့ရော တွေ့ဖြစ်သေးလား"

"အခုလေးတင်ပဲ သူ့ Phone ဝင်လာသေးတယ်"

"ငါတို့ဘယ်တော့စားရမလဲ"

"စားချင်ရင် အခုလိုက်စားလည်းဖြစ်တယ်။ Wedding ထိစောင့်ဖို့မလိုဘူး"

"ဖိတ်စာနှစ်ခြမ်းလုံး ပြည့်ပြီလား"

သူ, နေမင်းထွန်းကိုဖျတ်ခနဲကြည့်ကာ ပြုံးလိုက်ပါ၏။ ပညာရှိနည်းဖြင့်မေးနေပေမယ့် ဘာကိုဆိုလိုသလဲဆိုတာကို သူသိနေသည်မဟုတ်ပါလား။





"သေချာတာကတော့ ငါ့ဘက်တစ်ခြမ်းက မပြောင်းဘူး"

"ဩော်! တခြားဘက်က လူပြောင်းသွားနိုင်တယ်ပေါ့လေ"

"မင်းသိရင်ပြီးတာပဲ"

"ငါတို့ကောင်ကတော့လေ, ကုမ္ပဏီပိုင်ရှင်လို့မပြောရဘူး။ အစစအရာရာသေချာမှ အပိုင်ချီမယ့်ပုံပဲ။ ကဲ! ရပါပြီ။ အိမ်ရောက်ရင်လိမ်းဖို့ လိမ်းဆေးပေးလိုက်မယ်။ သောက်ဆေးက အကိုက်အခဲပျောက်ဆေးသောက်ပါပဲ"

"ဆေးဖိုးဘယ်လောက်လဲ"

"မင်းဟာလေးနာမည် ပြောခဲ့ရင်ရပြီ။ ပေးဖို့မလိုဘူး"

"ဘာ, မင်းဟာလေးလဲ"

"sorry. . . sorry. . . မင်းရဲ့ secretary ကိုပြောတာပါ"

"ပုလဲသီ"

"Ok! သွားလို့ရပါပြီ"

သူ, သူမကိုတွဲ၍ ခုတင်ပေါ်မှ ဆင်းခိုင်းလိုက်ပါ၏။ နေမင်းအကဲခတ်နေတာကို မသိချင်ယောင်ဆောင်ကာ သူမကိုပြောလိုက်မိသည်။

"ညနေ ကိုယ်ပဲလိုက်ပို့ပေးမယ် ပုလဲသီ။ ဘာညာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြမယ်, စိတ်မကူးနဲ့"

ဂဲ! သီ, မပြောဘူးလား။ လူတွေပြောစရာဖြစ်အောင်ကို သူက တစ်ဇွတ်ထိုးလုပ်တတ်သလို သီကိုယ်တိုင်ကလည်း ဒီလိုဖြစ်အောင် နမော်နမဲ့နိုင်လွန်းပါတယ်လေ။



## အခန်း ( ၅ )

Lift မှထွက်လာသည့်လေပြည့်ကို မြင်လိုက်ရသဖြင့် staff တွေက ခါးညွတ်၍ အသိအမှတ်ပြုလိုက်ကြလေ၏။ မျက်နှာကိုပင့်ကာ သူ့ရုံးခန်းထဲဝင်လာစဉ် အခန်းထဲမှာ ခပ်ငယ်ငယ်ကောင်မလေးတစ်ယောက်သာ ရှိနေပါသည်။

နောက်မှမြင်နေရသည့် ကိုယ်လုံးသွယ်သွယ်လေးက ပိန်မှန်းသိသာသော်လည်း ခန္ဓာကိုယ်အချိုးအစား ကျနလှပတာကိုတော့ အသိအမှတ်ပြုရမှာအမှန်ပင်။ ဒါ, မွေးပြောတဲ့ သူ့ရဲ့ Secretary ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း"

"ဩော်. . . ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်"

"အရိပ်ရော. . . ဘယ်သွားလဲ"

"ရှင်! "

"ဒီကုမ္ပဏီက GM မိုးရိပ်ကိုပြောနေတာလေ"

"အစ်ကိုဆရာ, . . . . Hotel မှာ meeting ရှိလို့ သွားနေပါတယ်ရှင်။ ညနေလေးနာရီလောက်မှ ဒီကိုပြန်ရောက်ပါလိမ့်မယ်။ သူပြန်လာရင် ဘာများပြောပေးရမလဲဆိုတာ မှာခဲ့ပါရှင်"

ကြည့်စမ်း! အစ်ကိုဆရာဆိုပါလား။ အရိပ်ကိုများ ပိုင်စိုးပိုင်နင်းခေါ်လို့။ ဒင်းက ဒင်းကိုယ်ဒင်း ဘာများထင်နေပါလိမ့်။ အရိပ်မှာ လေပြည်ဆိုတဲ့ သက်ဆိုင်သူတစ်ယောက်လုံးရှိနေတာကိုမသိဘူးတဲ့လား။ အတော်ညံ့ဖျင်းတဲ့ Secretary ကိုမှ ခန့်ထားရတယ်လို့ အရိပ်ရယ်။

"မင်းကိုမှာဖို့မလိုပါဘူး။ တို့ပြောချင်ရင် Phone ဆက်ပြောလို့ဖြစ်တာပဲ, မင်းမသိဘူးလား။ တို့နာမည်. . . လေပြည်၊ အရိပ်ရဲ့ သက်ဆိုင်သူပဲ"

"ရှင်! "





"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ဟို. . . ဟို. . . ပုလဲသီပါ"

"ကောင်းပြီ. . . ပုလဲသီ။ မင်းကိုဘယ်လိုအရည်အချင်းတွေနဲ့ပြည့်စုံလို့ ဒီနေရာမှာ အရိပ်ခန့်ထားသလဲဆိုတာ တို့လာစစ်ဆေးတာပဲ"

"ရှင်! "

"လာပြန်ပြီ. . . ဒီရှင်ကြီး။ မင်း, တောသူလား. . . ပုလဲသီ။ အပြောအဆို မညက်လိုက်တာနော်"

ဖင်ယောင်တောင်မျက်ခုံးနှစ်ဖက် တွန့်ချိုးလျက် ပြောဆိုနေသည့်မမချောလေးကို သူမ,ငေးကြည့်နေမိ၏။ လှလိုက်တာနော်။ လှလိုက်တာမှ ရွှေမှုန်လေးတွေစုပုံထားသလို မှုန်နေအောင်လှတာပါလား။ မမဝါပြောတဲ့ သူ့ရည်းစားဖြစ်နေတာကိုး။

အမယ်လေးလေ. . . သီ့ကိုလာစစ်ဆေးတာတဲ့။ သီက ခုမှ Second Year ပဲရှိသေးတာ။ ကုမ္ပဏီကိစ္စတွေ ဘာဆိုဘာမှနားလည်သေးတာမဟုတ်။ အခုတောင် သူခိုင်းသွားလို့ Aluminium ဗီရိုအထပ်တွေကိုရှင်းလင်းပြီး File တွေပြန်စီတုန်း ဒီမမ ရောက်လာတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပုံစံလေးက ဘွဲ့ရပုံမပေါက်သေးပါဘူး။ ဘယ်နှတန်းလဲ. . . ပြောပါဦး"

"သီ, ဒုတိယနှစ် E-major ပါ"

"ကြည့်စမ်း! ဒီလောက်ပညာအရည်အချင်းလေးနဲ့ ဒီလိုနေရာကို ခန့်စရာလား။ အရိပ်ကွာ. . . ဘာသဘောလဲ"

"ဟို. . . ဟို. . . မမ. . . သီက ဒီမှာ ရုံးအကူလုပ်တာပါရှင့်။ မမထင်နေသလို အစ်ကိုဆရာရဲ့အတွင်းရေးမှူး မဟုတ်ရပါဘူး"

ဟော! ရုံးအကူဆိုပါလား။ ဒီအဆင့်လောက်လေးကို မွေးဆိုင်မှာ ဖိနပ်လိုက်ဝယ်ပေးရတယ်လို့. . . အရိပ်ရယ်။ ယူ့ဘာတွေလျှောက်လုပ်နေမှန်းကို စဉ်းစားလို့မရတော့ဘူး။ သေချာတာကတော့ ဒီချာတိတ်မလေးဆီမှာ စွဲဆောင်မှုတွေရှိနေတယ်ဆိုတာပါပဲ။ ဘယ့်နှယ်! ကိုယ်နဲ့တန်းတူအသိုင်းအဝိုင်းက မိန်းကလေးတွေနဲ့ မယှဉ်ပြိုင်ရပါဘဲ ဒီမလောက်လေးမလောက်စားချာတိတ်မလေးရဲ့အဆင့်လောက်ကို ဆင်းပြိုင်ရမယ်လို့။ သိက္ခာကျလိုက်တာနော်။

"နေပါဦး။ မင်း, အရိပ်ကိုဘယ်လိုခေါ်လိုက်တယ်"

"အစ်ကိုဆရာပါရှင့်"





"ကျွတ်! ခေါ်စရာလားကွ, ဆရာဖြင့်ဆရာပေါ့။ ဘယ့်နှယ်ချွဲချွဲပျစ်ပျစ်ခေါ်ဖို့သင့်မသင့် မစဉ်းစားတတ်ဘူးလား"

"အစ်ကိုဆရာက အဲဒီလိုခေါ်ဆိုလို့ ခေါ်တာပါမမ"

"မခေါ်ရဘူး. . . ဆရာလို့ပဲခေါ်။ အစစအရာရာလိုက်သင်ပေးရမလိုဖြစ်နေပြီ။ နေစမ်းပါဦး, မနေ့က တို့သူငယ်ချင်းရဲ့ဖိနပ်ဆိုင်မှာ မင်းကို သူ ဖိနပ်လိုက်ဝယ်ပေးတယ်ဆို။ မင်းတို့နှစ်ယောက်က ဘယ်လိုလဲ။ ကိုယ်က ရုံးအကူအဆင့်လေးပဲရှိတာ၊ GM တစ်ယောက်နဲ့ ဒီလောက်ကြီး တရင်းတနှီးရောနှောပေါင်းစရာမလိုဘူး။ အနေအထိုင်ဆင်ခြင်မှပေါ့"

"အစ်ကိုဆရာ. . . အဲ! ဆရာက သီ့ကိုလမ်းကြုံတင်ခေါ်ရင်း ဖိနပ်ဆိုင်ဝင်တာပါရှင့်။ တကူးတကကြီးလိုက်တာ မဟုတ်ရပါဘူး"

"ကျွတ်! အဲဒါတွေအလိုက်မသိတာပေါ့။ မင်းတော်တော်ကြီးကိုကြိုးစားဖို့လိုသေးတယ်ပုလဲသီ။ ဒီမှာ! တို့ပြောမယ်။ နောက်ကိုလမ်းကြုံခေါ်လည်း မင်းလိုက်ဖို့မလိုဘူး။ အကြောင်းပြချက်တစ်ခုခုပေးပြီး ငြင်းဖြစ်အောင်ငြင်းပါ။ သူနဲ့ ဒီလိုအမြဲတတွဲတွဲသွားလာနေရင် မင်းလည်းနာမည်ပျက်သလို၊ သူလည်းသိက္ခာကျတယ်။ မင်းကအကြောင်းမဟုတ်ဘူး။ သူနဲ့ပတ်သက်တဲ့တို့ကိုပါ ထိခိုက်ရော



www.burmeseclassic.com

www.burmeseclassic.com



မယ့်ကိစ္စတွေကို တို့လက်မခံချင်တာ။ သိပြီလား"

"ဟုတ်"

မျက်လုံးလေး ကကယ်ကလယ်ဖြင့် ခေါင်းညိတ်ပြနေသည့် ချာတိတ်မလေးကိုကြည့်ကာ သက်ပြင်းရှိုက်လိုက်မိ၏။ မျက်လုံးလေးတွေက သမင်ပျိုမျက်လုံးတွေလို နက်မှောင်ကာ အပြစ်ကင်းလွန်းနေသည်ပဲ။ ရိုးရိုးသားသားကြည့်တယ်ဆိုပေမယ့် အရိပ်စိတ်တွေ မယိုင်နိုင်ဘူးလို့ပြောနိုင်မလား။

ကိုယ်လှတယ်ဆိုတာက ပြင်ဆင် ဝတ်စားထားနိုင်လို့သာ။ တတ်ထားတဲ့ပညာ၊ မိဘချမ်းသာတဲ့ဂုဏ်နဲ့ ဝတ်နိုင်၊ စားနိုင်၊ မော်နိုင်၊ ကြွားနိုင်လို့သာ တင့်တယ်နေတာ။ ဒီကောင်မလေးမှာ ဘာဆိုဘာမှရှိမနေဘဲ သူ့အလိုလို မျက်နှာလေးက ဝင်းပကြည်လင်နေတာ အသိသာကြီးပင်။ ရွှေဆို၍ ဘာဆိုဘာမှဝတ်မထားတာတောင် ရုပ်လေးက သန့်ပြန်နေတာမဟုတ်ပါလား။

"ပွန်းနှန်ဆိုတော့ ဒီမှာ သူများခိုင်းသမျှလုပ်ပေးရမှာပေါ့"

"ဟုတ်"

"သူ့ရုံးခန်းထဲမှာ ဘာတွေလုပ်ရသလဲ"

"သန့်ရှင်းရေးပါရှင့်"





"အေး. . . အရိပ်က secretary ခန့်ထားတာ မဟုတ်တော့ ဒီနေရာလစ်လပ်နေမှာအမှန်ပဲ။ သူ့အရိပ်အကဲကိုကြည့်ပြီး လိုအပ်တာမှန်သမျှ သင့်တော်သလိုလုပ်ပေးပေါ့။ ဥပမာ. . . မနက်စောစော သူ့အိမ်မှာ breakfast စားမလာဖြစ်ရင် ဒီမှာပဲဖျော်တိုက်။ မုန့်တွေဘာတွေကို cabinet ထဲမှာ မပြတ်ထည့်ထားပါ။ တကယ်လို့ နေ့လယ်နေ့ခင်းပူအိုက်တဲ့အခါ အအေးလေးဘာလေးဖျော်တိုက်ပေါ့။ သူ့ကိုတစ်ခုခုကျွေးတိုင်း မင်း,လက်ကို ဆပ်ပြာနဲ့သေချာဆေးပြီးမှ လုပ်ဖို့မမေ့နဲ့နော်"

"ဟုတ်"

"လိမ်လိမ်မာမာနေပါ ပုလဲသီ. . . မင်းလိမ္မာရင် ဒီ့ထက်ကောင်းတဲ့နေရာကိုရမှာ။ နောက်ပြီးတော့ မင်းကိုမှာထားရဦးမယ်။ အရိပ်နဲ့ပတ်သက်ပြီး တို့ကလွဲလို့ တခြားမိန်းကလေးတွေ တွဲလာတာမျိုး၊ Phone ဆက်တာမျိုးတွေ့ရင်ပဲဖြစ်ဖြစ်၊ ကြားရင်ပဲဖြစ်ဖြစ် တို့ကိုပြောပါ။ မင်းကို တို့မုန့်ဖိုးပေးမယ်,ကြားလား"

"ဟုတ်"

"ရော့. . . ဒါ,တို့ visiting card ယူထား။ မင်း, တို့ဆီ Phone ဆက်တာကို အရိပ်,မသိပါစေနဲ့။ မင်းအိမ်နားမှာ phone ဆက်ရ



www.burmeseclassic.com

www.burmeseclassic.com



လွယ်လား"

"ဟုတ်ကဲ့မမ။ သီတို့ဘေးခြံက စတိုးဆိုင်မှာ phone ရှိပါ တယ်"

"အေးအေး. . . အဲဒီကပဲဆက်ပေါ့၊ ဟုတ်ပြီလား"

"ဟုတ်"

လာပြန်ပြီတစ်ယောက်. . .

အစ်ကိုဆရာလိုတော့ ဝန်ထမ်းတွေ မဟုတ်တာလုပ်မှာကို စောင့်ကြည့်နိုင်းတာမျိုးမဟုတ်ဘဲ အစ်ကိုဆရာကိုမှစောင့်ကြည့်ဖို့ ပြောနေတာပါလား။

ပြဿနာပဲ . . . အစ်ကိုဆရာသာ သူ့အကြောင်းတွေကို သီ လျှို့ဝှက်သိုသိပ်စွာပို့နေတာကိုသိသွားရင် ဘယ့်နှယ်လုပ်ရပါ့။ တော် ကြာ. . . အမြင်ကပ်ပုဒ်မနဲ့ အလုပ်ဖြုတ်လိုက်ရင် သီပဲဒုက္ခရောက် ရမှာလေ။

တံခါး lock က ချပ်ခနဲပွင့်သွားကာ ရုံးခန်းထဲသို့ သူဝင်လာ လေ၏။

"ပုလဲသီ. . . ဟော! လေပြည်ပါလား။ ဘယ်တုန်းက ရောက် နေလဲ"





"နေ့လယ်နှစ်နာရီကျော်လောက်ပဲ အရိပ်ရဲ့"

"ကိစ္စရှိလို့လား"

"ကိစ္စရှိမှလာရမှာလား အရိပ်ရဲ့။ ယူ့ဘယ်လိုဖြစ်နေတာလဲ။ ခါတိုင်းလည်း လာနေကျကို"

"ဘာမှမဟုတ်ပါဘူး။ ဒီလိုပဲမေးလိုက်မိတာပါကွာ။ ဘာစား ပြီးပြီလဲ"

"ယူ့ချာတိတ်က တို့ကိုဘာမှဧည့်မခံတော့ မစားရသေးဘူး ဆိုပါတော့"

"ကိုယ့်ရုံးခန်းမှာ ဘာမှမထားဘူး လေပြည်ရဲ့။ စားမယ်ဆို ရင် ကိုယ်လိုက်ကျွေးပါ့မယ်"

"နေပါစေတော့။ ယူက စားလာပြီးပြီမဟုတ်လား။ Thesis တင်ပြီး လမ်းကြုံတာနဲ့ဝင်လာခဲ့တာပါ။ အန်ကယ်ပြန်ရောက်ရင် တော့ ယူ့ အိမ်ကိုလာခဲ့ဦးနော်။ ဒက်ဒီရော၊ မာမီပါ ယူ့ကိုသတိ တရမေးနေတယ်"

"အင်းပါ. . . ကိုယ် အလုပ်နည်းနည်းရှိသေးလို့ (၆)နာရီ လောက်မှပဲ ပြန်ဖြစ်မယ်။ လေပြည်နဲ့အတူ မပြန်ဖြစ်တာ sorry ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်အရိပ်ရဲ့။ တို့မှာ ကားပါလာပါတယ်။ ဒါဖြင့် တို့ ပြန်ဦးမယ်နော်"

"Ok. . . လေပြည်"

ရုံးခန်းတံခါးကိုဖွင့်ပေး၍ လေပြည်ပြန်တာကို နှုတ်ဆက်ပြီးမှ သူပြန်ဝင်ခဲ့၏။ coat ကိုချွတ်၍ ချိတ်မှာချိတ်လိုက်စဉ် မျက်နှာ တစ်မျိုးလေးဖြစ်နေသည့်သူမကို သတိထားမိသွားရသည်။

"ဘာဖြစ်နေလဲ ပုလဲသီ"

"ရှင်"

"ကိုယ်မေးတာ ဖြေဦးလေ"

"ဟို. . . ဟို. . . ဘာမှမဖြစ်ပါဘူး အစ်ကိုဆရာ။ အဲ! ဆရာသီ, Hall ထဲသွားတော့မယ်နော်"

"နေဦး. . . မင်း, ကိုယ့်ကိုဘယ်လိုခေါ်လိုက်တယ်"

"ရှင်! ဟိုလေ. . . ဆရာလို့"

"မင်းကို ကိုယ်ဘယ်လိုသင်ပေးထားလဲ"

"အဲ"

သူမနားသံသီးလေးကိုအသာဆွဲ၍ စိတ်ရှုပ်သွားမိ၏။ အခုလေးပဲ မမက သင်ပေးသွားတယ်။ အခု သူက စစ်ချေပြီကော။





ဖုံးထားဖိထားသမျှတွေအကုန်ပေါ်ကုန်မှ အလုပ်ပြုတ်ဖို့သေချာတော့မှာပဲနော်။

"ပုလဲသီ"

"ရှင်"

"မင်းတစ်ခုခုဖြစ်တာ သေချာနေပြီ၊ ကိုယ့်ကိုပြောစမ်း။ မင်းမျက်နှာမှာ တစ်ခုခုဖုံးကွယ်ထားတာ ပေါ်လွင်နေတယ်။ ဒီလောက်အပြစ်ကင်းတဲ့မျက်လုံးတွေမှာ ဘာလျှို့ဝှက်တာတွေရှိနေလဲ"

"ဟိုလေ. . . မမ. . . မမကပြောသွားတယ်"

"လေပြည်က. . . မင်းကို"

"ဟုတ်"

"ဘာတွေပြောသွားတာလဲ"

"အစ်ကိုဆရာ့ကို ဆရာလို့ပဲခေါ်ရမယ်တဲ့"

"အမယ်. . . မင်းကို ကိုယ်ခန့်ထားတာလား၊ သူ့ခန့်ထားတာလား"

"အစ်ကိုဆရာ, ခန့်ထားတာပါ"

"ဒါဖြင့် ကိုယ်ခေါ်ခိုင်းသလိုပဲခေါ်ပါ။ ပြောင်းခေါ်စရာမလိုဘူး။ ပြီးတော့ရော"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကို ကြိုးစားပါတဲ့။ ပြီးတော့ ဟိုလေ, အစ်ကိုဆရာ ဗိုက်ဆာရင် တစ်ခုခုဖျော်တိုက်ရမယ်တဲ့"

သူပြုံးလိုက်မိ၏။

ချာတိတ်မကို လေပြည်တစ်ယောက် power တွေ စွတ်ပြသွားသည်ပဲ။ လေပြည်နှင့်သူ ဘယ်လိုဘယ်ဝါဆိုတာတွေပါ ပြောသွားပုံလည်းရပါသည်။ ဒါကြောင့်မို့ သူမပုံစံက အစကလို သူ့ကို တရင်းတနှီးမပြောရဲတော့ဘဲ ရှိန်သလိုလန့်သလိုဖြစ်နေတာကိုး။

"နောက်တော့ရော"

"အင်း. . . ဒါပဲရှင့်"

"ဒီ့ထက်တော့ မကနိုင်ပါဘူး။ မင်း, တမင်လျှို့ဝှက်ထားတာတွေများ ရှိသေးလား,ပုလဲသီ"

"မရှိ. . . မရှိပါဘူး,ဆရာ။ အဲ! အစ်ကိုဆရာ"

သူ,ထိုင်ခုံမှာဆိုင်လျက် စားပွဲပေါ် လက်ညှိုးဖြင့်တဆောက်တောက်ခေါက်ကာ စဉ်းစားနေမိ၏။

လေပြည်. . . လေပြည်. . . မင်းဘယ်ခြေလှမ်းသလဲဆိုတာ ကိုယ်ရိပ်မိပါတယ်။ ကိုယ့်ချာတိတ်မကိုတော့ မင်းအိတ်ထဲထည့်ဖို့ မကြိုးစားပါနဲ့။ မရဘူးနော်။ ပုလဲသီကို ကိုယ်ပဲပိုင်တယ် လေပြည်။





ဒါကို မင်းသိရဲ့လား။

"ကော်ဖီတွေဘာတွေဖျော်တိုက်ဖို့ပဲ သင်ပေးသွားတာလား။ တခြား ဘာလုပ်ပေးရမယ်၊ ညာလုပ်ပေးရမယ်လို့ရော ပြောမသွားဘူးလား ပုလဲသီ"

"ဟင့်အင်း. . . မပြောဘူးရှင့်"

"ကိုယ်ဖက်ကြောတွေဘာတွေတက်တဲ့အခါမျိုးမှာလည်း နှိပ်ပေးတတ်ရတယ်ဆိုတာလေ"

"ရှင်! "

ကဲ! ဒီမျက်လုံးလေးတွေ ဝိုင်းသွားရပြီမဟုတ်လား။ အခုမှ စမြင်ဖူးတဲ့လေပြည့်ကိုကြောက်နေတာတော့ သိပ်သဘာဝမကျဘူး ပုလဲသီ။ တကယ်ဆို မင်းက ကိုယ်နဲ့ပဲသက်ဆိုင်တာလေ။

"ဒီနားကိုလာဦး"

"ရှင်! "

"ရှင်မနေနဲ့. . . လာဆိုလာပေါ့။ ကိုယ် meeting ထိုင်ရတာ ကြာခဲ့လို့ ဖက်ကြောတွေအရမ်းတက်နေပြီ။ အဲဒါ မင်းနှိပ်ပေးရမယ်"

အလိုလေး! မမသင်ပေးသွားတုန်းက ဒီလိုလုပ်ပေးရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်း မပါပါဘူး။ ဘယ့်နှယ်, အခုတော့ သူက ခိုင်းနေပါရောလား။ သူ့မျက်နှာကိုကြည့်တော့လည်း ခပ်တည်တည်ဖြင့် လုပ်ရိုးလုပ်စဉ် ခိုင်းနေသလိုပင်။

"ကိုယ်ပြောတာ ကြားတယ်နော်. . . ပုလဲသီ"

"ဟုတ်"

"လာ. . . ကိုယ့် secretary လုပ်မယ့်သူက ကိုယ့်မျက်နှာ အရိပ်အကဲကို အမြဲမပြတ်ကြည့်တတ်ရတယ်။ ဘာလိုအပ်သလဲဆို တာကို အဆင်သင့်လုပ်ပေးနိုင်ရတယ်ကွ"

"သီက. . . သီက. . . secretary မှမဟုတ်ဘဲ"

"ဘာလဲ! ကိုယ်ခိုင်းတာ မင်းမလုပ်ချင်ဘူးလို့ငြင်းတာလား"

"ဟင်! ဟုတ်ပါဘူး"

"မင်းကို ဒီလိုနေရာမှာပဲ အမြဲထားမယ်လို့ ကိုယ်ပြောဖူး သလား ပုလဲသီ"

"ဟင့်အင်း"

"ဒါပေါ့, ကိုယ့် secretary ရာထူးကိုဝင်လျှောက်ရင် ဘယ်လို အရည်အချင်းမျိုးရှိဖို့လိုအပ်သလဲဆိုတာ ကိုယ်, မင်းကိုသင်ပေးနေ တယ်. . . လာနှိပ်ပေး"





သူမမျက်နှာလေးရှုံ့တွသွားကာ သူ့နောက်ကျောဘက်မှာ ရပ်လိုက်ပါ၏။ သူက ပခုံးကိုလက်ပုတ်ပြလိုက်သည်မို့ သူမ စနှိပ် ပေးရတော့သည်။ Secretary အလုပ်မှာ ဒီလိုအသေးအဖွဲကအစ လျှောက်လုပ်ပေးရတာပဲလား။ သိ,နားမလည်ပါ။

ဒီလိုသူစိမ်းယောကျ်ားတစ်ယောက်ကို လက်ပွန်းတတီးကြီး မနေဖူးတာမို့ မျက်နှာလည်းပူ၊ ရှက်အမ်းအမ်းလေးဖြစ်နေမိတာ အမှန်ပင်။ ရုတ်တရက် သူက သူမလက်ဖမိုးကို လှည့်မကြည့်ပါဘဲ ကိုင်လိုက်လေ၏။

အို! ဘယ်လိုလဲ?

"ပုလဲသီ"

"ရှင်"

"လေပြည်ဘာပြောသွားသလဲဆိုတာ ကိုယ့်ကို မချွင်းမချန် ပြောရမှာနော်။ အေး. . . မပြောဘဲဖုံးထားပြီး နောက်မှကိုယ်သိရင် မင်းမလွယ်ဘူး။ မှတ်ထား"

သူမ ငြိမ်သွားပါ၏။ ပြောလိုက်ရမလား။ အို. . . မဖြစ်သေး ပါဘူး။ တော်ကြာ. . . သူ,မရှိတုန်း မမ ရန်လာလုပ်မှအခက်ပဲ။ မမမျက်လုံးတွေကို သိကြောက်တယ်။ သူ့ကိုက အလုပ်ရှင်မို့ လန့်



www.burmeseclassic.com

www.burmeseclassic.com



ရှုံသက်သက်ပဲရှိတာ။ မမအကြည့်တွေက သို့ရင်ထဲကို စူးခနဲထိုးစိုက်လိုက်သလိုမျိုး တစ်မျိုးကြီးပါလေ။

"ဟောဗျာ. . . ဘာတွေစဉ်းစားနေတာလဲ"

"ဟင်! ဘာမှမဟုတ်ပါဘူး"

"ကဲ. . . ပြန်ကြစို့။ ငါးနာရီထိုးနေပြီ"

"ဟင်. . . ခုနကတော့ ခြောက်နာရီမှပြန်မှာဆို"

"ကျွတ်! ဒါ ကိုယ့်ကိစ္စပါကွ။ ကိုယ်ပြန်ချင်တဲ့အချိန်မှ ပြန်မှာပေါ့။ နေရာတကာ သူ့ကိုလိုက်လျောဖို့မလိုပါဘူး။ သူနဲ့ကိုယ်က ဆိုင်ရုံလေးပဲဆိုင်တာ၊ ပိုင်သေးတာမဟုတ်ဘူး။ အခုလောလောဆယ် ကိုယ့်ကိုယ်ကိုပိုင်တယ်။ သွားစို့"

"အဲ! သီ,ဝင်စရာရှိသေးလို့ မလိုက်တော့ဘူးနော်"

သူ, မျက်မှောင်ကြုတ်သွားရလေ၏။ ဘယ်နှခါများ ငြင်းလို့ရခဲ့ဖူးလို့လဲ။ သူတစ်ခွန်းပြောလိုက်တာနဲ့ ခေါင်းညိတ်နာခံတတ်တဲ့ ချာတိတ်မကို ဒီလိုအာခံလာတတ်အောင် လေပြည်သင်ပေးလေပြီလား။

"ဘယ်ဝင်မှာလဲ. . . ကိုယ်ပို့ပေးမှာပေါ့"

"မဖြစ်ဘူးရှင့်, သို့ဟာသီ သွားမှဖြစ်မှာမို့ပါ"





"မင်းဘာဖြစ်နေလဲ ပုလဲသီ။ မင်းသွားမယ့်နေရာကိုတောင် ကိုယ့်ကိုမပြောချင်ဘူးဆိုပါတော့လေ"

"မဟုတ်ပါဘူး"

"ဒါဖြင့်လည်း လာ,သွားမယ်"

"အာ"

သူမခေါင်းကို တဗျင်းဗျင်းကုတ်လိုက်မိလေ၏။ ခက်လိုက်တာနော်။ သူကလည်းဇွတ်။ မမကလည်းတစ်မျိုး၊ ကြားထဲမှာ သီဘယ်လိုစခန်းသွားရမှာပါလိမ့်။

"ပုလဲသီ. . . သွားမယ်လို့ ကိုယ်ပြောနေတယ်လေ"

"ဟိုလေ. . . သီ. . . သီ. . . အစ်ကိုဆရာ့ကားနဲ့လိုက်လို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ, မင်းကောင်လေးမြင်ရင် ပြဿနာရှာမှာစိုးလို့လား"

"ဟင်! သို့မှာ ဘာကောင်လေးမှမရှိပါဘူး။ ဟိုလေ. . . အစ်ကို၊ အစ်ကိုဆရာ. . . သိက္ခာ. . . သိက္ခာကျမှာစိုးလို့ပါ"

"ဟော! စကားအဆန်းတွေထွက်လာပြီ။ ပြောစမ်း. . . ဒီစကား မင်းကိုဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ, မမကပြောတယ်။ အစ်ကိုဆရာခေါ်တိုင်း မလိုက်ရဘူးတဲ့။ ပြီးတော့. . . တတွဲတွဲလည်းမသွားရဘူးလို့ပြောတယ်"

သူတီးတိုးရယ်လိုက်မိပါ၏။ လေပြည်တော့ သူ့ကို ဤချာတိတ်မနှင့် Jealous ဝင်ပြီပဲ။ ပြောတော့ဖြင့် ကိုယ့်ကိုစိတ်မဝင်စားသလို မာနကြီးတစ်ခွဲသားနဲ့ မာန်ဝင့်ချင်သေးပါလား လေပြည်။

မင်းဘေးမှာ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ သင်္ဘောသားအရာရှိတွေဝိုင်းဝိုင်းလည်နေတာကို ဂုဏ်ယူနေတတ်ရင် ကိုယ်လိုလူတစ်ယောက်ကို ဒီလောက်ထိ J ဝင်စရာ မလိုအပ်ပါဘူးလေ။

"မင်း, သူ့စကားကို နားထောင်ဖို့မလိုဘူးပုလဲသီ။ မင်းခေါင်းထဲ အမြဲမှတ်ထားဖို့က မင်းဟာ ကိုယ်နဲ့သက်ဆိုင်တယ်။ မင်းကို ကိုယ်ပိုင်တယ်။ ဟုတ်ပြီလား. . . ဒီတော့ ကိုယ့်စကားကိုပဲ မင်းနားထောင်ရမယ်။ နာခံရမယ်. . . အဲဒီလေပြည်ဆိုတဲ့တစ်ယောက်က ကိုယ့်ကို control လုပ်ဖို့ ကြိုးစားနေတာကွ။ ကိုယ်က မိန်းမတစ်ယောက်ထိန်းချုပ်တာကို ငြိမ်ခံနေမယ့်အရုပ်မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို Self control လုပ်တဲ့လူ. . . I'm in mine (ကိုယ့်အထာနဲ့ကိုယ်) ပဲ ပုလဲသီ။ ကိုယ်က ဒါဆိုရင် မင်းဆီက Yes ဆိုတဲ့အသံပဲ ကိုယ်ကြားချင်တယ်. . . လာ"





ကဲ. . . ဘယ့်နှယ်လုပ်ရမလဲမမလေပြည်ရေ။ မမပြောသလို သီက သူ့အကြောင်းတွေကို တိတ်တဆိတ်တိုင်ဖို့နေနေသာသာ သီမလှုပ်နိုင်အောင် ချည်ပြီးတုပ်ပြီးပြောနေတာပဲကြည့်။ သီတော့ ကြာလာတာနဲ့အမျှ ဒီလူတစ်ယောက်ကို ပိုပြီးလန့်လာမိတာအမှန်ပါ။ သူ့စိတ်သူ့သဘောနဲ့ ဘာကိုမှဂရုမစိုက်ဘဲ ဇွတ်တရွတ်လုပ်တတ်တာ မျက်မြင်ပဲဟာ။

"ဟင်းဟင်းဟင်း. . . ဒါနဲ့ပဲ သမီးပုလဲ, သူ့ကားနဲ့ သွားနေပြန်နေရတယ်ပေါ့လေ"

အန်တီက သူမပါးလေးကိုဆွဲလိမ်၍ ပြောလိုက်သဖြင့် သူမအီလယ်လယ်ဖြင့် ရယ်လိုက်မိလေ၏။

"လောလောဆယ် သို့ခြေထောက်သိပ်မကောင်းသေးလို့ သူပို့တာလည်းဖြစ်မှာပါအန်တီရဲ့။ အဲဒီမမနဲ့ အစ်ကိုဆရာက အတော်လေးလိုက်ဖက်တယ်။ မမက လှလည်းလှတယ်။ ပြီးတော့. . ."

"ပြီးတော့. . . ဘာဖြစ်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ. . . အစ်ကိုဆရာ့အပေါ်မှာလည်း သံယောဇဉ်ကြီးပုံရပါတယ်။ အစ်ကိုဆရာကတော့ မမကိုဆက်ဆံတာ တစ်မျိုးကြီးပဲ။ ဒီလောက်ချောတဲ့မမကို လေသံချိုချိုလေးနဲ့တောင်မှမပြောဘူး"

"ဟုတ်လား။ သူ့မကြိုက်လို့နေမှာပေါ့သမီးရဲ့"

"ဟင်! သူတို့နှစ်ယောက်ကချစ်ကြလို့ စေ့စပ်တာမဟုတ်ဘူးလား"

"ဘယ်ကသာ, အဲဒီဦးမိုးညိုဆိုတဲ့လူ့ခွစာကြီးက သူ့သူငယ်ချင်းရဲ့သမီးနဲ့မြန်းလို့ ဒီကိစ္စတွေဖြစ်လာရတာ။ အရိပ်က ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုချင်တာမှမဟုတ်ဘဲ"

သူမ, အန်တီ့ကိုငေးကြည့်နေမိ၏။ အန်တီဟာ ဆရာဝန်ပီပီ ခန့်ထည်ချောမောလွန်းတာ မှန်သော်လည်း တစ်ခါတစ်ရံမှာ တစ်ခုခုကိုတွေးကာ ငိုင်သွားတတ်တာကို သီ့မကြာခဏမြင်ဖူးပါသည်။ သူတစ်ပါးကိုယ်ရေးကိုယ်တာကို မစပ်စုကောင်းပေမယ့် အန်တီမှိုင်တွေနေတာကိုတော့ဖြင့် သီ့မမြင်ချင်ပါလေ။

အန်တီက နာမည်နှင့်လိုက်အောင် မျက်နှာထားချိုကာ ပြုံးလိုက်လျှင် ပါးချိုင့်လေးခွက်ဝင်သွားတာကအစ ကလေးလေးနှင့်တူလွန်းလှပါ၏။ မမေ့ဆီ ခဏခဏလာလည်ရင်း သီ့ကိုမြင်တော့





သမီးရင်းလေးလိုချစ်ရင်းစွဲရှိကာ ဟိုဟာဝယ်ပေး၊ ဒီဟာဆင်ပေးနှင့်မို့ မေမေရော,သီပါ အားနာမျက်နှာပူရလေ၏။

မေမေပြောတာတော့ အန်တီ့ကို အပျိုကြီးလိုလို၊ တစ်ခုလပ်ပဲလိုလို မသေမချာကြီးမို့ သီလည်းမသိရပါချေ။ ဘာပဲဖြစ်ဖြစ် အန်တီ့ကိုပစ်သွားတဲ့ချစ်သူ (သို့မဟုတ်) ယောကျာ်းတစ်ယောက်ဟာ ဦးနှောက်ချို့ယွင်းသူဟု သီယူဆပါ၏။ ဟုတ်တယ်လေ, ဒီလောက် ဥစ္စာပေါ၊ ရုပ်ချော၊ သဘောကောင်း၊ ပညာတတ်တဲ့မိန်းမတစ်ယောက်ကိုစွန့်ပစ်တာ သူ့မှာ မှတ်ဉာဏ်တွေတုံးနေလို့ပဲပေါ့။

"အန်တီ"

"ဟေ"

"သီ,ဘာဆက်လုပ်ရမလဲဟင်"

"ပြောမှာပေါ့ပုလဲရဲ့။ သမီးလုပ်ရမှာက အဲဒီလေပြည်ဆိုတာနဲ့ အရိပ်ကိုမနီးစပ်အောင်ပဲ"

"ရှင်! "

"ဟုတ်တယ်, အမိက,က ဦးမိုးညိုကိုစိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်ချင်လို့ပဲ"

"သီဒီလိုလုပ်ရင် သီ့ကို အစ်ကိုဆရာကမုန်းမှာပေါ့အန်တီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . သမီးက အရိပ်မုန်းမှာကိုစိုးရိမ်နေပြီလား"

"ဟင်! အဲဒီလိုလည်းမဟုတ်ရပါဘူး"

"စိတ်ချ, သမီးကို အရိပ်,မမုန်းစေရဘူးလို့ အန်တီအာမခံတယ်။ ရှင်းရှင်းပြောရရင် အဲဒီအရိပ်အလိုကျ သမီးကိုလိုက်လျောစေချင်တာပဲ။ လေပြည်နဲ့ပြတ်ရင်ပြီးပြီ။ သမီးတာဝန်ကျေရောပေါ့"

"အာ. . . အဲဒီလိုကြီးတော့ သီမလုပ်ရဲဘူး။ အစ်ကိုဆရာ့ကို သီကြောက်တယ်။ တော်ကြာ. . . သူသိသွားရင်၊ ဟင့်အင်း. . . မဖြစ်ဘူး"

"ဩော်. . . သမီးကလည်း အလိုက်သင့်ကလေး အဆင်ပြေသလိုလုပ်ရုံပါ။ ကဲ! လေပြည်ပြောသလို လေပြည့်အလိုကျလုပ်ပေးလိုက်။ ဟော! ဒါကို သူသိသွားရင် လေပြည်နဲ့ပြဿနာဖြစ်၊ စိတ်ဆိုး. . . ပြတ်ရော"

ဟင်! ပြောတော့ဖြင့်လွယ်လိုက်တာ။ လူနှစ်ယောက်ကြားမှာ ခလောက်ဆံဖို့ဆိုတာ တကယ်မလွယ်တဲ့အလုပ်ပဲ။ ပြီးတော့ ဒီလိုလုပ်တာမျိုးကို ရုပ်ရှင်တွေထဲမှာသာ တွေ့ဖူးတာ။ အဲဒီဗီလိန်ရုပ်မျိုးကို သီက ငယ်ငယ်ကတည်းကမုန်းတာလေ။

"ဒုက္ခပဲ. . . သီမှမလုပ်တတ်တာအန်တီရဲ့"





"ဩော်. . . ခက်တာလိုက်လို့သမီးရယ်။ အလွယ်လေး, ဒီမှာ အရိပ်က သူနဲ့လိုက်ဆိုရင် ပါတီပဲဖြစ်ဖြစ်၊ Dinner ပွဲပဲဖြစ်ဖြစ် လိုက်သာသွားချည်။ သူ့စိတ်တိုင်းကျ,နေပေး"

"ရှင်! "

သူမမျက်လုံးအစုံ ပြူးကျယ်သွားရလေ၏။

အမယ်လေးလေ. . . ပြောလိုက်မှဖြင့် ဂိတ်ဆုံးပါရောလား။ သီ့အသက်အခုမှ (၁၉) နှစ်ကျော်ကျော်လေးကို ဒီအခြေအနေထိ ရောက်အောင် ခိုင်းရတယ်လို့။ ရက်စက်လိုက်တာအန်တီရယ်။

"ဟဲ့! ဘာငိုင်နေတာလဲ။ ဩော်. . . သမီးက တလွဲတွေးပြီထင်တယ်။ အန်တီဆိုလိုတဲ့သဘောက အရိပ်နဲ့သမီးကို ချစ်သူတွေဖြစ်သွားစေချင်တာပါ။ ဒီ့,ဦးမိုးညိုဆိုတဲ့လူကြီး, သမီးကို အန်တီ့ဆီမှာလာတောင်းတာမျိုးမြင်ချင်လွန်းလို့ ခွင်ဆင်တာလေ။ သမီးဒုက္ခရောက်အောင်တော့ အန်တီလုပ်ပါ့မလား ပုလဲရဲ့။ သမီးကို တင့်တောင်းတင့်တယ်လေး အိမ်ထောင်ကျစေချင်တဲ့စေတနာလည်းရှိလို့စီစဉ်ပေးတာ။ တခြားဘာကိုမှမရည်ရွယ်ဘူး"

"ဟိုလေ, သီပြောရင် အန်တီစိတ်မဆိုးပါနဲ့နော်။ အဲဒီ. . . အဲဒီ ဦးမိုးညိုဆိုတာ. . . အန်တီနဲ့ချစ်သူတွေဖြစ်ခဲ့တယ်ဆိုတဲ့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်လားဟင်"

"အမယ်လေးတော်! ဒီလောက်မျက်နှာရှစ်ခေါက်ချိုးထားတဲ့ လူမျိုးနဲ့ကြိုက်စရာလား"

အန်တီက နှုတ်ခမ်းစူကာ ပြောလိုက်ပါသော်လည်း မျက်လုံး လေးတွေကဖြင့် ရီဝေဝေလေးဖြစ်သွားပါလေ၏။ ဟုတ်ပါတယ် သီထင်တဲ့အတိုင်းဖြစ်မှာပါ။ အန်တီ့ချစ်သူနဲ့ပြန်ပေါင်းထုပ်ဖို့အရေး သို့ကို မြားနတ်မယ်လုပ်ခိုင်းတာပါလား။ ဒါဆိုလည်း သူနဲ့မမကို မကွဲကွာစေဘဲ အန်တီတို့ပြေလည်အောင် သီ့အတတ်နိုင်ဆုံး ကြိုး စားမှာပါလေ။

အန်တီ့ကိုနှုတ်ဆက်ကာ သီ့ပြန်လာတော့ ညတောဖိနည်း နည်း မှောင်နေချေပြီ။ မေမေခွဲစိတ်ရမည့်ရက်လည်း နီးချေပြီကော။ မေမေ့ကျန်းမာရေးကိစ္စ၊ စားဖို့နေဖို့ရော၊ သီ့နေထိုင်ရေးပါ အဆင် ပြေအောင် စီစဉ်ပေးထားသည့်ကျေးဇူးတွေကို ဒီနည်းဖြင့်ဆပ်နိုင် လိမ့်မည်ထင်ပါသည်။ ဘာပဲဖြစ်ဖြစ် အန်တီတို့ဇာတ်လမ်းက လှို ဝှက်သော်လည်း စိတ်ဝင်စားဖို့ကောင်းတာမို့ သီ့လုပ်ပေးရမှာ ပျော် တာအမှန်ပါလေ။



# အလယ်



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ခြင်း၏နောက်ကွယ်မှာ...



သံသယဆိုတာ ဘဝထဲကိုဝင်လာခဲ့ရင် အရာရာ ကျွမ်းထိုးမှောက်ခုံဖြစ်ကုန်တော့တာပဲ။ နာကျင်စရာတွေ ပြည့်နှက်နေခဲ့တဲ့အတိတ်ကို ပြန်မလွမ်းချင်ပေမယ့် သူ့နှလုံးသားကိုအဏ်ရာရစေခဲ့တဲ့ မိန်းမတစ်ယောက်ကို ခုချိန်ထိသတိရနေတာ ဘာကြောင့်လဲ။

မာနချင်းယှဉ်ပြိုင်စဉ်က မေ့လျော့မိခဲ့တဲ့ 'အချစ်' ဆိုတဲ့အရာကို ပြန်သတိရချိန်မှာ အရာရာ နှောင်းသွားခဲ့ပြီလေ...

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညို့ဝှက်ခြင်းတို့နောက်ကွယ်မှာ . . .

## အခန်း ( ၆ )

Lift တံခါးပွင့်သွားသည်နှင့် ဝန်ထမ်းအားလုံး မတ်တတ်ရပ်ကာ နှုတ်ဆက်ကြလေ၏။ သားဖြစ်သူကို ပစ္စည်းတွေသွားရွေးခိုင်းထားတာမို့ ကုမ္ပဏီကို သူ့ခပ်စောစောရောက်လာခဲ့တာပင်။ သူ့ secretary မေသက်ပန်ကိုလည်း ပုဂံကိုလွှတ်ထားတာမို့ ရုံးခန်းရှင်းရန် စိတ်ချရသည့် staff တစ်ယောက်လိုပြီမှန်း တွက်မိလိုက်၏။

သားမှာရော secretary ခန့်ထားပြီးပြီလား။ အားလုံးကို ခေါင်းဆတ်ကာ ပြန်နှုတ်ဆက်လိုက်ပြီး သားရုံးခန်းတံခါး Lock ကိုဖွင့်လိုက်စဉ် သူအံ့ဩသွားရလေ၏။ ရုံးခန်းထဲမှာ File တွေ စီ



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ရုပ်သန့်သန့်နှင့်ကလေးမလေးတစ်ယောက် ရှိနေသည်ကိုး. . .

"ဟင်! "

သူလာပြီထင်၍ နှုတ်ဆက်ရန်ပြင်လိုက်ရင်းမှ သူမ အံ့သြသွားရပါ၏။ ရုံးခန်းထဲဝင်လာသည်က အင်မတန်ခန့်ထည်ချောမောသည့်လူကြီးမဟုတ်ပါလား။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ပုလဲ. . . ပုလဲသီပါရှင့်"

"ပုလဲသီ. . . သားရဲ့အခန်းထဲမှာရှင်းပြီးရင် ကိုယ့်အခန်းကိုလည်း လာရှင်းပေးပါဦး။ ကိုယ့် secretary ကို ပုဂံလွှတ်ထားလို့ cleaning လုပ်ပေးမယ့်သူ မရှိလို့ပါ"

"ဟုတ်ကဲ့ပါ အန်ကယ်"

ခေါင်းတစ်ချက်ညိတ်ကာ ရုံးခန်းထဲမှ လူကြီးပြန်ထွက်သွားပါ၏။ ချောလိုက်တာနော်. . . သားထက်တောင်မှ အပုံကြီးချောလှချည်လား။ ဒါကြောင့်လည်း အန်တီပြန်ဆက်ချင်တာနေမှာပေါ့။ ခေတ်ပုံထဲကထက် အပြင်မှာပိုရင့်သွားသော်လည်း သူ့ထက်ပိုခန့်ကာ တည်ငြိမ်ပုံက ပို၍ကျက်သရေရှိနေတာ တကယ်ပါလေ။





ရုံးခန်းထဲဝင်လာသည့်ကောင်မလေးကို ခေါင်းညိတ်ပြကာ စစ်စရာရှိသည့်စာရင်းတို့ကို သူစစ်နေမိ၏။ ကောင်မလေးက ဗီရိုတွေပေါ်နှင့် တခြားစားပွဲရှေ့ပေါ်မှဖုန်တွေကိုအရင်ရှင်းကာ ကြမ်းပြင်ကို သန့်ရှင်းရေးလုပ်နေသည်။ ပြီးမှ စာအုပ်တွေ၊ File တွေကို သေချာစီပေးလေ၏။ မျက်နှာလေးကိုကြည့်ရုံဖြင့် အသက်ငယ်ကာ အနေတည်မှန်းသိနိုင်ပါသည်။

ဒီလောက်ငယ်ငယ်ရွယ်ရွယ်ချာတိတ်မလေးကိုမှ အနီးဆုံးကို ဘယ်လိုရည်ရွယ်ချက်နဲ့များ သားခေါ်ထားတာပါလိမ့်။

"ပုလဲသီ"

"ရှင်. . . အန်ကယ်"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"(၁၉)နှစ်ပါ"

"ကျောင်းမပြီးသေးဘူးပေါ့"

"ဟုတ်ကဲ့။ သီ့နောက်ဆုံးတစ်နှစ် ကျန်ပါသေးတယ်"

"မင်းမိဘတွေ ဘာလုပ်ကြသလဲ"

"သီ့မှာ ဖေဖေမရှိတော့ပါဘူး။ သီ့လေးတန်းနှစ်မှာ ဆုံးသွားတာပါ။ မေမေက စက်ချုပ်ပါတယ် အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း! ဒီလောက်အရည်အချင်းလေးသာရှိတဲ့ ချာတိတ်မလေးကို ဒီလို secretary နေရာမှာ သားခန့်ထားတာတဲ့လား။ ဒီကောင်တော့မဟုတ်တော့ပါဘူး။ အ[ ]အစည်တစ်ခုခုတော့ ရှိကိုရှိမှာသေချာနေပါပြီ။

"သားနဲ့မင်း အတော်ရင်းနှီးလားပုလဲသီ"

"ရှင်! "

"ဒီလိုလေ, ကိုယ်ဆိုလိုတာက မင်းအစ်ကိုနဲ့ သား, ရင်းနှီးပြီး ဒီကိုရောက်လာတာမျိုးကို ဆိုလိုချင်တာပါ"

"သို့မှာ ညီအစ်ကိုမောင်နှမ မရှိပါဘူးအန်ကယ်"

ကဲ! ပွဲသိမ်းရော. . .။ ကိုယ်တိုင်လာလျှောက်လို့ သားခန့်လိုက်တာပဲပေါ့။ ဒီကောင် ဘယ်လိုမျက်လုံးနဲ့ကြည့်ပြီး ခန့်လိုက်လဲမသိတော့ပါဘူး။ လာမှပဲ မေးရဦးမယ်။

"အေးအေး . . . အဲဒီဗီရိုတွေထဲ ရှင်းပေးပါဦး ပုလဲသီ။ သားမလာသေးရင် မင်းအချိန်ရှိသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့, ရပါတယ်အန်ကယ်"





ကုမ္ပဏီကို သူရောက်တော့ (၁၀)နာရီကျော်နေချေပြီ။ Hall ထဲဝင်ကြည့်စဉ် သူမကိုမမြင်ရ၍ သူ့ရုံးခန်းထဲ ဖွင့်ကြည့်လိုက်ပါ၏။ အခန်းက ရှင်းသန့်နေပါသော်လည်း သူမ ရှိမနေပါချေ။ ဖေဖေ့အခန်းကိုဖွင့်တော့လည်း မတွေ့ရ။ မင်းဘယ်ရောက်နေလဲ ပုလဲသီ။ Show room ထဲ ကိုယ် Round လှည့်ပြီးမှ တက်လာခဲ့တာနော်။

"ဘာရှာတာလဲ မိုးရိပ်"

"ပုလဲသီကို"

"ပုလဲသီ. . . အန်ကယ့်ရုံးခန်းထဲမှာ"

"ဩော်"

သူ, ဖေဖေ့တံခါးကိုအသာပြန်စေ့ခဲ့ပြီး ဒက်ဒီရုံးခန်းရှိရာဆီ လှမ်းခဲ့၏။ ဒက်ဒီဘာကြောင့်များ ပုလဲသီကိုခေါ်ထားတာပါလိမ့်။ သူ့,တံခါးခေါက်သံပေး၍ ဖွင့်ဝင်လိုက်စဉ် ဗီရိုရှေ့မှာ မျက်နှာချင်းဆိုင်ဖြစ်နေသည့်ဒက်ဒီနှင့်သူမကို မြင်လိုက်ရလေ၏။ ဘုရားရေ! ဘာတွေဖြစ်ကုန်ပြီလဲ။ သူမမျက်နှာလေးက ရှက်အမ်းအမ်းဖြင့် ပန်းရောင်သန်းနေသည်ကိုး. . .။

"ဒက်ဒီ"

"သားရောက်လာပြီလား။ မင်းသွားလို့ရပြီပုလဲသီ, လုပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ သွားလုပ်မ ဘူ"

"ဟုတ်ကဲ့"

သူမက ခေါင်းလေးငုံ့၊ ခါးလေးညွှတ်ကာ ဒက်ဒီ့ရုံးခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားပါ၏။ သူ့သက်ပြင်းရှိုက်ကာ ခုံမှာဝင်ထိုင်လိုက်စဉ် ဒက်ဒီ့ထံမှ မေးခွန်းတွေဆက်တိုက်ထွက်လာလေသည်။

"မိုးရိပ်ရေ. . . မင်း,ဒီကလေးမကို ဘယ်လိုမျက်စိ၊ ဘယ်လို ဦးနှောက်မျိုးနဲ့များ အလုပ်ခန့်လိုက်တာလဲ။ ဘွဲ့လည်းမရသေး၊ အလုပ်လုပ်တာလည်း မသေချာ၊ နမော်နမဲ့ကလည်း နိုင်သေးတယ်။ ဘယ်လိုအရည်အချင်းမျိုးတွေ့လို့ ဒီ secretary နေရာကိုပေးလိုက်သလဲဆိုတာ ရှင်းစမ်းပါဦး"

သူ့ပြုံးလိုက်မိ၏။ လက်စသတ်တော့ သူ့ဇီရိုရှင်းပေးတုန်းကသို ဖြစ်တာကိုး။ သူက ဒက်ဒီနှင့်တစ်မျိုးမြင်ကာ စိတ်ထဲခုသွားမိတာကိုပင် အားနာမိသွားပါသည်။

ခုလည်းကြည့်. . . သူမကို secretary ခန့်ထားပြီဟု ထင်နေပြန်ပါရောလား။

"သူက ငယ်သေးတာကိုး. . . ဒက်ဒီရဲ့"

"မဆိုင်ပါဘူး, နမော်နမဲ့နိုင်တာ အသက်အရွယ်နဲ့မဆိုင်ဘူး။





လူနဲ့ပဲဆိုင်တာ"

"ပုလဲသီက ကျွန်တော့် secretary မဟုတ်သေးပါဘူး ဒက်ဒီရာ"

"ဘာ! မဟုတ်သေးဘူးဆိုတော့ ဟုတ်လာနိုင်တယ်လို့ဆိုလိုချင်တာပေါ့လေ။ အရိပ်ရေ. . . မင်း,ငါ့သားမှဟုတ်ရဲ့လားကွ။ ဟေ"

သူ့ပြုံးရာမှ ရယ်ချလိုက်မိ၏။ ဒက်ဒီဆူလိုက်တိုင်း ရှက်ကိုးရှက်ကန်းလုပ်နေကျ နှာတံကိုလက်ညှိုးဖြင့်ကုပ်ကာ ပခုံးတွန့်လိုက်မိတော့ ဒက်ဒီ့မျက်လုံးတွေပြူးလာလေသည်။

"ဟော့ကောင်. . . ဟော့ကောင်။ ငါထင်တဲ့အတိုင်းပဲ ဖြစ်နေပါရောလား။ မင်း, ဒီကလေးမကိုအလုပ်ပေးထားတာ လုံးဝမရိုးသားဘူးဆိုတာ ငါသိပြီ"

"အာ! ဒက်ဒီကလည်း မဟုတ်ပါဘူးဗျ။ သူ့ကို မြင်မြင်ချင်း သနားပြီးအလုပ်ခန့်ခဲ့တာ"

"သနားလို့"

"ဟုတ်ကဲ့"

"ကျွတ်! ပုံစံကိုမကျဘူး။ အလုပ်ခန့်တာများ သနားပြီးချန့်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့. . . အရိပ်ရာ"

ဒက်ဒီက ညည်းညည်းညူညူပြောတော့ Interview လာဖြေ သည့်ရက်ကို ပြန်သတိရကာ သူပြုံးမိပြန်၏။ မိန်းကလေးပေါင်း များစွာနှင့် တွေ့ဖူးဆုံဖူးသော်လည်း သူမနှင့်စဆုံစဉ်ကလို ရင်ခုန် လှုပ်ရှားခဲ့တာမျိုး မရှိခဲ့ဖူးပါလေ။ သူနဲ့စတွေ့စဉ်ကတည်းက ဖျတ် ခနဲမော့ကြည့်လိုက်တဲ့မျက်ဝန်းနက်နက်လေးကြောင့် နှလုံးသားက ဒုတ်ခနဲဆောင့်ခုန်ခဲ့တာ သူကိုယ်တိုင်ပဲသိတာကိုး။

"ဒက်ဒီ Driver တုန်းကလည်း. . . သနားပြီးကူညီခဲ့တာပဲ မဟုတ်လား။ ငွေတွေသိန်းချီပြီး အကုန်အကျခံ,ကူညီခဲ့တာလေ"

"ဟ! အဲဒါ မောင်ထွန်းမိန်းမ သေရေးရှင်ရေးဖြစ်လို့ ကူညီ တာ။ ငါကူညီတာ ယောကျ်ားချင်းပဲ။ ခု မင်းဟာက ကောင်မလေး။ ကောင်မလေးဆိုတာတောင်မှ ငယ်ငယ်ချောချော စိုးရိမ်ဖွယ်လေး နော်"

"ကောင်မလေးလည်း သနားစရာလေးကို"

"မဟုတ်သေးဘူး, ဟုတ်ကိုမဟုတ်တာ။ ဒီကိစ္စ သမီးလေပြည် သိပြီလား"

"သိတယ်"





"သူဘာပြောသေးလဲ"

"ဘာပြောလို့ရမှာလဲ ဒက်ဒီရဲ့။ ကျွန်တော်ခန့်ထားတဲ့ staff ကို သူ့သဘောနဲ့သူ ဖြုတ်လို့ဖြုတ်၊ ထုတ်လိုထုတ် လာလုပ်လို့ရ မလား။ ကျွန်တော်နဲ့တွေ့သွားမှာပေါ့"

"အံမာ! ကိုယ်နဲ့စေ့စပ်ထားတဲ့မိန်းကလေးဘက်ကို မလိုက် ဘဲ သူစိမ်းမိန်းကလေးဘက်ကို တစ်ဖက်သတ်ကျနေတာတော့ လွန် ပြီ မိုးရိပ်။ မင်း,ဒီကောင်မလေးကိုများ စိတ်ဝင်စားနေပြီလား"

"ဒက်ဒီကလည်း ဟိုမေးဒီမေးနဲ့ နောက်ဆုံး ဒီဘူတာပဲ လာ ဆိုက်ပြန်ပြီ"

"မင်းလုပ်နေပုံက ဒီတိုင်းကြီးဖြစ်နေတာလေ။ ကြိုတော့ပြော ထားပါရဲ့ မောင်မင်းကြီးသားရေ။ ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ ဟာမျိုးထဲကတော့ ယူဖို့စိတ်ကူးမယဉ်မိပါစေနဲ့။ ငါလုံးဝသဘော မတူဘူး။ မင်းက ရွှေဇွန်းကိုက်ပြီး မွေးလာခဲ့တဲ့ကောင်။ ဆင်းရဲခြင်း ဆိုတာ ချို(ဂျို)နဲ့လားလို့ မေးခွန်းထုတ်ချင်ရင်တောင် ထုတ်လို့ရ တယ်"

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ သူကလည်း ဒက်ဒီ့သားပီပီ နေရာတကာ ဇွတ်တရွတ်က လုပ်တတ်ပါဘိသနဲ့။ သူငယ်စဉ်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက မေမေဆုံးသွားတာမို့ ဒက်ဒီက အလိုလိုက်သင့်သလောက် လိုက်ခဲ့တာမှန်ပါ၏။ သို့သော် သူအိမ်ထောင်ပြုမည့်ကိစ္စကိုတော့ ဖြင့် တင်းတင်းကျပ်ကျပ်ကြီးကိုင်တွယ်တာ သူငယ်ချင်းတွေအသိ။ အပေါင်းအသင်းတွေထဲမှာ မိန်းကလေးတွေပါတာကိုလည်း သေ ချာစိစစ်ခဲ့တာပင်။ သားဖြစ်သူကို အီစီကလီလုပ်မယ်ကြံလို့ကတော့ ဒက်ဒီ့နှုတ်ကြမ်းကြမ်းနှင့် လန့်ဖျပ်ပြေးကြတာမနည်း။ သားအဖ ချင်းသာ နှုတ်ချိုပြီး သူစိမ်းတွေကိုခပ်မာမာပြတ်ပြတ်သာ ဆက်ဆံ တာမို့ ဦးမိုးညိုဆိုရင် ကုမ္ပဏီလောက၊ စီးပွားရေးလောကမှာ ဖိန် ဖိန့်တုန်အောင် ကြောက်ကြတာအမှန်ပါပဲ။

သားဖြစ်သူကို ငုံထားမတတ်ချစ်တာ၊ အရိပ်တကြည့်ကြည့် လည်းရှိတာမို့ မအေတစ်ယောက်လိုမေတ္တာမျိုးလည်းပေးခဲ့တာပင်။ အရွယ်ရောက်လာမှ ဂရုမစိုက်ချင်ယောင်ဆောင်ပေမယ့် သူ့ဘေး မှာမိန်းကလေးတစ်ယောက်ယောက်ကို ဖျတ်ခနဲတွေ့လိုက်သည်နှင့် နံပါတ်စဉ်တပ်လို့ရမည့်မေးခွန်းတွေက ဆက်တိုက်ထွက်လာတာ နားအူမတတ်ပါပဲ။

"ပြောလိုက်ရင် မထုံတတ်တေးနဲ့။ ငါ့နားပန်ထအုပ်မိတော့ မယ်"





"ဒက်ဒီကလည်း. . . ကျွန်တော်ဘာလုပ်သေးလို့လဲ"

"မလုပ်သေးခင် သတိပေးနေတာလေ။ လုပ်မိလို့ကတော့ မင်း,မြန်မာပြည်ကနေ တာ့တာပြသွားမှာပေါ့"

"ကောင်းသားပဲ, ဒါမှ နိုင်ငံခြားက ပေါင်ဖြူမလေးတွေနဲ့တွဲ ကလို့ရမှာ. . . Ok ပဲ"

"အောင်မာ! မင်းနော်. . . ငမိုးရိပ်"

"မလက်တိုဆီသွားပြီ ဒက်ဒီ"

"ဟော့ကောင်"

သူ့,ဒက်ဒီ့ကိုစကားနိုင်လုကာ အမြန်သုတ်ခဲ့တော့၏။ Hall ထဲမှာ ဝိုင်းကူလုပ်ပေးနေသည့်သူမကို ခပ်ချိုချိုလေးပြုံးပြလိုက် တော့ သန်းသန်းဆင့်က မြင်သွားပြီး အံ့ဩသွားလေသည်။ ခက် တာပဲ. . . လွတ်လွတ်လပ်လပ်လေးတောင် ပြုံးခွင့်မရှိတော့ပါလား နော်။

သားဖြစ်သူ ထွက်သွားတော့ ဘာမှဆက်မလုပ်နိုင်ဘဲ သူငြိမ် သွားရပါ၏။ ဒီကောင်အတည်ပဲပြောတာလား။ လေပြည် မြင်ဖူး တယ်ဆိုပြီး ဒီချာတိတ်မကိစ္စကို ဘာတစ်ခုမှ ဝင်မပြောဘူးဆိုတော့ လည်း ခက်သား။ ပျော်တာလို့သာ ပြောတယ်၊ ကောင်မလေးရုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်လေးမို့ မထင်ရပါချေ။

ဒီပုံအတိုင်းဆိုရင် သားက secretary နေရာ မထားချင်ဘူးဆိုပြီး ပြောခဲ့တုန်းကလိုမဟုတ်တော့ဘဲ ဤကလေးမကို လျာထားပုံပဲကိုး။

တကယ်ဆို ဒီလိုပူပန်ရမှာက သားရဲ့အမေလေ။

တောက်. . .!

အမေဆိုတာနှင့် အာရုံမှာပေါ်လာသည့် မျက်နှာနှစ်ခုကို ကွက်ခနဲမြင်မိ၏။ အဖေသေရင် အစားထိုးလို့မရဘူးဆိုပြီး အိမ်ပေါ်က ဆင်းသွားတဲ့မိန်းမ။ သူ့အဖေ ဦးဘသက်ချိုကလည်း သမီးဖြစ်သူကိုချစ်လိုက်တာမှ တုန်နေတာလေ။ အဖေတစ်ခုသမီးတစ်ခုမို့ သူနှင့်ချစ်သူဖြစ်တာကို ရန်သူတစ်ယောက်လိုသဘောထားလို့ သူကလည်းတမင်ရွဲ့ပြီး မိဘတွေနဲ့တင်မတောင်းဘဲ နောက်ဆုံးနှစ်ဆေးကျောင်းသူကိုခိုးပြေးတော့ ဆွေမျိုးအသိုင်းအဝိုင်းကြားမှာ သူ့နာမည်က ဟိုးလေးတကြော်. . .

ဖေဖေတို့ကိုပါ ပြဿနာရှာတော့ ဖေဖေကပါ သူ့ကိုအမွေဖြတ်။ မေမေ့မှာ သူ့ကိုလွမ်းနာကျပြီး မျက်ရည်နဲ့မျက်ခွက်။ သူကလည်း မာနခပ်ကြီးကြီးမို့ မိဘဆီလက်မဖြန့်ဘဲ ကိုယ့်ဒူးကိုယ်ချွ





ကြိုးစားခဲ့တာ အားလုံးအသိ။

ချစ်လွန်းလို့လိုက်လာတဲ့ချစ်သူကလည်း ရောက်ခါစ တစ်လလောက်သာ နှစ်ကိုယ်တူနေရတာကို ပျော်သည်။ နောက်တစ်လရောက်တော့ ကျောင်းတက်ရန်စိုင်းပြင်းပြီး သူမသိအောင် အဖေဆီငွေသွားတောင်းသည်တဲ့။ ကျောင်းစရိတ်တောင် မထောက်ပံ့နိုင်တဲ့ကောင်ဆိုပြီး သူ့ကို ယောက္ခထီးကြီးလာရန်ရှာမှ သူသိခဲ့ရတာ။

တကယ်ဆို လင်မယားချင်း တိုင်တိုင်ပင်ပင်ရှိသင့်တာပေါ့။ ဆေးကျောင်းနောက်ဆုံးနှစ်မို့ ကုန်ကျစရိတ်တွေများမှန်း သူသိတာပဲ။ မရရအောင် ရှာပေးမှာပေါ့။ ယောကျ်ားမာနနဲ့ ရန်စဖြစ်ရာက အိမ်ကဆင်းသွားတော့ သူကလည်း ပြန်မခေါ်မိ။ ဒီလောက်တောင် ဖအေကိုအားကိုးနေရင် ဘာလို့သူ့ကိုပြန်ချစ်သေးလဲ။ ဖအေနဲ့ပဲနေပေါ့။

မင်္ဂလာဦးညမှာတောင် အဖေ့ကိုသတိရလို့ဆိုပြီး ထိုင်ငိုနေလို့ချော့ရပြုရနဲ့ ကောင်းကောင်းပင်မပျော်လိုက်ရ။ သူ့ဆီက ဆင်းသွားပြီးတော့လည်း ယောကျ်ားကိုလွမ်းလို့ဆိုပြီးပြန်လာတော့ သူ့မှာ ဝမ်းသာလို့မဆုံး။ ဖေဖေကလည်း မေမေ့သဘောအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအတူပြန်နေတုန်း ဦးဘသက်ချို အရေးပေါ်ရောက်တယ် ဖြစ်ရော. . .။ ဒီအဘိုးကြီးက သမီးကိုသိပ်ချစ်သလောက် ကလိမ်ကကျစ်ကလည်းသိပ်ကျတာကို သူကအသိဆုံးလေ။ သူတို့ကိုခွဲမယ်ဆိုတာ အတိအကျသိထားတာမို့ မိန်းမကိုတားတော့ ဒေါသကငယ်ထိပ်တက်ပြီး သူနဲ့ပြတ်ပြီလို့ပြောပြီး ဆင်းသွားတာ နောက်ဆုံးပါပဲ။

အဲဒီတုန်းက ချို့မှာကိုယ်ဝန်ပါသွားမှန်း သူမသိခဲ့တာအမှန်ပါ။ 'အဖေသေရင် အစားထိုးလို့မရဘူး၊ လင်သေရင် လင်အစားရတယ်' ဆိုတဲ့စကားကို သူကလည်း သိပ်နာလှပါသည်။ တစ်နှစ်ခန့်အကြာမှာ သူ့ရင်သွေးကိုလိုချင်ရင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးဆိုပြီး ဦးဘသက်ချိုက လူလွှတ်ပြောလေရဲ့။ သူကလည်း ချို့လက်မှတ်ပါတဲ့စာချုပ်နှစ်စောင်လုံးကိုရော၊ သားကိုပါ ရအောင်ယူပြီး ဒင်းနဲ့ဒီတစ်သက်အပြတ်လို့ကြွေးကြော်ကာ သူတို့ဇာတ်လမ်းကို အဆုံးသတ်ခဲ့တာ နှစ်အစိတ်နီးပါးရှိပြီလေ။

နို့စို့အရွယ်လေးကတည်းက အဖေလိုရောအမေလိုပါ ကျွေးမွေးပြုစုလာရတဲ့သားကို မျက်နှာမငယ်အောင်ထားခဲ့ပေမယ့် သားရဲ့အမေလို အသည်းမရှိတဲ့မိန်းမမျိုးနှင့်ဆုံသွားမှာကိုတော့ အရမ်း





စိုးရိမ်ပါ၏။ ဒါကြောင့်လည်း သားကို မိန်းကလေးတွေနှင့်ပတ်သက်လာရင် ဘယ်တော့မှ သူအလျှော့မပေးခဲ့။ လေပြည့်ဒက်ဒီ ဦးမြတ်သွေးနှင့်တောင် ငယ်သူငယ်ချင်းမို့ အဝင်အထွက်ရှိရာက 'လေပြည့်သွေး' ဟူသည့်ကလေးမလေးကို သားအတွက်စိတ်ကြိုက် သူရွေးချယ်ပေးခဲ့တာပါ။ Botany ယူထားပေမယ့် M.Sc ဆက်တက်ပြီး Tutor လုပ်ဖို့၊ ပြီးရင် ပါမောက္ခအဆင့်ထိမှန်းထားတာမို့ ပညာရေးကို အထူးအလေးပေးသည့်လေပြည့်ကို သူကိုယ်တိုင် သဘောကျလှပါသည်။

ဒါတောင်မှ ဒင်းက အင်တင်တင်. . .။ ဖအေကိုချစ်လွန်းလို့ဆိုပြီး ခေါင်းညိတ်လက်ခံခဲ့ပေမယ့် ခုချိန်ထိ လေပြည့်ကို သူငယ်ချင်းအဆင့်က ရာထူးမတိုးပေးချင်သေးဘူးထင်ပါရဲ့။ ဘယ်လိုကနေ ဘယ်လိုမျက်စိမှောက်ပြီး ဒီအနုတ်စုတ်ကုတ်စုတ်ကလေးမကို ပစ်ကျသွားလည်းမသိ။ မဖြစ်သေးပါဘူး။ ဒင်းကိုတော့ ကုတ်ကနေကိုင်ထားနိုင်မှပါလေ။

Intercon မှတစ်ဆင့် မန်နေဂျာကိုခေါ်တော့ သားသူငယ်ချင်း,ဇေယျ အမြန်ရောက်လာလေ၏။

"ထိုင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ်"

"ငါမရှိတဲ့နှစ်လအတွင်းမှာ မင်းအကောင် ဘာတွေမဟုတ်တာလုပ်နေသလဲဇေယျ"

ဇေယျမျက်လုံးပြူးသွားပါ၏။ အန်ကယ့်ကိုချွန်ရင် သူနဲ့ထိပ်တိုက်ရင်ဆိုင်ရမည်ကိုး။ မိုးရိပ်ဆိုတာက ငယ်ငယ်ကတည်းက ဇေယျကို အနိုင်ကျင့် ဗိုလ်ကျလာခဲ့သည့် ငယ်ကြောက်ဟစ်ယောက်ပင်မဟုတ်ပါလား။

"ဘာမှမလုပ်ပါဘူးအန်ကယ်"

"လာပြန်ပြီတစ်ယောက်။ မျက်စိမှိတ်ပြင်းမယ်မကြံနဲ့။ လူအရှင်လတ်လတ်ကြီးကို ငါမြင်နေရတာတောင် ဖြောင်ညာချင်ပြန်ပြီ။ မင်းတွေ့တယ်မဟုတ်လား"

"ဘာကိုလဲအန်ကယ်"

"မင်းကြီးဒေါ်ကြီး. . . ပုလဲသီကိုလေ၊ ငနုံအရဲ့"

ဦးမိုးညိုဆဲတာကိုပင် မနာမိဘဲ ဇေယျပြုံးစိစိဖြစ်သွားပါ၏။ ဘယ့်နှယ်. . . ဒီပိစိမက သူတို့ကုမ္ပဏီကိုနောက်ဆုံးမှရောက်လာပြီး လူစိတ်ဝင်စားမှုအခံရဆုံး star လေးဖြစ်နေတာကိုး။ ခုလည်းကြည့် MD ကြီး၊ ဘာကိုတွေ့ပြီး သူ့ကိုခေါ်အစ်တာပါလိမ့်နော်။





"သူခန့်တဲ့နေ့က ကျွန်တော် ပန်းဆိုးတန်းဆိုပ်ကမ်းကိုရောက်နေပါတယ်အန်ကယ်။ နောက်တစ်နေ့မှသိရတာပါ"

"မင်းမကန့်ကွက်ဘူးလားကွ"

"ပြောတော့ပြောတာပဲ။ သူက အန်ကယ့်ကိုချွန်ရင် ဒါရမယ်ဆိုပြီး လက်သီးထောင်ပြတယ်ခင်ဗျ"

"အံမာ! ဒင်းအနိုင်ကျင့်တိုင်း မင်းကငြိမ်နေလားကွ. . . ယောကျ်ားပဲ၊ ပြန်ချပေါ့"

"မဖြစ်ဘူးအန်ကယ်။ အန်ကယ့်သားက ခါးပတ်နက်ရထားတာနော်။ ကျွန်တော့်၊ ဆေးရုံကို Emergency နဲ့တော့ အရောက်မခံပါရစေနဲ့ခင်ဗျာ"

ဇေယျစကားကြောင့် သူပြုံးလိုက်မိ၏။ ဟုတ်သား။ ဒီကောင်ကလည်း ဒီကောင်ပဲ။ ဇေယျကို ငယ်နိုင်ဆိုပြီး နည်းနည်းလော်ကတော့ ဗိုလ်ကျလိုက်ရမှာကိုး။

"နေစမ်းပါဦး. . . အခု သူတို့အခြေအနေက ဘယ်အဆင့်ရောက်နေပြီလဲ"

"ကျွန်တော်ကြည့်ရတာတော့ ဘာမှမဖြစ်လောက်သေးပါဘူး။ ဒါပေမဲ့ သူ ဒီမှာအလုပ်လာလျှောက်တဲ့နေ့ကစပြီး တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမရှိအောင် လူတွေကိုစိတ်ဝင်စားစေတာတော့အမှန်ပါပဲ"

"ဘယ်လို"

"ဟုတ်ပါတယ်အန်ကယ်။ သူ Interview လာဖြေတဲ့ နေ့က မိုးရိပ်ရဲ့ကားရှေ့မှာ မှောက်လျက်လဲရာက စခဲ့တာပဲ"

ဦးမိုးညို ကိုယ့်နဖူးကိုယ် ဖြန်းခနဲရိုက်ချလိုက်မိ၏။ တူလိုက်တာ. . . တူလိုက်တာ. . . ချိုနှင့်စဆုံစဉ်ကအတိုင်းပါပဲလား။

အဲဒီတုန်းကတော့ ဆေးကျောင်းသူလှလှချောချောလေးရဲ့ ကားရှေ့မှာ သူ တမင်ကြီး Diving ထိုးချခဲ့တာလေ။ သူငယ်ချင်းတွေက သူသေပြီဆိုပြီးအော်လိုက်ကြတာ မပြောပါနဲ့။ မှောက်လျက်ကျလို့ နဖူးမှာဒဏ်ရာရပြီး သွေးစို့သွားရာက အမှတ်တမဲ့မှ အမှတ်တရလေးဖြစ်ခဲ့တာ။

ချိုကိုယ်တိုင်က သူ့ဒီလိုအသက်စွန့်ပြီး အဖြေတောင်းတာကို နှလုံးသွေးရပ်လုမျှ ရင်ခုန်စိတ်လှုပ်ရှားခဲ့တယ်လို့ဝန်ခံပြီး ချစ်သူတွေဖြစ်ခဲ့ကြတာ။ ဒီကိစ္စကို နောင်လာနောက်သားတွေကို အကြံမပေးဖို့လည်း ချိုကပြင်းပြင်းထန်ထန်ပိတ်ပင်ခဲ့လေရဲ့။ ဒါ သေကြောင်းကြံစည်မှုမြောက်တဲ့အလုပ်မို့ တရားဥပဒေနှင့်မညီဘူးလေ။

မဖြစ်သေးပါဘူး။ ဒီကောင်မလေးကိုတော့ သေချာစောင့်





ကြည့်ဖို့လိုလာပြီ။ သားထက် (၆)နှစ်ကျော်ငယ်တာဆိုတော့လည်း ပိုစဉ်းစားလာရပြီ။ မျက်နှာကိုသေချာစေ့စေ့စပ်စပ်ကြည့်ဦးမှပါပဲ။ တော်ကြာ ချို့နောက်အိမ်ထောင်တွေဘာတွေပြုပြီး ကလေးထပ်ယူရင် ဒီအရွယ်တော့ရောက်နေမှာ။ ဒါဆိုရင် သူနဲ့ဘာမှမတော်စပ်ပေမယ့် သားနဲ့တော့ မအေတူ၊ ဖအေကွဲ မောင်နှမတော်မှာလေ။ ဒီကောင် မရိုးမသားစိတ်မျိုးမမွေးမိစေဖို့ ချော့မော့ပြောရတော့မှာပါပဲ။ တော်ပါသေးရဲ့။ သမီးလေပြည်နဲ့ကိစ္စမပျက်ရင်၊ သူ့ရင်အေးသွားပါပြီလေ။

ဂ္ဂါ

စတိုခန်းထဲမှ ထမင်းချိုင့်ယူ၍ထွက်လာစဉ် ရုံးခန်းတံခါးမှ ခေါင်းပြူ၍ တီးတိုးလှမ်းခေါ်လိုက်သည့်သူ့ကြောင့် သူမအံ့ဩသွားရလေ၏။

"ချွတ်. . . ချွတ်. . . ပုလဲသီ"

"ဟင်! "

"အောက်မှာ ခဏစောင့်နေဦး. . . သိလား။ ဒက်ဒီထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် ကိုယ်လိုက်ပို့ပေးမယ်နော်"

"နေပါစေ. . . အစ်ကိုဆရာရဲ့။ သို့ဟာသီ, လိုင်းကားစီးပြီး ပြန်မှာပေါ့"

"ရှည်ပြန်ပြီ. . . ကိုယ်ပို့ပါ့မယ်ဆိုနေမှပဲ"

"ဟိုကောင်! အဲဒါဘာလုပ်နေတာလဲ"

ဒက်ဒီ့အသံကြောင့် သူ့တွန့်ခနဲဖြစ်သွားရ၏။ တော်ပါသေးရဲ့။ ဝန်ထမ်းတွေတော်တော်များများ အောက်ထပ်ကိုဆင်းသွားပြီကိုး။

"ရုံးဆင်းဖို့လေ, ဒက်ဒီ"

"သွားမယ်ဆိုလည်းထွက်ပေါ့။ အခန်းထဲကနေ ခိုးကြောင်ခိုးဝှက်လုပ်နေရလား"

"အာ! ဒက်ဒီကလည်း"

"ပြောလိုက်ရင် ဒီလိုချည်းပဲ. . . လာခဲ့"

ပုလဲသီက သူ့ပုံစံကိုကြည့်၍ ပြုံးစိစိဖြစ်သွားပါ၏။ ဦးမိုးညိုကိုလည်း အန်တီနှင့်ပတ်သက်နေမှန်း ရိပ်မိနေပြီမို့ ရှိန်နေကြောက်နေခြင်းမရှိတော့ဘဲ ပြုံးပြလိုက်မိသည်။

ဟော! ဒီလိုနှုတ်ခမ်းလေးကွေးပြီး ပြုံးတာ ချိုနဲ့ပိုတူသွားပါ





လား။ ပုလဲသီရဲ့မျက်လုံးနက်နက်ဝိုင်းဝိုင်းလေးတွေကလည်း ဆင်ချင်ချင်။ အရပ်အမောင်းကလည်း မြင့်မြင့်မားမားမို့ ကွက်တိပါပဲ။ ဟုတ်နေပါပြီ။ မောင်နှမတွေပြန်ဆုံမိစေဖို့ တမင်တကာ ချိုဖန်တီးပေးလိုက်တာပဲနေမှာပါ။

ဒက်ဒီ၏စူးစူးရဲရဲအကြည့်ကို ရှက်ကိုးရှက်ကန်းမဖြစ်ဘဲ ပြန်ပြုံးနေသည့်သူမကြောင့် သူ နှာကစ်လာရလေ၏။ ဒက်ဒီကလည်း တကယ့်ကိုအကဲခတ်ပြီး ကြည့်နေတာကိုး။ ဘယ်လိုအကြည့်ကြီးပါလိမ့်နော်။

"ဒက်ဒီ. . . သွားမယ်ဆို"

"အေး"

"သီ,သွားပါဦးမယ်, အန်ကယ်"

"အေးအေး. . . သမီး"

"ခွင့်ပြုပါဦး. . . အစ်ကိုဆရာ"

"အင်း"

ဟောကြည့်! ခေါ်ပုံကိုက အစ်ကိုဆရာတဲ့။ အားလုံးက GM လို့ပဲခေါ်လေ့ရှိတာကို ဒီလိုခေါ်နေမှတော့ သေချာပါပြီ။ ဒါ,ချို့သမီးလေးပဲဖြစ်မှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းမရွေ့ဘဲ သူမကို နောက်ကျောဘက်မှ ခပ်ငေးငေး ကြည့်နေသည့်ဒက်ဒီ့ကို သူ့ အူတိုပြီးရင်း တိုနေမိပါတော့၏။

ဒက်ဒီရေ. . . အဲဒါ ကျွန်တော့်နှလုံးသည်းပွတ်လေးပါနော်။



## အခန်း ( ၇ )

"မင်းကိုအဲဒီလိုခေါ်တာ သူ့ဟာသူခေါ်တာလား"

"ဟုတ်ကဲ့"

ချော်လဲရောထိုင် ဖြေရချေပြီ။ သူခေါ်ခိုင်းတာလို့ပြောမိရင်ဖြင့် ဒက်ဒီ့လက်က သူ့ဇက်ပိုးကိုလာထိတော့မှာလေ။ ဒက်ဒီက မျက်မှောင်ကြုတ်လျက် တစ်ခုခုကို အလေးအနက်တွေးတောနေမိပုံပင်. . .

"သူ့ CV Form ထဲမှာ. . . မိဘတွေနာမည်က ဘယ်လိုလဲ အရိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ ဒက်ဒီ"

"လျှာရှည်ပြန်ပြီ. . . မေးရင်ဖြေမှ ငါကြိုက်မှန်းသိလျက်နဲ့ မေးခွန်းပြန်ထုတ်ရလား"

"ပုလဲသီက ကျွန်တော်ခန့်ထားတဲ့ staff လေ၊ ဒက်ဒီကလည်း ဘာ Permit မှပေးရသေးတာ မဟုတ်ဘူး"

"မေးတာကိုပဲ ဖြေစမ်းပါကွာ"

"ဦးသက်ဇော်နဲ့ ဒေါ်ခင်လေးငယ်ပါ ဒက်ဒီ"

ဒါဆိုရင်တော့ မဟုတ်တော့ဘူး။ ဒါပေမဲ့ သေတော့ မသေချာသေးပါဘူးလေ။ ချိုက သူ့ဝသီအတိုင်း နေရာတကာအဆန်းထွင်ပြီး လျှို့ဝှက်လေ့ရှိတာမဟုတ်လား။ ဒီသမီးလေးကို အစ်ကို့ရင်ငွေ့မှာလုံခြုံစေဖို့ တမင်လွှတ်ပေးတာလည်းဖြစ်နိုင်တာပဲ။

"မင်း,သူ့အမေနဲ့ဆုံဖူးလား"

"ဟင့်အင်း, သူ့အိမ်ကိုတော့ ကျွန်တော် တစ်ခေါက်ရောက်ဖူးတယ်။ သူခြေခေါက်လဲတုန်းက ပြန်လိုက်ပို့ပေးခဲ့တာပါ။ တစ်ခါမှမဆုံဖူးပါဘူး"

ဟုတ်နေပါပြီ။ ဟုတ်နေတာ သေချာတာပေါ့။ နာမည်လည်းပြောင်း၊ လူကလည်းပုန်းပြီးနေတော လျှို့ဝှက်ချက်တွေရှိနေလို့ပေါ့။





"သူ့အဒေါ်တွေဘာတွေမှာ ဆရာဝန်ဆိုတာမျိုးကြားဖူးလား"

"ဆရာဝန်"

"အေး"

"အဲဒါတော့ မသိဘူး။ သူတစ်ခါပြောတာတော့ ကျန်းမာရေးမှူးဆိုလားပဲ ဒက်ဒီရဲ့"

"ကျန်းမာရေးမှူး"

ဟုတ်ပါပြီ။ ဆရာဝန်လို့တော့ ဘယ်အသိခံပါ့မလဲ။ ကိုယ်မွေးထားတဲ့ကလေးကို ကိုယ့်ကလေးပါလို့ လူသိရှင်ကြားမကြေညာဘဲ သူများတွေကို မိဘနေရာခံခိုင်းထားရအောင် မင်း,ဘာဇာတ်လမ်းတွေရှုပ်ထားသလဲချို။ ဘာသဘောနဲ့များ မင်းရဲ့သမီးကို ငါ့ဆီလွှတ်ချင်တာလဲ။

"ဒက်ဒီ"

"ဟင်"

"ပုလဲသီက ဆင်းဆင်းရဲရဲလေးပါဒက်ဒီ. . . ကျေးဇူးပြုပြီးအလုပ်တော့ မဖြုတ်လိုက်ပါနဲ့။ ခမျာ သူ့အမေဆေးရုံတက်ပြီး ခွဲစိတ်ဖို့ငွေလိုနေလို့ ကျွန်တော်တို့ကုမ္ပဏီမှာ အလုပ်မရမက လာလျှောက်ရှာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါသိပါတယ်။ ငါကရော သူ့ကိုဖြုတ်မယ်လို့ပြောမိလို့လား"

"မသိဘူးလေ. . . ဒက်ဒီ့ပုံစံက သူ့အတွက်သောချာစဉ်းစား ရ,ကျပ်နေပုံကိုး"

"ထားလိုက်ပါ။ သူ့,ဘာလိုလို အဆင်ပြေအောင်တော့ လုပ် ပေးလိုက်ပါသား။ တစ်ခုတော့ရှိတယ်နော်. . . ကူညီတာကို ဒက်ဒီ မပြောလိုဘူး။ ဒါပေမဲ့ အဲဒီကူညီမှုကိုတော့ သားရဲ့စိတ်ထဲမှာ ဖြူ စင်စိတ်လေးတော့ရှိရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သား, တစ်နေ့ လက်ထပ်ရမယ့်မိန်းကလေးဟာ လေပြည်ဖြစ်နေလို့ပဲ"

သူ့,သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ Sorry ပဲ ဒက်ဒီရေ၊ လေပြည်လို ဘဝင်မြင့်တတ်တဲ့မိန်းကလေးမျိုးကို ကျွန်တော့်ဦး နှောက်က လုံးဝမရွေးချယ်ချင်ပါဘူး။ ပြီးတော့ ကျွန်တော့်နှလုံးသား ကလည်း ပုလဲသီကလွဲပြီး ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ဦး ညွတ်ခွင့်မပြုလို့ပါဗျာ။

"ပြောနေတာကြားရဲ့လား"

"အာ. . . ဒက်ဒီကလည်း, သားအဖချင်းမျက်နှာချင်းဆိုင် ထိုင်နေတာကို မကြားဘဲရှိပါ့မလား"

"မင်းပုံစံ တုံဏှိဘာဝေဖြစ်နေတာကိုး။ မြတ်သွေးသမီးမှာ





အပြစ်ဆိုလို့ မြူတစ်မှုန်စာလေးတောင်ရှိတာမဟုတ်ဘူး။ ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်လေး"

"ကျွန်တော်သိပါတယ် ဒက်ဒီရယ်"

"အေး. . . သိရင်ပြီးရော"

ဟင်း. . . လေပြည့်မှာ ပိုတာဆိုလို့ ဥစ္စာတစ်ခုပဲရှိတာပါ။ ဒါတောင် မိဘချမ်းသာလို့ စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတာ မျိုး။ ပုလဲသီကမှ သူ့လုပ်အားခလေး သူရှာနိုင်သေးတယ်။ ဒက်ဒီ့ ချွေးမလောင်းက ခုချိန်ထိ မိဘထံလက်ဖြန့်ပြီး ဖြုန်းလို့ကောင်းတုန်း။ ပြောလိုက်ရင် သူ့ကိုပိုးပန်းသူတွေများလွန်းလို့ ခါချနေရတာဆိုပြီး ကြွားတာမျိုးကို သူသိပ်မြင်ပြင်းကပ်လှသည်။

တကယ်ဆို အသက် (၂၅)နှစ်ဆိုတာ အတော်အတန်တည် ငြိမ်သင့်တဲ့အရွယ်ပဲမဟုတ်လား။ ကိုယ့်ကိုယ်ကို Tutor ဖြစ်တော့ မယ်ဆိုတာလေးတော့ ခေါင်းထဲထည့်သင့်တာပေါ့ဒက်ဒီရယ်။ ဘယ် လိုပဲယှဉ်ကြည့်ကြည့်, ကျွန်တော့်ချာတိတ်မလေးက အပုံကြီးသာ ပါတယ်ဗျ။

"မင်းကားပေါ် တွေ့,ကရာလူ့,ခေါ်တင်တာမြင်ရင် ငါပြန် သိမ်းမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . လာပြန်ပြီတစ်မျိုး။ ဘာဖြစ်တာလဲ ဒက်ဒီရာ"

"ဟုတ်တယ်လေ, အထူးသဖြင့် သမီးလေပြည်စိတ်ခုစေမယ့် ကိစ္စမျိုးကို ကြပ်ကြပ်ရှောင်ပါ မိုးရိပ်။ အရေးအကြီးဆုံးက မြတ်သွေးနဲ့ငါ မခေါ်မပြောနိုင်ဖြစ်ပြီး ပြဿနာတက်လို့ကတော့ မင်းကိုရှင်ခန်းရောသေခန်းပါ အပြတ်ပဲ"

"ဒက်ဒီကလည်း. . . ကျွန်တော်ဖြင့် ဘာမှမလုပ်ရသေးဘူး တားဆီးနေတာတွေက, များပြီ"

"ဒီလောက်ပြောထားမှ တန်ရုံရှိတာ။ ဒီခေတ်မိန်းကလေးတွေက ခပ်ကဲကဲလေးတွေမဟုတ်လား။ မင်းလိုခပ်အေးအေးနေတတ်တဲ့ကောင်မျိုးကို တစ်ချက်လေးပဲလှည့်လိုက်လိမ့်မယ်။ ကိုယ့်ကိုယ်ကို Monsoon ရဲ့ GM ဆိုပြီး ဘဝမြင့်မနေနဲ့။ ခံသွားရလိမ့်မယ်မှတ်"

ဒက်ဒီသာ ကြည့်ရှောင်ပါဗျာ။ ခုခေတ်ကောင်မလေးတွေက ကိုကိုနဲ့မီးဆိုတာထက် ဦးနဲ့သမီးမျိုးကိုသာ စိတ်ကူးကြတာ။ သူဌေးသားထက် သူဌေးမျိုးကိုပဲစိတ်ဝင်စားပြီး သွားမပါရင်နေ၊ ကားပါရင်ပြီးရောဆိုတာပဲလိုချင်တာကို မသိဘူးတဲ့လား။

မနေ့ကမှ စတွေ့ဖူးသေးတဲ့ကျွန်တော့်ကောင်မလေးကိုကြည့်





တဲ့အကြည့်တွေက တစ်မျိုးဖြစ်နေတာ အသိသာကြီး။ ဒက်ဒီ့လို ပြောကြေးဆိုရင် ဒက်ဒီလည်း ကျွန်တော့်အတွက် မာမီလေးရှာရင် လေဒီပဲရှာပါ။ ဘေဘီတော့ မရှာချင်ပါနဲ့ဗျာ။

"ဒီခေတ်ကောင်မလေးတွေက သူဌေးနဲ့သူဌေးသားကိုခွဲခြားသိပါတယ်ဒက်ဒီရ"

"အံမာ! ဘာစကားကြီးလဲ"

"ဟုတ်တယ်လေ, သူဌေးသားကိုယူရင် အမွေရမရ မသေချာဘူး။ သူဌေးကိုယူမှ အားလုံးပိုင်မှာ။ ဒက်ဒီ့လို Widower ဆိုရင် Ok မှာ စိုးပြည်တာပေါ့။ ကျွန်တော်သွားနှင့်ပြီနော်"

"ဟေ့ကောင်"

ကြည့်စမ်း! ကြည့်စမ်း! ဖအေကိုများ ပြောသွားလိုက်တာ။ ဒင်း,မိန်းမယူရင် အရွေးမမှားစေဖို့ လမ်းပြနေတာကိုများ ဖအေကိုပြန်ရိလိုက်သေး။ တကယ်တမ်းမှာ သူက မုဆိုးဖိုမှမဟုတ်ဘဲ။ ကိုယ့်ကိုယ်ကို, တစ်ခုလပ်လို့ပြောရအောင်လည်း မီးခံသေတ္တာထဲ ထည့်သိမ်းထားသည့်စာချုပ်နှစ်စောင်လုံးမှာ ဒင်းအမေလက်မှတ်သာပါပြီး သူက ခုချိန်ထိမထိုးဖြစ်သေး။ မိန်းမကိုစိတ်နာလွန်းလို့ သားကိုအမေသေပြီဆိုပြီး မျက်စိစုံမှိတ်ပြောခဲ့ပေမယ့် အမေရှိလျက်



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ အမိမဲ့သားလေးဖြစ်ခဲ့ရတာကို ဝမ်းနည်းမဆုံးခဲ့။

သူတို့နှစ်ယောက်ကွဲကြတုန်းက သူကအခုလက်ရှိသားအရွယ်လေးမှာပါ။ ပတ်ဝန်းကျင်က သူ့ကိုနောက်ထပ်အိမ်ထောင်ပြုဖို့တိုက်တွန်းသလို အရွယ်စုံအသွေးစုံမိန်းကလေးတွေလည်း အိမ်ကိုဝင်ထွက်ကြတာပါပဲ။ အဲဒီထဲမှာ အပျိုတွေရော၊ အအိုတွေ၊ တစ်ခုလပ်တွေ၊ မုဆိုးမငယ်ငယ်လေးတွေမျိုးစုံပါတာ မှန်ပေမယ့် သူကိုယ်တိုင်ကိုက မိန်းမတွေကိုစိတ်နာသလိုဖြစ်ပြီး နောက်ထပ်အိမ်ထောင်မပြုဖြစ်ခဲ့တာပါပဲ။

ဒါကိုပဲ မောင့်ဆေးကျောင်းသူလေးကို တစ်နေ့မှမေ့မရလို့ဆိုပြီး ရိသဲ့သဲ့စနောက်တာကိုခံရတော့ လွမ်းလို့မဟုတ်ဘူး၊ စိတ်နာလို့ဟု သူအော်ဟစ်ပြောခဲ့တာကို ဒီနေ့ထိပြောမဆုံးခဲ့ကြပေ။ အခုတော့ ဒေါ်သံစဉ်ချိုတစ်ယောက် ဘာ့ရည်ရွယ်ချက်တွေနဲ့များ သူနဲ့လာပတ်သက်တာလည်းမသိ။ မာနက မိုးထိအောင်တက်နေတဲ့သူမို့ ချို့ဘက်ကတော့ သူ့ဆီမှာ ဘာတစ်ခုမှတောင်းဆိုဖို့ရှိမှာတော့မဟုတ်ပါချေ။

ကားဂိတ်မှာ လာရပ်လိုက်သည့်သူ့ကားကိုမြင်တော့ သူမလန့်သွားမိ၏။ ဖအေတစ်ယောက်လုံးပြန်ရောက်နေတာတောင် လစ်





လာသေးတာပါလား။ ခက်တာပဲ. . . ကိုမိုးရိပ်ရယ်။ မမလေပြည်နဲ့သို့ကို ပြဿနာဖြစ်အောင်မလုပ်ချင်ပါနဲ့။

"လာလေ. . . ဘာပြုံးကြည့်နေတာလဲ"

"ဟင်! သို့ဟာသိ, လိုင်းကားစီးပြီးလာမှာပေါ့လို့။ ဘာဖြစ်လို့လာကြိုရပြန်တာလဲ။ အန်ကယ်သိရင် အဆူခံရဦးမယ်"

"အဲဒါ မင်းကိစ္စမဟုတ်ဘူးလေ, ကိုယ့်ကိစ္စပါ။ လျှာရှည်ပြန်ပြီ။ တက်ဆိုရင်တက်ပေါ့။ မနေ့ကတည်းက သိပ်ကြည်တာမဟုတ်ဘူး။ သိရဲ့လား"

ဟင်! ဘလိုင်းကြီးစွတ်ကော်နေပြန်ပြီ။ တစ်ရက်လေးပြန်ပို့ခွင့်မရတာနဲ့ လူကိုလာအပြစ်တင်နေတာကိုး။ ရှင်လုပ်ပုံတွေကအချိုးမှမပြေတာလေ။ ရှင့်အဖေဆူပေါက်၊ ပြောပေါက်ချည်းပဲ ရှာနေတာဖြင့် မသိဘူးတဲ့လား။

"သိ,မလိုက်ဘူးနော်"

"ပြောမရရင် ကိုယ်ပွေ့တင်မှာနော်။ မလုပ်ရဲဘူးမထင်နဲ့"

အမယ်လေးနော်။ နည်းနည်းမှ မာလို့မရပါလား။ ဘယ်လိုလူကြီးပါလိမ့်။ ခြေတစ်ချက်ဆောင့်မိပြီးမှ ကားရှေ့ခန်းပေါ်တက်ထိုင်တော့ သူကပြုံးလိုက်လေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သီ,နမော်နမဲ့နိုင်တာ ရှင်အသိဆုံးပဲမဟုတ်လား အစ်ကိုဆရာရဲ့။ အလုပ်နဲ့ပတ်သက်တာ အလုပ်မှာပဲဆူပေါ့။ လူလယ်ခေါင်မှာ လိုက်မပြောပါနဲ့"

"ကိုယ်ပြောနေတာ အလုပ်ကိစ္စမှမဟုတ်ဘဲ"

"ဟင်! ဒါဖြင့်ဘာကိစ္စလဲ။ သီ,ဘာများလုပ်မိလို့လဲ"

"မလုပ်ရင်ကိုယ်ပြောမလား။ မနေ့က သီနဲ့ဒက်ဒီ မျက်နှာချင်းဆိုင်ရပ်နေတာလေ။ မျက်နှာကရှက်သွေးဖြာနေတာ ကိုယ်မြင်တာပဲ။ လုံးဝကြည်တာမဟုတ်ဘူး"

အမယ်လေးနော်! ပြောနေလိုက်တာများ လူကို သူ့ချစ်သူထင်မှတ်နေလားမသိ။ မဟုတ်သေးဘူး။ သီထင်တာ လွန်သွားပြီ။ သူ့ဒက်ဒီအတွက်စိုးရိမ်တာလည်း ဖြစ်နိုင်တာပဲ။

"အဲဒါ သီ File တွေ ဗီရိုထဲထည့်တုန်း ပြုတ်ကျကုန်တာကိုး။ သူပဲပြောထားပြီးတော့, အန်ကယ်ရှေ့မှာ ဒီလိုနမော်နမဲ့လုပ်မိရင် အလုပ်ပြုတ်မှာဆို။ သီကပိုကြောက်ပြီး အဲဒီလိုဖြစ်ကုန်တာပေါ့"

"ထားပါတော့။ ညနေအိမ်ပြန်ခါနီး ဒက်ဒီကြည့်တာကို ဘာလို့ပြန်ပြုံးပြသေးလဲ။ ကိုယ့်ကိုယ်ကို staff နဲ့ Boss ဆိုတာကိုလည်း စဉ်းစားတတ်ဦးမှပေါ့"





ကြည့်စမ်း! သူ့ဒက်ဒီကိုပြုံးပြမိလို့ တစ်မျိုးမြင်သွားတာပါလား။ သီက အန်တီနဲ့ပတ်သက်ပြီး အန်ကယ့်ကို ရင်းနှီးခင်မင်လိုစိတ်နဲ့ ရိုးရိုးသားသားလေးပြုံးပြမိတာပါ။ ဒါကို သူက အန်ကယ့်ကို ပြိတီတီလုပ်ပြတယ် ထင်သွားပါရောလား။

သီက ကိုယ့်ဘဝကိုယ်သိပါသည်။ ဘယ်တုန်းကမှလည်း အမြင့်ကိုမမှန်းရဲခဲ့ပါ။ အခုလို အဖေအရွယ်လူကြီးနဲ့ အထင်လွဲတာမို့ ရှက်လည်းရှက်၊ အတော်လေးလည်းဝမ်းနည်းသွားရပါ၏။ မိဘတွေကိုယ်တိုင်က ဝန်ထမ်းမို့ ကိုယ့်အဆင့်အတန်းလေးနဲ့ ကိုယ့်ဂုဏ်သိက္ခာကိုဆင်ခြင်ထိန်းသိမ်းပြီး နေတတ်ခဲ့တာအမှန်ပါ။ ဒီအရွယ်ထိ ဗိုင်းကောင်းကျောက်ဖိနေခဲ့ပါလျက် အခုလို သူစိမ်းယောကျ်ားတစ်ယောက်က အထင်အမြင်သေးပြီးပြောတာကိုတော့ ယူကျုံးမရဖြစ်သွားရပါ၏။

"ပုလဲသီ"

ငြိမ်သက်ကာ ဘာတစ်ခုမှပြန်မပြောဘဲ မျက်နှာလွှဲထားတာမို့ သူရင်ထိတ်သွားရပါ၏။ စိတ်ဆိုးသွားချေပြီလား။ သူမနှင့်ပတ်သက်လာလျှင် ဒက်ဒီနဲ့တောင်မှ မနာလိုအူတိုဖြစ်နေသည့် သူ့ကိုယ်သူလည်း အံ့ဩနေမိသည်။ ဘာပဲဖြစ်ဖြစ် မင်းကိုဘယ်သူတွေနဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်စေချင်တာအမှန်ပါကွယ်။

ကားကို ပါကင်မှာထိုးရပ်လိုက်စဉ် တံခါးဖွင့်ကာ ဖျတ်ခနဲ ဆင်းလိုက်သည့်သူမက ပါးပြင်ကို ဆတ်ခနဲသုတ်လိုက်တာမို့ သူ မျက်လုံးပြူးသွားရလေ၏။ ဘုရားရေ! သူ့ပြောလိုက်မိတဲ့စကား ကြောင့် ပုလဲသီ့မျက်ရည်ကျသတဲ့။

"ပုလဲသီ. . . နေဦး"

သူပါ ကားပေါ်ကအမြန်ဆင်း၍ သူမလက်ကိုလှမ်းဆွဲတော့ သူမက လက်ကိုပြန်ရုန်းကာ ဗလုံးဗထွေးပြောလိုက်ပါ၏။

"ဘာလုပ်တာလဲ။ နောက်ကို ရှင်, သို့ကိုကြိုပို့လုပ်စရာမလို တော့ဘူး။ သီက ဆင်းရဲတာမှန်ပေမယ့် ကိုယ့်အရှက်၊ ကိုယ့်သိက္ခာ နဲ့နေတတ်ပါတယ်။ သီ့တစ်သက် ဒီလိုမျိုး တစ်ခါမှအပြောမခံခဲ့ဖူး ဘူး။ အရမ်းဝမ်းနည်းတာအမှန်ပဲ။ စိတ်ချပါ. . . ရှင့်အဖေကို နောင် ဘယ်တော့မှမပြုံးပြမိစေရဘူး။ သီ့ကိုယ်သီ ယာယီခန့်ထား တဲ့ပျာတာအဆင့်ဆိုတာ ခေါင်းထဲအမြဲရှိပါတယ်။ ရှင်သာ ကိုယ့် သိက္ခာနဲ့ကိုယ်နေတတ်အောင်ကျင့်ပါ။ သီ့ကို ဒီလိုမျိုးလိုက်လုပ်နေ တာ ရှင်လည်းသိက္ခာကျတယ်။ သီလည်းနာမည်ပျက်တယ်ရှင့်"

"ဟာ့! ဘယ်လိုပြောလိုက်တာလဲ ပုလဲသီ"





"ပျာတာ့က ပျာတာစကားပဲပြောတတ်တာပေါ့ရှင့်"

ဒိုးဒိုးဒေါက်ဒေါက်ပြောချကာ ရှေ့မှမပြေးရုံတမယ် လျှောက် သွားသည့်မိန်းကလေးကိုရော၊ ပါးစပ်အဟောင်းသားဖြင့် ငိုင်ကျန် ရစ်ခဲ့သည့်သားကိုပါ ကုမ္ပဏီပြတင်းဝမှ လှမ်းမြင်နေရပါ၏။

ဒီကောင် ဘာတွေလုပ်လာပြန်ပြီလဲ။

ရုံးခန်းအပြင်မှာထွက်ရပ်ကာ စောင့်ကြည့်နေစဉ် ငိုထား သည့်မျက်နှာနှင့်သူမနောက်မှာ အပြေးတစ်ပိုင်းလိုက်လာသည့် သားကို ရုပ်ပျက်ဆင်းပျက်မြင်လိုက်ရတာမို့ သူခေါင်းကိုခါလိုက် မိလေ၏။ မဟုတ်သေးဘူး။ ဒီပုံစံက မိုးညိုနဲ့သံစဉ်ချိုပုံစံလိုကြီး ဖြစ်နေသလိုပါပဲလား။

"ပုလဲသီ"

"ဟော့ကောင် မိုးရိပ်"

"ဗျာ! ဒက်ဒီ"

သူ့အော်သံကြောင့် သူမရောသားပါ တုံ့ခနဲရပ်သွားလေ၏။ သူမက မျက်နှာသေလေးဖြင့် သူ့ကိုခါးညွတ်အရိုအသေပြုကာ Hall ခန်းထဲ တောက်လျှောက်ဝင်သွားပါသည်။ သားဖြစ်သူမျက်နှာက ဇီးရွက်သာသာ ငယ်လွန်းလှချည်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါ, မိုးညိုရဲ့သား. . . မိုးရိပ်တဲ့လေ။

"လာစမ်း. . . လာစမ်း, မင်းကိုဆုံးမလိုက်တာမှ ပူပူနွေးနွေး ပဲရှိသေးတယ်။ ခုဖြစ်လာတဲ့ပုံစံကိုကြည့်စမ်း။ လူမြင်လို့ကောင်း သလား"

"ဘာဖြစ်လို့လဲ ဒက်ဒီရ"

"မင်းဖြစ်နေတဲ့ပုံစံလေ; ကောင်မလေးစိတ်ကောက်တာကို အတင်းလက်လိုက်ဆွဲပြီးချော့နေတာ အသိသာကြီး။ မင်းအစား ငါရှက်လိုက်တာမိုးရိပ်ရာ။ ကိုယ့်ကိုကိုယ် GM တစ်ယောက်ဆိုတာ ရော အမှတ်ရသေးရဲ့လား"

"မသိတော့ဘူးဒက်ဒီရာ။ ဟိုမှာ ကျွန်တော်စကားပြောမှား သွားလို့ ငိုသွားတာ၊ ဘယ်လိုလုပ်ရမှန်းမသိတော့ဘူး"

"ဘာ! မင်း သူ့ကိုရည်းစားစကားများပြောလိုက်သလား။ ဒုက္ခပါပဲ မိုးရိပ်ရာ"

"အာ. . . မဟုတ်ပါဘူး ဒက်ဒီရ"

"မဟုတ်ရင် သူက ဘာကိုစိတ်ဆိုးပြီးငိုရမှာလဲ"

နှာခေါင်းရှုံ့တွသွားသည့်သားဖြစ်သူကိုကြည့်ရင်း ရင်ပူသွား ရလေ၏။ ရုံးခန်းထဲဆွဲထည့်ပြီးအော်နေတော့ အခန်းကလုံ၍တော်





ပါသေးသည်။ ဘာတော်မှန်းညာတော်မှန်းမသိဘဲ စွတ်ကြီးလျှောက် ပြောမှ ကိုယ်ကျိုးတွေနည်းကုန်တော့မှာပဲ။

"မေးတာဖြေဦးလေ"

"ဟိုဥစ္စာ. . . မနေ့က ဒက်ဒီ့ကိုပြန်ပြုံးပြတာကို မပြုံးနဲ့လည်း ပြောလိုက်ရော. . . ဘာမပြောညာမပြော ငိုချလိုက်ပါလေရော။ ကျွန်တော်လည်း နားကိုမလည်တော့ဘူး"

"ဟော့ကောင်! ငါမွေးရင် ငါ့သမီးအရွယ်လောက်လေးနဲ့ ငါ့ကို အူတိုစရာလားကွ။ အဲဒါ မင်းညီမအရွယ်လေးပေါ့ကွာ။ ဒီကောင် တော့"

"မဟုတ်ပါဘူး ဒက်ဒီရ။ ကျွန်တော်က ဘာရယ်မဟုတ်ဘူး ပြောလိုက်မိတာပါ"

"ပြောစရာလား, ဟိုကရှက်သွားမှာပေါ့။ ကိုယ့်ရာထူးနဲ့ကိုယ် သိုးသန့်နေမယ် စိတ်မကူးဘူး။ အောက်ခြေအဆင့်ကလူနဲ့ ရောစရာ လား။ ဒါနောက်ဆုံးဖြစ်ပါစေ။ နောက်ဆို သူနဲ့ပတ်သက်တာ ဘာ တစ်ခုမှမမြင်ချင်မကြားချင်ဘူး။ ဒါပဲ"

"ဟာဗျာ. . . ဒက်ဒီကလည်း"

"လျှာမရှည်နဲ့။ မင်းမှာ ညီမ,မရှိလို့ ညီမလေးလိုသဘော



www.burmeseclassic.com

www.burmeseclassic.com



ထားရင်တောင်မှ ဣန္ဒြေရရနဲ့စကားပြောပါ။ ဒီလိုပုံစံမျိုး ငါမလို ချင်ဘူး။ ပြောမရရင် ငါ, မင်းကို စက်ပူမှာပဲနေခိုင်းတော့မှာနော်"

သူ့ဒက်ဒီကိုဘာမှပြန်မပြောဖြစ်တော့ဘဲ သူ့ရုံးခန်းရှိရာဆီ သို့သာ လှည့်ထွက်လာခဲ့၏။ စိတ်တွေရှုပ်ပါတယ်ဆိုမှ အတင်းကြီး ညီမတော်ခိုင်းနေတာပဲ။ မတော်နိုင်ပေါင်။ စတွေ့ကတည်းက သူမ အကြည့်တစ်ချက်အောက်မှာ သူ့နှလုံးသားတစ်ခုလုံး ဘုတ်ခနဲပြုတ် ကျသွားသလိုဖြစ်ပါတယ်ဆိုမှ မချစ်ရဘူးလို့လာပိတ်ပင်စရာလား။

ဒီလိုမှန်းသိခဲ့ရင် လေပြည်နဲ့ကိစ္စကို သူခေါင်းညိတ်ခဲ့မိမှာ မဟုတ်ပေ။ ကိုယ်တိုင်ကလည်း ရင်ခုန်လှုပ်ရှားဖွယ်ရာချစ်သူဆို၍ တစ်ယောက်တလေလေးမှမရှိတာမို့ ပြီးတော့ ကိုယ့်အဖေကလည်း ကိုယ့်အပေါ်မှာ ကောင်းတာပဲစဉ်းစားစီစဉ်ပေးတာကိုယုံကြည်၍ ခေါင်းညိတ်ခဲ့မိတာ မှားချေပြီလား။ အခုတော့ သူ့ကတိနှင့်သူ လုံး လည်ချာလည်လိုက်ချေပြီ။ ဩော်. . . နှုတ်ကတိကျွံလျှင်ဖြင့် ပြန် နှုတ်မရဘူးဆိုတာ အတော်လေးမှန်နေပါရောလားလေ။

သူ့ရုံးခန်းထဲဝင်တော့ သူမက သန့်ရှင်းရေးလုပ်ပြီးပြီဖြစ်၍ ပြန်အထွက်နှင့်သွားဆုံလေ၏။

"ပုလဲသီ, ကိုယ်တောင်းပန်ပါတယ်။ ကိုယ်ဆိုလိုတာ မင်းထင်





သလိုမျိုးမဟုတ်ရပါဘူး"

"ကျွန်မ, အလုပ်တွေရှိသေးလို့ပါ"

"ပုလဲသီ"

သူတားတာကို မကြားချင်ယောင်ဆောင်၍ သူမ Hall ထဲသို့ ထွက်လာ၏။ ပြောတုန်းကဖြင့် ရှေ့နောက်မစဉ်းစားဘဲပြောပြီး အခုမှလိုက်တောင်းပန်နေလို့လည်းအပိုပါပဲ ကိုမိုးရိပ်ရယ်။ သိ သိလိုက်ပါပြီ။ ဘယ်လောက်ပဲ သဘောကောင်းတယ်ထင်ဦးတော့ ခနရှင်ဟာခနရှင်ပါပဲ။ အလုပ်ရှင်နဲ့အလုပ်သမားလို့ အဆင့်အတန်း ခွဲတတ်ရင် သို့ကိုဘာလို့အရောဝင်သေးလဲ။ အရေးတယူဂရုစိုက် သေးလဲ။ လိုတာထက်မပိုဘဲ သူစိမ်းပြင်ပြင်နေပါလားရှင်ရယ်။

"ပုလဲရေ. . . ဒီစာရွက်တွေကို GM ဆီသွားပို့ပေးပါဦး။ ပြီး ရင် MD ဆီတင်ရမှာ။ MD ရဲ့ secretary က မနက်ဖြန်ပြန် ရောက်မယ်ပြောတယ်"

"အန်ကယ့်အတွင်းရေးမှူးက မိန်းကလေးလားဟင် မမ သန်း"

"ဟုတ်တယ်လေ, ဘာဖြစ်လို့လဲ"

"ဟင့်အင်း. . . ဘာမှမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ စာရွက်ထပ်လေးကိုကိုင်ကာ သူ့ရုံးခန်းထဲဝင်စဉ် စားပွဲပေါ်မှာ လက်သောက်၍ငိုင်နေသည့်သူ့ကိုမြင်လိုက်ရလေ၏။ ဒါလား. . . အလုပ်လာဆင်းတာ။ သိ, အလုပ်စဝင်တုန်းကလိုမျိုး လန်းဆန်းတက်ကြွသည့်ဟန်ပန်အမူအရာတွေ ဘယ်ရောက်ကုန်ပြီလဲ။

"လက်မှတ်ထိုးပေးပါရှင့်"

စာရွက်တွေကို သူ့ရှေ့မှာချပေးလျက် ခပ်တည်တည်လေး ပြောလိုက်သည့်သူမကိုမော့ကြည့်လိုက်မိ၏။ လက်နှစ်ဖက်ကိုနောက်ပစ်ကာ ခပ်ရှိုရှို့လေးရပ်နေသည့်သူမက မျက်လွှာကိုအသာချထားလေသည်။

"ကိုယ်ပြောတာကို သေချာနားထောင်မယ်ဆိုမှ လက်မှတ်ထိုးပေးနိုင်မယ် ပုလဲသီ"

"အရေးကြီးလို့ပါရှင်။ ပြီးရင် MD ဆီပို့ရမှာမို့လို့ပါ"

"ပုလဲသီ"

"ကျွန်မအလုပ်တွေ ရှိနေသေးလို့ပါ. . . GM"

သူ့ရင်ထဲ မျက်ခနဲဖြစ်သွားရလေ၏။ GM တဲ့။ ဒီလိုခပ်စိမ်းစိမ်းခေါ်တာမလိုချင်လို့ သူများတွေနဲ့မတူတဲ့ခေါ်နည်းမျိုး သင်





ပေးထားပါလျက်၊ အခုတော့ ခေါ်ချေလေပြီ။

"မင်းကိုအဲဒီလိုခေါ်ဖို့ ကိုယ်သင်ပေးထားလား"

"ကျွန်မမှာ အချိန်မရှိလို့ပါရှင်"

"ပုလဲသီ. . . မင်း,ကိုယ့်ကိုစိတ်ဒုက္ခမပေးပါနဲ့"

"ကျွန်မအလုပ်, ကျွန်မလုပ်နေတာပါ. . . GM"

သူ ဝုန်းခနဲထရပ်လိုက်တော့ သူမက အနောက်သို့ နှစ်လှမ်းမျှဆုတ်သွားလေ၏။ သူမမျက်လွှာပင့်ကြည့်စဉ် စိုးထိတ်သည့်အကြည့်တို့ကို သူမြင်လိုက်ရသည်။

"ကိုယ့်ကိုဒေါသထွက်အောင် မဆွပေးနဲ့နော်"

"ကျွန်မအလုပ်ပြတ်မှာ စိုးရိမ်ပါတယ်ရှင်"

"ပုလဲသီ. . . မင်း"

"မိုးရိပ်, အန်ကယ်ခေါ်နေတယ်။ ပုလဲသီပါ လာခဲ့ဦးတဲ့"

တံခါးချပ်ခနဲပွင့်ကာ လှမ်းပြောလိုက်သည့်ဖေဖေ့ကြောင့် ဒေါသကို ကျိတ်ဖြေလိုက်ရသည်။ ဒီတိုင်းသာဆိုရင်တော့ သူတစ်နေကုန် စိတ်ကြည်လင်တော့မည်မထင်ပေ။ သူမကို စူးခနဲတစ်ချက်စိုက်ကြည့်ကာ စာရွက်တွေကိုကောက်ကိုင်၍ ထွက်လာခဲ့၏။ သူမက သူ့နောက်မှ ခပ်မြန်မြန်လိုက်လာခဲ့ရလေသည်။ ဒက်ဒီ့



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှေ့ခုံမှာ ဇေယျရော၊ သူနှင့်ပုလဲသီပါ ဝင်ထိုင်လိုက်ပါ၏။

"ကိုယ့် Secretary မနက်ဖြန်ပြန်ရောက်မယ် မောင်ဇေယျ။ ဒါဆိုရင်တော့ မင်းအတော်လေးသက်သာသွားမှာပါ။ မေသက်ပန် ရောက်လာရင် ပုလဲသီကိုတွဲသင်ပေးဖို့ စီစဉ်ပေးမယ်။ ပုလဲသီ. . . အန်ကယ့်ရုံးခန်းမှာပဲလုပ်ရမယ်။ Hall ထဲမှာလုပ်ဖို့ မလိုတော့ဘူး။ အဲဒီနေရာမှာ ကောင်လေးတစ်ယောက်ကိုပဲခန့်ဖို့စီစဉ်ပါ ဇေယျ"

"ဟုတ်ကဲ့ပါအန်ကယ်"

"သွားနိုင်ပြီ"

ဇေယျထွက်သွားမှ သူက မျက်မှောင်ကြုတ်၍ ဒက်ဒီ့ကိုကြည့်လိုက်မိ၏။ ဘာသဘောနှင့်လဲ။ ဒက်ဒီ့ရုံးခန်းထဲမှာ သူမ,ဝင်လုပ်နေမှတော့ သူဘယ်လိုလုပ်ပြီး တွေ့ခွင့်ရတော့မှာလဲ။ ပညာရှိနည်းဖြင့် ဒက်ဒီတော့ သူ့ကိုပညာပြချေလေပြီ။

"ဒက်ဒီ. . . ပုလဲသီက ဘွဲ့မရသေးဘူးနော်"

"ငါသိတယ်"

"ပြီးတော့ သူက နမော်နမဲ့လည်းနိုင်တာ၊ ဒက်ဒီ အသိဆုံးနော်"

"ငါသိတယ်ဟေ့ကောင်။ လျှာရှည်ပြန်ပြီ၊ မင်းရော နမော်





နမဲ့မနိုင်လို့လား။ အခုပဲကြည့်! ငါ့ဆီယူလာပေးတဲ့စာရွက်တွေကို စစ်လည်းမစစ်၊ လက်မှတ်လည်းမထိုးထားဘူးလေ"

"အဲ"

သူ့, ကိုယ့်အပြစ်နှင့်ကိုယ်မို့ ခေါင်းကုတ်မိစဉ် သူမက ပြုံးစိစိဖြင့် ခေါင်းကိုငုံ့ချလိုက်ပါ၏။ ဘယ်လောက်ပဲ GM ဆိုပြီး ဣန္ဒြေဆည်နေပါစေ၊ သူ့အဖေရှေ့မှာတော့ ကလေးတစ်ယောက်လိုအဆူခံ၊ အပြောခံနေရတာကိုး။

"ဘာလဲ! မဟုတ်ဘူးငြင်းချင်သေးလား"

"မဟုတ်ပါဘူးဒက်ဒီရ။ အဲဒါ. . ."

"ပုလဲသီကို အပြစ်ပုံချဦးမလို့လား"

"မဟုတ်ပါဘူး ဒက်ဒီရာ"

"ဒါဆိုလည်း ပါးစပ်ပိတ်ထား၊ အတွန့်မတက်နဲ့၊ ကိုယ်ကိုယ်တိုင်စေ့စပ်သေချာမှုမရှိရင် သူတစ်ပါးကို ဆရာလုပ်လို့မရဘူးဆိုတာကို မြဲမြဲမှတ်ထားပါမိုးရိပ်"

"ဒက်ဒီကလည်း အဲဒါအိမ်ရောက်မှပြောလည်းရရဲ့သားနဲ့"

"အံမာ! အလုပ်နဲ့ပတ်သက်လို့ အလုပ်မှာပြောတာကိုပဲ တားနေရလား။ ပုလဲသီရှေ့ပြောလို့ ရှက်တယ်ပေါ့လေ။ မင်းပဲ ပုလဲသီ့ကို



www.burmeseclassic.com

www.burmeseclassic.com



Secretary ခန့်ချင်တယ်ဆို။ အရည်အချင်းပြည့်စုံမှ ဒီနေရာကိုခန့်လို့ရမှာပေါ့။ မင်းခန့်ထားတယ်ဆိုပေမယ့် ပုလဲသီက ငါ့ကုမ္ပဏီက ဝန်ထမ်းပဲ။ ငါကြိုက်သလိုခန့်ထားလို့ရတာကို မမေ့နဲ့။ မင်း,မကျေနပ်ရင် စက်ာပူကကုမ္ပဏီမှာ သွားပြောင်းလုပ်၊ ဒါပဲ"

သူမကျေမနပ်ဖြင့် ငြိမ်လိုက်ရလေ၏။ ဒါ ဒက်ဒီ လူလည်ကျတာအမှန်ပါပဲ။ သူနဲ့ပုလဲသီကိုစိုးရိမ်စိတ်နဲ့ သူ့ချာတိတ်မကို ရုံးခန်းထဲထည့်သိမ်းထားတော့ ဘာဆက်လုပ်လို့ရတော့မှာလဲ။

တကယ်တမ်းရင်ထဲမှာစိုးရိမ်နေတာက ဒက်ဒီနဲ့သူမကို သူ့ထက်ပိုပြီးမရင်းနှီးစေချင်တာကိုဖြင့် မသိလေရော့သလား ဒက်ဒီရယ်။



## အခန်း ( ၈ )

"Good morning Uncle"

"Morning ပါ မေသက်ပန်။ Are you Ok for all cases?"

"Ok ပါ. . . အန်ကယ်။ ဦးအောင်သက်မော်ရဲ့ဟိုတယ်ကို Foreigner တွေ တော်တော်သဘောကျတာအမှန်ပဲ။ ပုဂံရှုခင်းတွေကိုလေ့လာဖို့အတွက် Guide ရောကားရော စီစဉ်ပေးထားတာမို့ လိုလေသေးမရှိပါဘူး။ အန်ကယ့်ရင်းနှီးမြှုပ်နှံမှု အလဟဿတော့ မဖြစ်စေရဘူးလို့ သက်,အာမခံပါတယ်"

"ဝမ်းသာပါတယ် မေသက်ပန်။ ကိုယ့် Secretary ပီသပါ



www.burmeseclassic.com

www.burmeseclassic.com



ပေရဲ့။ လောလောဆယ် ခရီးပန်းလာတာမို့ ဒီနေ့တော့ထားလိုက်ပါ။ Coming Sunday တော့ ကိုယ် Dinner လိုက်ကျွေးပါ့မယ်"

"ရပါတယ်အန်ကယ်ရယ်။ သက်အတွက်မလိုပါဘူး"

ညှင်းသွဲ့သွဲ့လေးရယ်မောလိုက်သည့် မေသက်ပန်၏ သွားတက်လေးကို သူမငေးခနဲဖြစ်သွားရလေသည်။ ချောလိုက်တာ မှန်နေတာပါပဲလား။ ဒီလောက်ချောလွန်းနေမှတော့ အန်ကယ်နဲ့အတူတွဲသွားတာ လိုက်ဖက်တယ်လို့ပြောကြမှာလေ။ အန်ကယ်ကိုယ်တိုင်ကိုက စကားပြောရင် 'ကိုယ်' ဆိုပြီး နာမ်စားထည့်သုံးတတ်တာ၊ အသက်ကြီးပေမယ့် အရွယ်တင်နုပျိုကာ style ကလည်း ခပ်မိမိမို့ မသိရင်လေးဆယ်တောင်ရှိမည်မထင်ရပေ။

အင်း. . . အန်တီ့အတွက်တော့ စိုးရိမ်ဖွယ်ရာပေပဲ။

"မိတ်ဆက်ပေးရဦးမယ်။ ဒါ ကိုယ့်တူမတော်တယ် မေသက်ပန်။ သားအတွက် Secretary နေရာကိုလျာထားတဲ့သူပါ။ နာမည်က, ပုလဲသီတဲ့"

"ဩော်. . . ဟုတ်ကဲ့,အန်ကယ်"

ပြုံးမဲ့မဲ့မျက်နှာပေးဖြင့် သူမတစ်ကိုယ်လုံးကို စုန်ဆန်ကြည့်လိုက်သည့်မျက်ဝန်းတို့ကြောင့် တွန့်ခနဲဖြစ်သွားရလေ၏။





အမယ်လေး. . . အကြည့်ရဲလိုက်တာနော်။ ဒီမျက်လုံးမျိုးနဲ့ ပုရိသယောကျ်ားတွေကိုကြည့်လိုက်ရင် တစ်ခါတည်း ပစ်ကျသွားလောက်ပေရဲ့။ ယောကျ်ားလေးဖြစ်တဲ့သူတောင် သို့ကို ဒီလိုမျိုးစေ့စေ့စပ်စပ်ကြည့်ဖူးတာမှမဟုတ်ဘဲ။ စိတ်ထဲမှာစိုးရိမ်စိတ်ဖြင့် သတိဟူသည့်အချက်ပေးသံက နားဝမှတစ်ဆင့် ဦးနှောက်သို့စီးဝင်လေ၏။

"အဲဒါ မင်းလိုပဲထက်ထက်မြက်မြက်လေးဖြစ်စေဖို့ လက်ထပ်သင်ကြားပေးပါ မေသက်ပန်"

"ဟင်းဟင်း. . . အန်ကယ်က သက်ကိုအထင်ကြီးလှချည်လား။ တစ်ခါတည်း သင်တန်းဆင်းပြီးသားလူကို ခန့်လိုက်ရင်ပြီးရော. . .။ ပုလဲသီပုံစံလေးက ကလေးသာသာလေးရှိနေတာကိုး၊ အန်ကယ်တို့ပင်ပန်းတာပေါ့"

ကြည့်စမ်း! စိုက်ကြည့်လိုက်တဲ့မျက်လုံးတွေထဲမှာ မရှုစိမ့်ချက်တွေပါနေရုံမျှမက နှုတ်ဖျားကနေတောင် ဖွင့်ပြောတဲ့အထိ ရဲတင်းလှချည်လား။ သူမ, မေသက်ပန်ကို ခပ်ငေးငေးပင်ကြည့်နေမိသည်။

"ကိုယ်သိတာပေါ့ မေသက်ပန်။ ကိုယ့်သားကို တခြား Secretary တွေနဲ့စိတ်မချလို့ ဒီလိုဆွေမျိုးထဲက ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ထားပေးတာမျိုးပါ။ သူစိမ်းထက် သွေးချင်းကို ပိုစိတ်ချရတာ မဟုတ်လား"

"ဟုတ်ပါပြီလေ။ သက်က အန်ကယ်တို့လုပ်ငန်းကြန့်ကြာမှာ စိုးရိမ်စိတ်နဲ့ပြောလိုက်မိတာပါ။ sorry နော်. . . အန်ကယ်, GM ရဲ့ညီမဆိုတော့ သက်ရဲ့ညီမလေးလိုသဘောထားပြီး ဂရုစိုက်သင်ပေးပါ့မယ်"

"Thanks ပါ. . . မေသက်ပန်။ အဲဒီလိုပြောတတ်တာလေး တွေကိုက, ကိုယ် Choice လုပ်ခဲ့တဲ့ Secretary တွေထဲမှာ အမှတ်အများကြီးသာနေတာပဲ"

မေသက်ပန်က သဘောကျကျေနပ်စွာပြုံးလိုက်လေ၏။ ပြီးနောက် စားပွဲရှိခုံမှာ သွားထိုင်လိုက်လေသည်။

"Computer တတ်သလား ပုလဲသီ"

"ဟင့်အင်း. . . မတတ်ပါဘူးမမ"

"ဒါဖြင့် စာရင်းကိုင်ရော"

"သိ,မတက်ဖူးဘူးမမရဲ့"

"ခက်တာပဲ၊ အဲဒါတွေကအစ လိုက်သင်ပေးရရင် ခရီးတော့ တွင်တော့မှာပဲ"





ဦးမိုးညို ပြုံးလိုက်ပါ၏။ မေသက်ပန် ဘာဖြစ်လို့များ ပုလဲသီ အပေါ် မစ္ဆရိယဖြစ်သလဲဆိုတာ သူစုံစမ်းဖို့မလိုပါ။ လုပ်သက်တစ်နှစ်ကျော်အတွင်းမှာ သူ့အပေါ်လိုသည်ထက်ပို၍ အရေးတယူပြုဆက်ဆံလာတာကို သူရိပ်မိနေသည်ကိုး။ ပထမအချက်အရ သူ့ရုံးခန်းထဲမှာ ပုလဲသီကိုခေါ်ထည့်လိုက်ကတည်းက မကြည်လင်နိုင်မှန်း သူတွက်ဆထားပါသည်လေ။

"သူ့ကို Saturday, Sunday တိုင်း သင်တန်းတက်ခိုင်းရင်ကောင်းမယ်ထင်တယ် အန်ကယ်"

"ကိုယ်စီစဉ်ထားပါတယ် မေသက်ပန်ရဲ့။ လောလောဆယ်မင်းအတွက် အကူသက်သက်လေး ကိုယ်ထားပေးတာပါ။ ပုလဲသီ"

"ရှင်! အန်ကယ်"

"နေ့လယ်ထမင်းစားချိန်ပြီးရင် သားအခန်းထဲက Computer မှာ မင်း,သင်တန်းတက်ရမယ်"

"ဟုတ်ကဲ့"

"ဘယ်က ဆရာမခေါ်သင်မလို့လဲ အန်ကယ်"

"သီးသန့်ခေါ်စရာလားကွယ့်။ သူ့အစ်ကိုတစ်ယောက်လုံး အားနေတာပဲ။ သင်ပေးလိမ့်ပေမပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကဲ! ပြီးပါလေရော။ သူနဲ့စကားသိပ်မပြောချင်ပါဘူးဆိုနေမှ အဆူအငေါက်ခံပြီး သင်ရဦးမည်။ အဲဒီအန်ကယ်ကလည်း သီနဲ့ သူ့သားကိုစိတ်မချသလိုမျိုးပြောဆိုခဲ့ပြီး အခုမှ ဘာစိတ်ကူးနဲ့ဒီလို စီစဉ်ပြန်ရသလဲမသိ။ ဘာမှမတော်ဘဲနဲ့ အတင်းကြီး ဝမ်းကွဲမောင်နှမတော်ခိုင်းနေတာမို့ စိတ်ထဲကလည်း ပြုံးချင်သည်။ သူနဲ့နေ့စဉ်နှစ်နာရီခန့် လက်ပွန်းတတီးလိုနေရမှာကိုတော့ စိတ်ညစ်လှပါ၏။ ထမင်းစားချိန် သူမ,ထထွက်စဉ် မမသန်းက တီးတိုးမေးလေသည်။

"MD ရဲ့ Secretary နဲ့အဆင်ပြေရဲ့လား ပုလဲ"

"ဒီလိုပါပဲ မမသန်းရဲ့"

"ကြည့်ပေါင်းနေဉ်။ သူက သိပ်လည်တယ်။ MD နဲ့ GM လောက်ကိုပဲ အဆင့်ရှိတယ်ထင်တာ။ မမသန်းတို့နဲ့ မန်နေဂျာကိုတော့ ခိုင်းဖက်လောက်ပဲသဘောထားတာလေ။ ပုလဲက လှတပတလေးဆိုတော့ သူ့မနာလိုဖြစ်မှာသေချာတယ်"

"သီက နေတတ်ပါတယ်မမသန်းရဲ့"

"ပုလဲကို GM အလုပ်ခန့်လိုက်တာကိုရော သူသိလား"

"ဟင့်အင်း. . . အန်ကယ်က သူနဲ့မိတ်ဆက်ပေးတော့ သီ့ကို တူမလို့ပြောတယ်"





"ကောင်းတယ်။ ဒီမိန်းမက အတင့်လည်းရဲသေးတယ် ပုလဲရဲ့။ MD နဲ့ Dinner တွေပါတီတွေတွဲတက်ရတော့ ဘဝင်က မြင့်ချင်သေးတယ်။ အပြင်မှာတောင် MD နဲ့ဘာလိုလိုသတင်းလည်း ပျံ့နေလေရဲ့"

"ဟယ်! အဲဒီလိုကြီးလား"

"MD က ရိုးပါတယ်ပုလဲရဲ့။ သူကိုက ကဲတာပါ"

သူမ ရင်ထိတ်သွားရလေ၏။ Secretary လုပ်တာ ဒီလိုကြီးသွားပုတ်လေလွင့်အပြောခံရတတ်သလား။ သီဖြင့်ရှက်လို့ လဲသေမိတော့မှာပဲ။ သာမန်ဝန်ထမ်းတွေအားလုံး Uniform ဝတ်ရတာမို့ သူတို့လူကြီးသုံးယောက်နှင့် မေသက်ပန်က အပြင်ဝတ်,ဝတ်ရလေသည်။ ခေတ်လည်းဆန်၊ ကိုယ်လုံးကိုယ်ပေါက်လည်း ပေါ်လွင်လှသည်။ Fitting ခပ်ကျကျဝတ်စုံတွေ ရွေးဝတ်တတ်တာမို့ မေသက်ပန်ဟာ အများထဲမှာ ထင်းပြီးသန့်နေတာလည်းအမှန်ပါလေ။

"ပုလဲသီ"

"ရှင်"

"ထမင်းစားပြီးရင်လည်း လာတော့လေ"

ထမင်းစားခန်းဝမှာ လာရပ်ခေါ်နေသည့် သူ့ကိုမြင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကောက်နေသည့်စိတ်က ပြေချင်နေပြီ။ အခုတော့လည်း သူဘာမှ မပြောထားသလို မျက်နှာက အပြစ်ကင်းနေသည်ကိုး။ အပြောခံရသည့်လူကဖြင့် ရင်ထဲမှာတနုံ့နုံ့။ သူ့ဟာသူ အဖေကိုအူပွပြီး လာတားလည်း အခုဆို သီက အန်ကယ့်ရုံးခန်းထဲရောက်နေပြီမို့ ဘာတတ်နိုင်သေးတုန်း။ ချိုင့်ဆေးပြီးချိန်ထိ ရပ်စောင့်နေသည့်သူ့ကို ဝန်ထမ်းတွေက ပြုံးစိစိဖြင့်ကြည့်ချေပြီ။ သူကလည်းမသိချင်ယောင်ဆောင်၍ ပေတေရပ်နေသည်ကိုး။

သူ့ရုံးခန်းထဲကိုရောက်တော့ ခုံမှာထိုင်ခိုင်းကာ ဘာမှသင်မပေးသေးဘဲ လူကိုစိုက်ကြည့်နေတာမို့ သူမမျက်လွှာကိုချလိုက်ပါ၏။

"ကိုယ်ပြောတာကိုလက်ခံမယ်ဆိုမှ သင်ပေးနိုင်မှာနော်"

လာပြီ. . . အကျပ်ကိုင်တဲ့လုပ်ငန်းက အရင်စပြီ။ အန်ကယ်နဲ့ရုံးခန်းတစ်ခန်းတည်းနေရတာတောင် သူနဲ့နေရသလို စိတ်မကျဉ်းကျပ်လှပေ။ စကားပြောတာထက် တစ်ခါတစ်ခါစိုက်ကြည့်တတ်သည့် သူ့အကြည့်စူးစူးတို့ကိုစိုးထိတ်လွန်းပါ၏။ မမလေပြည်ကို သူဒီလိုကြည့်လျှင်ဖြင့် မမမည်သို့ခံစားရမည်နည်းဟု မဆီမဆိုင်တွေးမိလေသည်။





"ကိုယ်ပြောတာ ကြားလား,ပုလဲသီ"

"ဟုတ်"

"ကြားရင်လည်း ပြန်ဖြေမှပေါ့"

သူမက မျက်စောင်းဝေ့ဝေ့ထိုးကာ မျက်လွှာပြန်ချသွားတာမို့ သူပြုံးလိုက်ပါ၏။ ဒက်ဒီ ဘာတွေဘယ်လိုစီစဉ်ပေးမှန်းမသိသော်လည်း နေ့လယ်(၁)နာရီကနေ (၃)နာရီအထိ သူနှင့်နီးနီးကပ်ကပ်ရှိရန်စီစဉ်ပေးတာကိုတော့ သဘောကျလှပါသည်။

ကုမ္ပဏီမှာ မယ်ကမ္ဘာနီးနီး ချောလှသည်ဟု ယူဆထားသည့် မေသက်ပန်နှင့် သူ၏အသည်းတုံးကို တစ်ခန်းတည်းခေါ်ထားတာတော့ ဒက်ဒီ လောဘကြီးသည်ဟုထင်မိပါ၏။ သို့သော် သူ့ secretary နေရာမှာ သူမကိုထားပေးမည်ဟုပြောတာကိုဖြင့် သဘောကျပါလေသည်။

"မနက်တိုင်း ကိုယ့်ရုံးခန်းကိုရှင်းပေးတာ မဖျက်ပစ်နဲ့နော်"

"လူသစ်ခန့်မှာဆို"

"အဲဒီသန့်ရှင်းရေးတွေက ကိုယ်နဲ့ဒက်ဒီ့အခန်းကို ရှင်းခွင့်မရှိပါဘူးဆိုနေမှ"

"ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ကိုယ့်ကို GM လို့ခေါ်တာကို လုံးဝလက်မခံဘူး။ ပြောထားပါရဲ့"

"သူများတွေခေါ်သလိုမျိုး ခေါ်တာပဲဟာကို"

"မခေါ်ရဘူး၊ မကြိုက်ပါဘူးဆို။ ဒက်ဒီက ပုလဲသီခေါ်မယ်ဆိုရင် ကိုကိုလို့ခေါ်ဖို့အထိ ခွင့်ပြုထားတာလည်း မှတ်ထားဦး"

"ရှင်! "

သူမမျက်လုံးလေး ဝိုင်းသွားရလေ၏။ ကိုကိုနဲ့ ညီမလေးလို့ခေါ်ခွင့်ပြုပေမယ့် သူက 'ညီမလေး'လို့ဖြင့် ပုလဲသီကို ဒီတစ်သက်မခေါ်နိုင်ပါ။ ဘယ့်နှယ်, ချစ်သူအဖြစ် ချစ်ချင်သည့်လူကိုမှ ညီမလေးတော်စရာလားလို့။

"သီ,မခေါ်နိုင်ပါဘူး"

"အခုမခေါ်လည်း နောက်တော့ခေါ်ရမှာပေါ့. . . ရတယ်"

တွေ့လား. . . ပြောပုံကိုက သူ့စိတ်ချည်းပဲ။ သူမထက် (၆) နှစ်ကြီးပေမယ့် သူ့အ‌ဖေနဲ့တွေ့ရင်တော့ ကလေးသာသာပုံစံလေးကသိသာလွန်းလေ၏။ အခုလည်းကြည့်, ပြောတော့ဖြင့် Computer သင်ပေးမယ်ဆိုပြီး စားပွဲထက်မှာ တင်ပလ္လင်ထိုင်နေတာလေ။

"ဘယ့်နှယ်လဲ"





"ဘယ့်နှယ်မှမလဲဘူး"

"ပုလဲသီနော်။ ကိုယ်,သင်တန်းချိန်မှာ တံခါးကို Lock ချထားတယ်။ အထဲမှာဘာဖြစ်နေလဲဆိုတာ ဘယ်သူမှမသိနိုင်ဘူး"

"အစ်ကိုဆရာနော်"

သူမ ခြေတစ်ချက်ဆောင့်လိုက်တော့ သူက ခပ်ဟက်ဟက်ရယ်လေ၏။ ဒီသင်တန်းသူနှင့် ဆရာတော့ အလုပ်ဖြစ်ကြတော့မှာပဲ။ သူကလည်း စိတ်ခပ်တိုတို၊ သူမကလည်း စိတ်ခပ်ဆတ်ဆတ်ပေကိုး။

"ကိုကိုနော်လို့လုပ်စမ်းပါကွယ့် ချာတိတ်ရဲ့"

"ခေါ်နိုင်ပေါင်"

သူ့ Hand Phone မှ သံစုံမြည်လာတာမို့ သူကိုင်လိုက်စဉ်သူမက အသာနားစွင့်နေမိ၏။ မမလေပြည်က သူ,ဘာလုပ်သလဲဆိုတာ Checking လိုက်ခိုင်းထားတာကိုး။

"ဟဲလို! မိုးရိပ်ပါ"

"ဩော်. . . စင်ဒီလား, ပြောလေ"

"ကိုယ်မအားဘူး။ မဟုတ်ပါဘူး, အလုပ်တွေ ရှုပ်နေလို့ပါ။ သိတယ်မဟုတ်လား။ ဒက်ဒီပြန်ရောက်နေပြီလေ၊ sorry ကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



Birthday တို့ Wedding တို့ဆိုရင်တော့ မလာမဖြစ်လာမှာပေါ့။ No. . . ဟင်းဟင်း. . . မင်းတို့မသိတဲ့ကိစ္စတွေ ကိုယ့်မှာ အများကြီးရှိတယ်။ ဘယ်ပြောလို့ဖြစ်မှာလဲ။ ဒါ Top Secret လေ။ သိတယ်မဟုတ်လား. . . အေး. . . ဒါပဲ"

သူက Phone ကိုပိတ်လိုက်ပြီး သူမဘေးခုံမှာ ဝင်ထိုင်လိုက်လေ၏။ စင်ဒီတဲ့၊ ဒါမိန်းကလေးသူငယ်ချင်းပဲပေါ့။ ဒီအကြောင်းက သိပ်တော့မထူးဆန်းပါဘူး။ မမကိုပြန်ပြောရမှာလား။

"သိပ်လည်းစဉ်းစားမနေနဲ့ဦး။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်တွေ ဖြူကုန်ဦးမယ်"

သူက သူမခေါင်းပေါ် လက်ဝါးနှစ်ဖက်အုပ်၍ ပြောလိုက်တာမို့ သူမမျက်နှာလေး ရှုံ့သွားရပါ၏။ ကြည့်ပါဦး. . . ဒီလောက်ကြီးမရင်းနှီးပါဘဲ ဒီလိုဆက်ဆံစရာတဲ့လား။

"Phone ဆက်တာ ဘယ်သူလဲလို့သိချင်တာ ရင်ထဲမှာကလိကလိဖြစ်နေတယ်မဟုတ်လား"

"ဝေးပါသေးတယ်ရှင်"

"မင်းမညာပါနဲ့ ပုလဲသီ။ မင်း့မျက်လုံးတွေထဲမှာ ကိုယ်မြင်နေရတယ်နော်"





"ဟင်! ဘာမှမဆိုင်ဘူး။ ရှင်နဲ့သီက ဘာမို့လို့ ဒီလိုဖြစ်ရမှာလဲ"

"တကယ်မဖြစ်တာလား"

"ဒါပေါ့"

သူ့, လျှို့ဝှက်စွာ ပြုံးလိုက်မိပါ၏။ ဖွင့်ပြောလိုက်ရင်တော့ မတရားရာကျတော့မှာပဲ။ ကိုယ့် staff တစ်ယောက်ကို ရုံးခန်းတံခါးပိတ်ပြီး ရည်းစားစကားပြောတယ်ဆိုရင် လူကြားလို့မှမကောင်း။ ဒက်ဒီ ဘယ်လိုပဲပိတ်ပင်တားဆီးစေဦးတော့၊ ရင်ထဲက အချစ်ဆိုတာကိုတော့ တားလို့ရနိုင်တာမှမဟုတ်ဘဲ။

"ဒီမှာ့ပုလဲသီ, ကိုယ်က ဒက်ဒီ့ကိုချစ်လွန်းလို့ ဒက်ဒီ့စကားကိုနားထောင်ခဲ့တာမှန်ပေမယ့် ကိုယ့်ဘဝအတွက် အရေးကြီးဆုံးရွေးချယ်ရာမှာတော့ ဒက်ဒီ့အမိန့်ကိုနာခံမှာမဟုတ်ဘူး။ အဲဒါကို မင်းသိထားပါ။ ကဲ! ကိုယ်တို့သင်တန်းစကြရအောင်"

သူသင်ပေးသည်တို့ကို ဂရုစိုက်နားထောင်နေပေမယ့် လွင့်ချင်ချင်စိတ်တို့ကို မနည်းစုစည်းထားရလေ၏။ ပဟေဠိဆန်လိုက်တာနော်။ အဖေရှေ့မှာတော့ လိမ္မာသယောင်လေးနဲ့ ကွယ်ရာမှာ လုပ်ချင်ရာလုပ်မယ့် ခေါင်းခပ်မာမာနဲ့လူဖြစ်နေမှန်း သူမသိနေ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ ဦးမိုးရိပ်ရေ. . . ရှင်ဖြစ်ချင်တာတွေကို ဖြစ်နိုင်လိမ့်မယ်လို့ ထင်နေသလားဟင်။

"ဒါဆို ပိုပြီးအဆင်ပြေသွားတာပေါ့ပုလဲရဲ့"

အန်တီက ဝမ်းသာအားရဖြင့်ပြောလိုက်သလို မေမေက သူမ ပခုံးကိုခပ်ဖွဖွဖက်လိုက်ပါ၏။

"မပြေပါဘူး အန်တီရယ်။ အန်ကယ်က သူ့သားကို သိပ်ဂရုတစိုက်ရှိတာအမှန်ပဲ။ သီလည်း သူတို့သားအဖ ဘာတွေဘယ်လို စိစဉ်နေမှန်းမသိတော့ပါဘူး"

"ဒါဖြင့် သမီးကို ဦးမိုးညိုက ချစ်ပုံရတယ်ပေါ့လေ"

"အဲဒီလိုလည်း မဟုတ်ပြန်ဘူးအန်တီရဲ့။ အန်ကယ်က သူ့သားနဲ့ တပူးတတွဲတွဲလုပ်မှာစိုးလို့ သူ့ရုံးခန်းထဲထည့်ပြီးထိန်းတဲ့သဘောမျိုးကြီးဖြစ်နေတာ။ သီတော့ အဲဒီမေသက်ပန်ရဲ့ ရိသဲ့သဲ့လုပ်တာတွေကို နေ့စဉ်ခံရမှာမို့ စိတ်တွေရှုပ်တာပဲသိတော့တယ်"

"မဖြစ်ပါနဲ့သမီးရယ်။ သူက အန္တရာယ်ကိုကြိုမြင်လို့ သမီး





ကိုအတွင်းလူအဖြစ် အနီးမှာထားလိုက်တာပါ။ အဲဒီမေသက်ပန်ကို လျှော့မတွက်နဲ့သမီး။ သူက ကိုမိုးညိုရဲ့ရန်ဘက် Company မှာ လုပ်ဖူးတယ်လို့ သတင်းသဲ့သဲ့ကြားဖူးတာကိုး။ အခုတောင် သမီး အန်ကယ်ကိုအပီရိုက်ဖို့ မစဉ်းစားဘူးလို့ပြောနိုင်မလား"

သူမအံ့ဩသွားရပါ၏။ အပြင်ဆေးရုံအုပ်ကြီးလုပ်နေသည့် ဆရာဝန်တစ်ယောက်က အန်ကယ့်ကိစ္စတွေကို မျက်ခြေမပြတ် စောင့်ကြည့်နေပါရောလား။ သူမ ဘာမှသေချာမသိရလေအောင် ကိစ္စတွေက ရှုပ်ထွေးလွန်းမှန်း တဖြည်းဖြည်းသိလာရပါ၏။ ဉာဏ် မမီနိုင်တော့ပါလား။

"ဒါဖြင့် သီက အဲဒီမေသက်ပန်ကိုစောင့်ကြည့်နေရမှာလား အန်တီ"

"ဒါပေါ့"

"ဟင်! ဒုက္ခပါပဲ။ အန်တီက သားအဖနှစ်ယောက်စလုံးကို သေချာ check ပေးလို့ပြောထားတာ။ အခုတစ်ခါ မေသက်ပန်ပါ လာပြန်ပြီ။ သီ့တာဝန်တွေက ဦးနှောက်နဲ့တောင်မဆံ့တော့ဘူး"

"လုပ်ပေးလိုက်ပါ သမီးရယ်။ သမီးအန်တီက သမီးကို ဒီ လောက်ချစ်မှန်းသိလျက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့လျှို့ဝှက်ထားတာကို ဖွင့်ပြောသင့်ပြီထင်တယ်,ငယ်။ အချိန်က ဘာမှမကျန်တော့ဘူးလေ"

"ချို့သဘောလေ။ ချို့ကောင်းမယ်ယူဆပြီး စီစဉ်ပေးတာပဲဟာ"

မေမေက သူမဆံပင်တိုတိုလေးတွေကို အသာသပ်တင်ပေး၍ ပြုံးပြလေ၏။ အညောင်းထိုင်ခဲ့ရသဖြင့် အသက်ကြီးလာတာနှင့် အမျှ ဒဏ်တွေဖိစီးလာသည့်မေမေ့ကိုသိပ်သနားလှပါသည်။

တဖြည်းဖြည်းနှင့် အရင်ထက်တောင်မှ ပိုပိန်လာသလိုပါပဲလား. . . မေမေရယ်။

"သမီးသိသင့်ပြီထင်လို့ အန်တီဖွင့်ပြောတာပါပုလဲ။ ဒါမှလည်း အန်တို့လုပ်ရပ်ကို အဓိပ္ပာယ်ရှိမှန်း သမီးသိလာရမှာလေ။ တကယ်တော့ အရိပ်ဟာ အန်တို့သားအရင်းပါ"

"အယ်! "

"ဟုတ်တယ်, အန်တို့ပါပါက သူနဲ့အန်တို့ကိုသဘောမတူဘဲ မရမကခွဲခဲ့လို့ အန်တီတို့နှစ်ယောက် ဝေးခဲ့ရတာလေ။ တကယ်တော့ ပါပါဟာ သမီးကိုချစ်တဲ့ဖခင်တစ်ယောက်ရဲ့အတွက်ထက် သာလွန်ပိုကဲစွာနဲ့ အန်တို့အပေါ် ချစ်ရှာခဲ့တာပါ။ နှစ်ကိုယ်တူချစ်ကြ





ပါလျက်နဲ့ ကံကြမ္မာက အန်တီတို့ကို နှစ်ရှည်လများ ပေါင်းစည်းခွင့် မပြုခဲ့ဘူး. . . ယုတ်စွအဆုံး အန်တီစိတ်နာစေမယ့်အခြေအနေထိ ပါပါစီမံခဲ့တာပါ။ ဆေးကျောင်းသူတစ်ယောက်ရဲ့မထားသင့်တဲ့ တလွဲမာနမျိုး အန်တီထားခဲ့မိတယ်။ သူနဲ့ကွဲပြီးနောက် ကလေးကိုလည်း အန်တီ သူ့ဆီပို့ပေးလိုက်တဲ့အထိပေါ့လေ။ အဲဒီအချိန်က နိုင်ငံခြားမှာ ပါရဂူဘွဲ့ယူဖို့ စာတွေကျက်နေရတဲ့အချိန်ဆိုတော့လည်း ပါပါသွေးထိုးတဲ့အတိုင်း မဆင်မခြင်လုပ်လိုက်မိတာ အန်တီ သိပ်နောင်တရမိပါတယ်။ ပါပါမရှိတော့တဲ့အချိန်ကျမှ သူတို့သားအဖကို အန်တီ ဘယ်လိုမှဆက်သွယ်ခွင့်မရတော့ဘူး။ သူကလည်း သူ့ကိုကွဲတာထက် သားကိုစွန့်ပစ်ရက်လေခြင်းဆိုပြီးနာတယ်။ သားက. . . သားကလည်း အန်တို့ကိုအဲဒီလိုပဲထင်ပြီး စိတ်နာရင်တော့ အန်တီ. . . အန်တီ"

မျက်ရည်တွေတပေါက်ပေါက်ကျလာသည့်အန်တို့ကို သူမ သိမ်းကျုံးပွေ့ဖက်လိုက်ပါ၏။ ဖုံးကွယ်ထားခဲ့သည့်လျှို့ဝှက်ချက် နောက်ကွယ်မှာ ကြေကွဲဝမ်းနည်းစရာတွေ တကယ်ပဲရှိနေခဲ့တာပါလား။

"စိတ်မကောင်းမဖြစ်ပါနဲ့အန်တီ။ သူကတော့ အန်တို့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမထင်လောက်ပါဘူး။ သူက မိခင်မဲ့သားတစ်ယောက်လို့တော့ သို့ကိုတစ်ခါပြောဖူးပါတယ်။ အမေကိုစိတ်နာတဲ့အမူအရာမျိုး သူ့မျက်နှာမှာရော၊ သူ့ပါးစပ်ကပါ တစ်ခါမှဖွင့်မပြောခဲ့၊ မပြခဲ့ဖူးတာ အမှန်ပါ"

"သမီးရယ်. . . အန်တီကလေ, သမီးကို သားနဲ့ပဲလက်ထပ်စေချင်တာပါ"

"ရှင်! "

ဘုရားရေ! ဘယ့်နှယ်ကြီးတုန်း။ ဒီအမေနဲ့ဒီသားကတော့ တကယ့်ကိုဇွတ်ပါပဲလား။ သားကလည်း အဖေ့စကားကို နားကမထောင်ချင်။ အမေကလည်း သားကိုသဘောတူချင်တဲ့လူနဲ့ ကြည်ဖြူချင်ပါလေ့ရော။

"ဟုတ်တယ်. . . ဒါကြောင့် လေပြည်နဲ့ကိစ္စကို မပြတ်ပြတ်အောင် ဖြတ်ဖို့ခိုင်းခဲ့တာလေ"

"ဟင့်အင်း! မဖြစ်နိုင်ဘူးအန်တီ။ သီ. . . သီ, ဒီလောက်ထိ စိတ်မညစ်ညှမ်းပါရစေနဲ့"

"လေပြည်သွေးဟာ ပညာမာနသိပ်ရှိတဲ့မိန်းကလေးတစ်ယောက်ပါသမီး။ သားကို ဒုတိယမိုးညိုအဖြစ် အရောက်မခံစေချင်





သလို၊ ဒုတိယသံစဉ်ချိုနေရာမှာလည်း လေပြည်သွေးကိုအစားမထိုးနိုင်ဘူး။ အဲဒါအမှန်ပဲ"

"အန်တီ, အန်ကယ်နဲ့ပဲပြေလည်အောင် ညှိကြည့်ပါလားဟင်။ ဟိုလေ. . . သီတို့လူငယ်တွေကိစ္စကို ဘေးဖယ်ထားပြီးတော့ . . လေ"

"မရလို့ပေါ့သမီးရယ်။ အန်တီက ယောက်ျားတစ်ယောက်ရဲ့မာနကို ရိုက်ချိုးခဲ့မိတာကိုး။ သူနဲ့ပြန်ပေါင်းခွင့်မရရင်လည်း ရှိပါစေတော့။ အန်တီ့ရင်သွေးလေးကိုတော့ ပြန်လိုချင်တယ်။ မပေးခဲ့မိတဲ့မိခင်တစ်ယောက်ရဲ့မေတ္တာမျိုးကို ပေးချင်လို့ပါ"

သူမပါ မျက်ရည်တွေကျလာရပါ၏။ ဟုတ်တာပေါ့လေ။ သီကမှ မိစုံဖစုံနဲ့ မိဘမေတ္တာကို အပြည့်အဝရရှိပိုင်ဆိုင်ခဲ့ရတာ။ သူ့ခမျာ ငယ်စဉ်ကတည်းက မိခင်မေတ္တာကို ငတ်ခဲ့ရရှာတာကိုး။ သနားစရာလေးနော်။ ဟော! မဟုတ်သေးဘူးထင်ပါရဲ့။ အရာရာပြည့်စုံနေတဲ့လူတစ်ယောက်ကို ဘာမှမဟုတ်တဲ့သီက သနားတယ်ဆိုတာ သဘာဝမကျဘူးထင်တယ်နော်။

"သီ. . . တကယ်ပဲစိတ်မကောင်းဖြစ်ရပါတယ် အန်တီရယ်။ အန်တီဖြစ်ချင်တာကိုပဲပြောပါ။ သီအတတ်နိုင်ဆုံးလုပ်ပေးပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ကတိပြုပါတယ်အန်တီ"

"တစ်ခုတည်းပါပဲသမီး, သားကို အန်တီ့ရဲ့သားအဖြစ်နဲ့ မရနိုင်ရင်တောင်မှ သမီးနဲ့ပတ်သက်ပြီး သားသမက်တော်ခွင့်၊ ပိုင်ဆိုင်ခွင့်ရရင် အန်တီကျေနပ်လှပါပြီ"

ကဲ! ဘာလုပ်ရမှာလဲပုလဲသီ။ နင်လုပ်ပေးရမယ့်တာဝန်က အင်မတန်အရေးကြီးတယ်နော်။ အဲဒီကြားထဲမှာ သို့နှလုံးသားလေးကိုတော့ လုံခြုံအောင်ဝှက်သိမ်းဖို့လိုတာ အဓိကအချက်ပဲမဟုတ်လား။

ကိုမိုးရိပ်ရေ. . . ရှင့်နားကို သီကပ်လာတာဟာ အန်တီနဲ့ရှင့်ကိုပြန်ဆုံစေချင်တဲ့အကြောင်းကလွဲပြီး ဘာလျှို့ဝှက်ခြင်းမှ ရှိမနေတာကိုတော့ ယုံကြည်ပေးပါရှင်ရယ်။



## အခန်း ( ၉ )

"ရှင်! "

"ဟုတ်တယ်, မင်းအတွက် ပွဲတက်ဝတ်စုံကို သားစီစဉ်ပေးလိမ့်မယ် ပုလဲသီ။ ကိုယ်ပြောတာ နားလည်ရဲ့လား"

"ဟို. . . ဟို. . . အန်တယ်. . . သီက ဒီလိုပွဲမျိုးကို တစ်ခါမှမတက်ဖူးဘူးရှင့်"

"ဒါကြောင့် ပွဲတိုးအောင် ခေါ်တာပေါ့ကွယ်။ အန်ကယ်က Secretary နဲ့ပဲ တွဲတက်ရတာ များနေလို့ပါ။ ဟုတ်ပြီလား။ ကဲ. . . သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



သူမ မှုန်ကုပ်ကုပ်ပုံစံဖြင့် သူ့ရုံးခန်းရှိရာဆီ လျှောက်လာခဲ့ရ၏။ ဘယ့်နှယ်. . . ပါတီပွဲကိုတက်ရမှာတဲ့လား။ သီက ပွဲတိုးတဲ့လူမှမဟုတ်တာလေ။

"ဟုတ်တယ်, ဒက်ဒီစီစဉ်ပေးတာလေ။ ညနေရုံးဆင်းရင် မင်းဖို့ဝတ်စုံ ကိုယ်လိုက်ဝယ်ပေးမယ်"

"သီ,မလိုက်လို့မရဘူးလားဟင်"

"ကိုယ့် secretary က ကိုယ်ဘယ်သွားသွား အမြဲပါရတယ် ပုလဲသီရဲ့"

"ဟင့်အင်း. . . ဒါ,ကုမ္ပဏီကိစ္စမှမဟုတ်တာဘဲ။ သီ,ဒီလိုမျိုး တစ်ခါမှတက်ဖူးတာမဟုတ်ဘူး။ မလိုက်ချင်ဘူး"

ဂျစ်ကန်ကန်လေးဖြစ်နေသည့်သူမကိုကြည့်၍ သူပြုံးလိုက်မိလေ၏။ တကယ့်ကလေးမပေါက်စလေးပါပဲလား။ ဆံပင်လေးတွေ နည်းနည်းရှည်လာပေမယ့် ကြည့်ကောင်းကာ ပို၍တည်ငြိမ်ရင့်ကျက်ပုံပေါက်လာပါသည်။ ဒါပေမဲ့ ပွဲတွေလမ်းတွေမတက်တာကတော့ အရင်ကပုံစံအတိုင်းပါပဲလား။

"ပြောလေ. . . သီ,မတက်လို့မရဘူးလား"

"မရဘူး"





"ဟင်! မလိုက်ချင်ပါဘူးဆိုနေမှပဲ"

"မလိုက်လို့မဖြစ်ဘူးလေ။ ဒက်ဒီက သူ့ Secretary နဲ့တွဲတက်ရင် ကိုယ်လည်း ကိုယ့် Secertary နဲ့ကိုယ်ပေါ့"

သူမနှုတ်ခမ်းလေး စူသွားရပါ၏။ ဟင်း. . . လူကိုတမင်သက်သက်ညစ်တာ အသိသာကြီး။ သူစကားစတုန်းက သီငြင်းခဲ့တာ,ရရဲ့သားနဲ့ အန်ကယ့်ကိုသွားချွန်လိုက်တာကိုး။ ဘယ်လိုများငြင်းလို့ရပါ့မလဲ။

"သီနဲ့အပေးအယူတစ်ခုလောက် လုပ်ကြမလားဟင်"

"ဘာလဲ"

"ဟိုလေ. . . ဒီပွဲကို သီမတက်ရဘူးဆိုရင် အစ်ကိုဆရာ့ကို သီ, နာမ်စားပြောင်းခေါ်ပါ့မယ်"

လာပြီ. . . လာပြီ။ ပွဲမတက်ချင်တာနဲ့ သူ့ကိုလိုက်လျောမှုတွေ စပေးလာပါရောလား။ မင်းဘယ်လိုလဲ. . . ပုလဲသီ။ ကိုယ်လိုချင်တုန်းကဖြင့် မပေးချင်ဘဲနဲ့ အခုအကျဉ်းအကျပ်ထဲရောက်တော့မှ ပေးချင်လာပြီပေါ့လေ။

"ဘယ်လိုခေါ်မလို့လဲ. . . ပြောပါဦး, ကိုယ်စဉ်းစားပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ရှင်ပဲ ကိုကိုလို့ခေါ်ဆို"

သူ ပြုံးစိစိဖြစ်သွားရပါ၏။ သူမခေါ်သံလေးက သူများတွေနှင့်မတူဘဲ သူ့နားထဲ စိမ့်ဝင်သွားစေတာမဟုတ်ပါလား။

"ရှင်လည်း သို့ကို ညီမလေးလို့ပြန်ခေါ်ပေါ့"

"ရမလား. . . ပုလဲသီရဲ့။ မင်းဟာက ဘဲစားဘဲချေကြီး၊ ညီမှ မညီမျှဘဲ"

'မသိဘူးကွာ, သီခြေထောက်နာနေတယ်အကြောင်းပြပြီး နေခဲ့မှာပဲ"

သူ့လက်သီးဆုပ်က သူမနဖူးပေါ်ကျလာတာမို့ မျက်နှာလေးရဲသွားရလေ၏။ အန်တီပြောထားသည့်စကားတွေကြောင့် တစ်ယောက်တည်းမျက်နှာပူကာ ရှိန်နေပါတယ်ဆိုမှ သူ့ဒီလိုတရင်းတနှီးဆက်ဆံလိုက်တိုင်း ရှက်သွေးဖြာသွားရတာအမှန်ပင်။

အိုလေ . . . အန်တီ ဘယ်လိုပဲ စီစဉ်ချင်နေပါစေ၊ သူနဲ့မမလေပြည်က သိပ်မကြာခင်လက်ထပ်ကြရတော့မှာပါပဲ။

"ဒီညပါတီကို မမလေပြည်ကိုပဲခေါ်သွားပါလားဟင်"

"ဘာ! "

"အဲဒီလိုစီစဉ်ပေးရင် ဒီ Sunday မှာ သီနဲ့သူ တစ်နေ့ရာကို





ဖြစ်ဖြစ် လျှောက်လည်ခွင့်ပေးမယ်လေ"

Bravo! ရက်ရောလှချည်လား ပုလဲသီ။ မင်းတကယ်ပြောတာလား။ ညာနေတာတော့ မဟုတ်ပါဘူးနော်။ ကိုယ့်ကိုဘယ်တုန်းကမှ မင်းလှည့်လို့ရခဲ့တာမှမဟုတ်ဘဲ။ ဒါကို မင်းသိပါတယ်လေ။

"အင်း. . . ကိုယ်စဉ်းစားဦးမယ်"

"အာ! ပါတီကဖြင့် ည(၈)နာရီကို၊ ဘယ်အချိန်ထိစဉ်းစားနေမှာလဲ။ အခုပဲ ညနေငါးနာရီထိုးတော့မယ်"

"ဒါမျိုးက ချက်ချင်းစီစဉ်လို့ရတာမျိုးမှမဟုတ်ဘဲ ပုလဲသီရဲ့။ လေပြည်ကလည်း အားဦးမှလေ"

"Phone ဆက်ကြည့်လိုက်ပေါ့"

"မရရင် ဘယ့်နှယ်လုပ်မလဲကွ"

"ဆက်ပဲဆက်ကြည့်ပါဦး။ ပြောလိုက်ရင် အဖျက်ကအရင်ပဲ"

"ကိုယ့်ကို, ကိုကိုလို့အတည်ခေါ်မှာနော်"

မျက်နှာနားကပ်၍ငုံ့ပြောလိုက်တာမို့ သူမခေါင်းကိုငဲ့စောင်းလိုက်ရ၏။ အမယ်လေးနော်. . . ပွဲလေးတစ်ခါမတက်ချင်တာကိုလိုက်လျှောရတာတွေက များလှချည်လား။

"ခေါ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"Ok! ကိုယ်ဆက်ပြီ"

ညှောင်နာနာပြန်ဖြေလိုက်တာမို့ သူတီးတိုးရယ်လျက် Hand Phone ခလုတ်တွေကိုနှိပ်လိုက်ပါ၏။ တစ်ဖက်မှ လေပြည့်မေမေ အန်တီသရဖီက Phone ကိုကိုင်လေသည်။

"မဖြစ်ဘူးထင်တယ်သားရဲ့။ သမီးက သူ့သူငယ်ချင်းဖိတ်လို့ သွားဖို့တောင်ပြင်နေပြီ။ ဘာလဲဆိုတာတော့မသိဘူး။ သူ့အတန်းဖော်သူငယ်ချင်းရဲ့ပါတီလို့တော့ပြောတာပဲ"

"ဟုတ်ကဲ့, ကျေးဇူးတင်ပါတယ်အန်တီ။ ဒါဆိုဒါပဲနော်"

သူ Phone ပိတ်လိုက်တော့ မျှော်လင့်တကြီးမော့ကြည့်နေသည့်မျက်ဝန်းတောက်တောက်လေးတွေကိုမြင်လိုက်ရလေ၏။ အဲဒီမျက်လုံးလေးတွေကို သူ့စပြီးသဘောကျနှစ်ခြိုက်ခဲ့တာလေ။

"ရပြီ. . . ပုလဲသီ။ Ok ပါ"

သူမ အခုမှပဲသက်ပြင်းရှိုက်ကာ ထရပ်လိုက်စဉ် သူကရှေ့တစ်လှမ်းတိုးလိုက်လေသည်။ လူချင်းနီးကပ်သွားတာမို့ နောက်သို့ အမြန်ဆုတ်ရာ ခုံဖြင့်တိုက်သွားရင်း ယိုင်ခနဲဖြစ်သွားရလေ၏။ သူက သူမလက်မောင်းနှစ်ဖက်ကို ဖျတ်ခနဲဖမ်းထိန်းလိုက်ပါသည်။

"ကတိလေ"





"ဟင်! ဘာကတိလဲ"

"မင်းပဲ ကိုယ့်ကိုခေါ်မယ်ဆို"

"အင်းလေ, ခေါ်မှာပေါ့။ ဒီလိုကြီးကိုင်မထားနဲ့။ သီ့မနေတတ်ဘူး"

သူက လက်နှစ်ဖက်ပိုက်လျက် ဒီအတိုင်းပြန်ရပ်နေပြန်တာမို့ သူမအကြည့်ကို ခပ်လွှဲလွှဲထားကာ တီးတိုးရေရွတ်လိုက်မိလေ၏။

အမယ်လေး. . . ရင်တွေတုန်လိုက်တာနော်။

"ကိုကို"

"ကိုယ်မကြားရဘူးနော်"

"ကိုကိုလို့ပါဆိုနေမှပဲ. . . ဖယ်ပေး"

ခြေတစ်ချက်ဆောင့်ကာ ခေါ်လိုက်တာမို့ သူသဘောကျစွာရယ်မောရင်း ကျန်ရစ်ခဲ့ပါ၏။

အန်ကယ့်ရုံးခန်းထဲမှ File တွေယူရန် ဝင်လာခဲ့စဉ် မေသက်ပန်က Computer ခုံမှာရှိနေလေသည်။

"ဟင်! အန်ကယ်ရော"

"အာ. . . တံခါးလေးဘာလေး မခေါက်ဘဲဝင်လာရသလား ပုလဲသီရဲ့။ ကျွတ်. . . ခက်တာပဲ၊ လန့်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သီ, File ကျန်ခဲ့တာ လာယူတာပါမမမေရဲ့"

"အေးအေး. . ."

"အန်ကယ်ရော. . . ဘယ်မှာလဲ"

"ပြန်နှင့်ပြီလေ"

"ဪ"

သူမ File က အန်ကယ့်စားပွဲပေါ်မှာပဲ ရှိနေတာမို့ ကောက်ယူ၍ထွက်လာခဲ့၏။

မဟုတ်သေးပါဘူး။ အန်ကယ်မရှိချိန်မှာ မေသက်ပန်, ဘာတွေကို အသည်းအသန်လုပ်နေပါသလဲ။ တကယ်ဆို ရုံးဆင်းရင် အားလုံးအကုန်ဆင်းရတာပဲလေ။ သူမတောင် ဒီ File ကို ဗီရိုထဲ ထည့်သိမ်းပြီးရင် ပြန်မှာပဲ။

"ဘာဖြစ်လာလို့လဲ ပုလဲသီ"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး"

"မင်းမျက်နှာမှာ တစ်ခုခုထူးခြားနေတယ်နော်"

"မပြန်သေးဘူးလား။ ငါးနာရီခွဲနေပြီလေ"

"ပြန်မှာပေါ့။ နောက်တစ်ခါမျှားအခေါ်ခံရမလားလို့ စောင့်နေတာ"





"ဪ. . . ရေးကြီးခွင်ကျယ်လုပ်လို့။ ပြန်နှင့်နော်, သီလည်း သွားစရာရှိတယ်"

"ကိုယ်လိုက်ပို့ပေးမယ်လေ။ ဘယ်သွားမှာလဲ"

"မေမေ့ဆီပါ. . . မပို့ပါနဲ့,ကိုကိုရဲ့"

"မင်းအမေဆီတောင်မှ ကိုယ့်ကိုခေါ်မသွားချင်ဘူးလား ပုလဲသီ။ တော်တော်လျှို့ဝှက်ထား. . . သိလား"

"ဆေးရုံတက်နေတဲ့လူနာကို လိုက်တွေ့ချင်ရလား။ သွားစရာရှိတာ အေးအေးဆေးဆေးသွားတာမဟုတ်ဘူး"

"လိုက်ချင်လို့ပေါ့"

"မေမေသက်သာသွားတော့ ခေါ်မယ်ရှင်။ ကဲ! ကျေနပ်ပြီလား"

"မကျေနပ်သေးဘူး။ ကိုကိုလို့တစ်ခွန်းထပ်ခေါ်ဦး"

"ကြည့်ပါလား. . . ရစ်ကိုရစ်တယ်"

"ခေါ်ပါဆိုမှ"

"ကဲ! ပြန်နှင့်ပါကိုကိုရယ်"

"ကားဂိတ်ထိတော့ ကိုယ်ပို့ပေးပါရစေကွာ"

"ဒီဂိတ်နဲ့နီးနီးလေးကို, တကူးတက"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ။ မင်းတို့အိမ်ရှေ့လမ်းထိပ်က ကားဂိတ်ထိပါ"

"ဟင်! ဒီလောက်တောင် ပို့ချင်လည်းပို့ရှင်"

"ဒီလိုမှပေါ့. . . လာ"

သူမ, File ကို ဗီရိုအံဆွဲထဲထည့်ကာ သော့ခတ်လိုက်ပြီး သူနှင့်အတူထွက်လာခဲ့၏။ အန်ကယ့်ရုံးခန်းက သော့ခတ်ထားလေပြီ။ နောက်မှပဲ သူ့ကိုသတိပေးရဦးမှာပဲလေ။ တော်ကြာ နှစ်ရှည်လများ လုပ်လာတဲ့လူကို လပိုင်းလေးသာလုပ်သက်ရှိသေးတဲ့သီက တလွဲမြင်နေတယ်ထင်သွားမှ ဒုက္ခပါပဲ။

အန်တီရှိနေသည့်ဆေးရုံပေါ်ရှိမေမေကို အားပေးစကားပြောကာ ပြန်လာခဲ့ပါ၏။ ခြံရှေ့ရပ်ထားသည့်သူ့ကားကို မြင်လိုက်ရသဖြင့် လန့်သွားရလေသည်။

ဟောတော်! (၈)နာရီထိုးခါနီးတောင် ပါတီပွဲမတက်ဘဲ ဒီကိုဘာလာလုပ်ပါလိမ့်။





"ခုမှပြန်လာရလား"

"အင်းပေါ့. . . မေမေ့ကို အားဆေးလေးဘာလေးဝယ်ပေးထားခဲ့ရသေးတာကိုး"

"ရေမြန်မြန်ချိုးပြီး အဝတ်လဲနော်"

"ဘာလုပ်ဖို့လဲ"

"ကိုယ်နဲ့ပါတီတက်ဖို့လေ"

"ဟင်! မမလေပြည်နဲ့မသွားဘူးလား"

"ချိန်းလို့မှမရတာ"

"Phone ဆက်ပြောတော့ Ok ဆို"

"အဲဒီကတည်းက မ OK တာလေ"

"ကျွတ်! ရှင်နော်"

"ကိုကိုနော်လို့လုပ်စမ်းပါ. . . ချာတိတ်မရဲ့။ မြန်မြန်လုပ်, ရော့! ဒီမှာဝတ်စုံ၊ ဒက်ဒီမျှော်နေလောက်ပြီ"

ပြဿနာပါပဲ။ မလိုက်ချင်ပါဘူးအတန်တန်ပြောခဲ့ပါလျက်နဲ့ ရောက်လာရတယ်လို့၊ မလိုက်ပြန်ရင်လည်း အန်ကယ်ငြိုငြင်မှာကိုတော့ စိုးရိမ်မိ၏။ တော်ကြာ ပြောတာကို နားမထောင်ဘူးဆိုပြီး အလုပ်ဖြုတ်မှ အန်တီ့မျှော်လင့်ချက်တွေ ပျက်ကုန်ပါဦးမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဂါ၀န်အနက်ရောင်လေး၀တ်၍ ဧည့်ခန်းသို့ထွက်လာသည့် မိန်းကလေးကိုကြည့်ရင်း သူ့နှစ်ခြိုက်စွာပြုံးလိုက်မိပါ၏။ ဘယ်လောက်များ ချစ်စရာကောင်းလိုက်ပါသလဲ။ မျက်နှာထက်မှာ ခပ်မှုန်မှုန်လေးခြယ်ထားပေမယ့် ၀င်းပနေသည်မှာအမှန်ပင်။

"သိပ်ကြီး ညဥ့်နက်မှာလားဟင်"

"ကိုယ်ပြန်ပို့ပေးမှာပေါ့ပုလဲသီရဲ့"

"ပြီးရောလေ, ဟိုမှာ အရက်တွေဘာတွေတော့ ရှင်သောက်မယ်မကြံနဲ့နော်။ သီက အမူးသမားဆိုရင် သိပ်ကြောက်တာ"

"ဟင်းဟင်း. . . မသောက်ပါဘူး,ပုလဲသီရယ်။ မင်း, ကိုယ့်ကို ရှင်လို့သုံးပြန်ပြီလား"

"မေ့လို့. . . မေ့လို့ပါကိုကိုရဲ့"

"လာ. . . သွားစို့"

သူ့ကားပေါ်တက်ကာ သူမ,ပါလာရလေ၏။ ရောင်စုံမီးလုံးများထွန်းထားသည့်ခြံ၀င်းထဲမှာ ကားကရပ်သွားပါသည်။

သူ,အသင့်ဖွင့်ပေးသည့်ကားတံခါးပေါက်မှ သူမဆင်းလိုက်၏။ လူတွေတော်တော်များများရောက်နေပြီး သူမ,မရင်းနှီးသည့် မျက်နှာတွေကိုသာ မြင်နေရလေသည်။





"မင်း, ကိုယ့်လက်ကိုချိတ်ထားရင် ကောင်းလိမ့်မယ်ထင်တယ် ပုလဲသီ"

"အမယ်! လူလည်မကျပါနဲ့နော်"

"ကိုယ့်ကိုမယုံဘူးပေါ့လေ။ မင်းကို သူများတွေ ကဖို့လာခေါ်ရင်တော့ ကိုယ်မတတ်နိုင်ဘူးနော်။ ဒါပဲ"

"ဟင်! အဲဒီလိုကြီးလား"

သူမ၏လက်ချောင်းသွယ်သွယ်တို့က သူ့လက်မောင်းကိုလာဆုပ်ကိုင်တော့ ပြုံးချင်ချင်စိတ်ကိုထိန်း၍ လက်ကိုချိတ်တွယ်လိုက်ကာ လမ်းမမှတစ်ဆင့် လူအုပ်ရှိရာဆီ လှမ်းလိုက်ပါ၏။

သူမတို့ယှဉ်တွဲ၀င်လာသည်ကို ဂရုတစိုက်ကြည့်နေကြသည့် မျက်၀န်းများကြောင့် သူမမျက်လွှာကိုချထားလိုက်မိသည်။ ခြေလှမ်းတွေမှားလုမတတ်ဖြစ်နေသည်က နံဘေးမှာသူရှိနေသည်မို့ ခံသာနေတာပင်။ လက်ဖျားတွေက အေးခဲစပြုလာချေလေပြီ။

"ကိုမိုးရိပ်ရဲ့ Secretary က ဒီလိုဆိုတော့လည်း အရောင်ထွက်လာသားပဲ"

မေသက်ပန်၏ ရိသဲ့သဲ့စကားလုံးတို့က စချေပြီ။ သူက သူမလက်ဖျားကိုပြောင်း၍ဆုပ်ကိုင်ကာ မပွင့်တပွင့်ပြုံးလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပုလဲသီက Simple ပါ မေသက်ပန်။ မင်းလို ဘာ Jewel မှ ဆင်မထားဘဲ သဘာဝအတိုင်းရှိနေတဲ့ Natural Beauty မျိုးလေ"

"ဟုတ်ပါပြီ။ GM က ကိုယ့် Cousin ကိုသိပ်မွှန်းနေပြန်ပြီ"

"ကိုယ်က မင်းပြောလို့ပြန်ပြောမိတာပါ မေသက်ပန်။ ဒက်ဒီရော. . ."

"အန်ကယ်. . . ဟိုဘက်နားမှာ ဝိုင်းကောင်းနေပြီလေ"

သူက လူရှင်းသည့်ဝိုင်းရှိခုံမှာနေရာချပေးပြီး အန်ကယ်ရှိရာဆီ ခဏထွက်သွားလေ၏။ သူမပခုံးပေါ်သို့ လက်တစ်ဖက်ရောက်လာသဖြင့် လန့်သွားရလေသည်။

"မင်းက ကိုယ့်ယုံကြည်မှုကိုအလွဲသုံးစားလုပ်တတ်တာပဲ ပုလဲသီ"

"မပလေပြည်"

"ကိုယ်ကြားနေတဲ့သတင်းတွေက အမှန်တွေမှမဟုတ်တာပဲ။ ယူ့ ညာတတ်သားပဲနော်"

"သီ. . . သီ,ဘာမျှားညာမိလို့လဲရှင်"

"ဒါတော့ မင်းကိုယ်မင်းအသိဆုံးပါလေ။ ကိုယ်နဲ့စတွေ့စဉ်





ကတည်းက မင်းရဲ့အလိမ်တွေကို စပြီးယုံခဲ့မိတာ ကိုယ့်အမှားပဲ။ အထူးသဖြင့် အရိပ်ရဲ့ cousin ပါလို့ပြောင်ညာရဲတာ အံ့သြလို့မဆုံးဘူး။ ရုပ်လေးနဲ့မလိုက်ဖက်တဲ့အလုပ်မျိုး မင်းမို့လုပ်ဝံ့တယ်ပုလဲသီ"

"အဲဒါ. . . အဲဒါ. . . သီ"

သူမဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ် သူမရှိနေသည့်ဝိုင်းသို့ လူတစ်ယောက်ရောက်လာလေ၏။ ရီဝေဝေမျက်လုံးတို့ဖြင့် သူမကိုပြုံးပြကာ ဘေးရှိခုံလွတ်မှာ ဝင်ထိုင်လိုက်လေသည်။

ဘုရားရေ . . . သူဘယ်ရောက်နေပြီလဲ။ ဘေးမှာပြဿနာတွေဝိုင်းနေပြီဆိုတာကို သူ့မမြင်ဘူးတဲ့လား။

"Hi! Breeze, ကိုယ်နဲ့မိတ်ဆက်ပေးဦးမှပေါ့"

"ကျွတ်! အသာနေစမ်းပါ ဂျွန်နသန်ရယ်။ ဒီမှာ ကိစ္စရှင်းချင်လို့ဆိုမှပဲ"

"မင်းမိတ်ဆက်မပေးရင်လည်း ရတယ်လေ။ ကိုယ့်ဟာကိုယ်ပဲ ခွေလိုက်မယ်။ Baby . . . ကိုယ့်နာမည် ဂျွန်နသန်မြင့်မိုရ်လို့ခေါ်တယ်။ ဘေဘီ့နာမည်ကရော"

"ဘာတွေဖြစ်နေတာလဲ"

မာဆတ်ဆတ်လေသံနှင့်အတူ သူမနံဘေးသို့ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့်သူ့ကြောင့် ဝမ်းသာလုံးဆို့သွားရလေ၏။

အမယ်လေး. . . တော်ပါသေးရဲ့။

"ဘယ်လိုလဲ. . . ယူ။ ယူ့ဟာလေးကို ပွဲထုတ်တဲ့အဆင့်ထိ တောင် ရောက်နေပြီလား"

"လေပြည်. . . ကိုယ်နဲ့ဒက်ဒီက လုပ်ငန်းပါတနာတွေအနေ နဲ့ရောက်လာကြတာနော်။ ဒီတော့ ကိုယ်တို့ရဲ့ Secretary တွေ အတူပါလာတာ မဆန်းဘူး။ မင်းသာ အန်ကယ်ဂျွန်ရဲ့သားနဲ့ ရင်း နှီးပြီးရောက်လာတာ"

"ယူ့စကားက ဘာအဓိပ္ပာယ်လဲ အရိပ်"

"မင်းကြားတဲ့အတိုင်းပဲ လေပြည်"

လေပြည် ဖျတ်ခနဲမတ်တတ်ရပ်လိုက်စဉ် ဂျွန်နသန်က လေ ပြည့်လက်မောင်းကိုဆွဲထားလိုက်လေ၏။

ကြည့်ပါဦး. . . ဒါလား၊ သူနဲ့စေ့စပ်ထားတဲ့မိန်းကလေးတဲ့။ ခေတ်မှီမှီဝတ်စားဆင်ယင်တာကို သူမပြောလိုပေမယ့် ဒီလိုသူစိမ်း ယောကျ်ားတွေနဲ့ရောရောနှောနှောနေတတ်တာမျိုးကိုတော့ သူ မနှစ်သက်ပါလေ၊ အခုလိုမျက်စိရှေ့မှာမြင်နေရတာဆိုတော့ ပိုပြီး ဆိုးတာပေါ့။





"ဘာသဘောလဲ. . . ယူ။ ငါစိမ်းမြင်လို့ ငါးကင်ကိုစွန့်တဲ့ သဘောလား"

"မင်းစကားတွေ foul ပြီ၊ လေပြည်။ ကိုယ်တို့နှစ်ယောက် ကြားမှာ တားထားတဲ့စည်းကို မင်းကစပြီး ဖောက်ဖျက်နေတာနော်။ ကိုယ်က ဘာတစ်ခုမှပြောင်းသေးတာမဟုတ်ဘူး။ ဒီကနေ့အထိ လည်း ဘယ်သူစိမ်းမိန်းကလေးတစ်ယောက်ရှေ့မှာ ဒူးထောက်ခြင်း မရှိသေးတာ တကယ်ပါ"

"အရိပ်. . . ယူ"

"လေပြည်. . . Please, I တို့ပွဲကို ယူ့ကြောင့် မပျက်စီးပါစေ နဲ့"

ဂျွန်နသန်ဝင်ထိန်းလိုက်တာမို့ လေပြည်သွေးငြိမ်လိုက်ရ၏။ ဒီဘာမဟုတ်တဲ့ကောင်မလေးနဲ့ ယှဉ်ရွေးခံရတာကိုတော့ ရင်နာလှ သည်။ ဒီလိုအဆင့်အတန်းမြင့်အလွှာထဲမှာ ဝင်ဆံ့နေတဲ့လေပြည့် ကို သူအထင်သေးရက်သည်ပဲ။ အဲဒီကောင်မလေးမှာ ဘာအရည် အချင်းတွေများ ရှိနေလို့လဲအရိပ်ရယ်။

"ပုလဲသီ"

"ရှင်! ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



“ပြန်ချင်နေပြီလား”

“ဟုတ်”

“ဒါဖြင့်လည်းလာ. . . သွားကြစို့”

သူကမ်းပေးလာသည့်လက်ဝါးထဲသို့ သူမ၏အေးစက်စက် လက်ကလေးကို အားကိုးတကြီးထည့်ပေးလိုက်မိ၏။ ဘာတွေဘယ်လိုဖြစ်ကုန်ပြီလဲ။ သူနှင့်မမလေပြည်ကို မကွဲကွာစေလိုပါ။ အထူးသဖြင့် အန်ကယ်စီစဉ်ထားပေးသည့်ကိစ္စတွေကို သူမကြောင့်မပျက်စီးစေချင်တာအမှန်ပါလေ။

အန်တီမျှော်လင့်ထားသလို အန်ကယ်နဲ့အဆင်ပြေပြီး မိသားစုပြန်လည်ပေါင်းစည်းခွင့်ကလွဲလို့ သီ့ဘာကိုမှမမျှော်လင့်ပါဘူးရှင်ရယ်။ ပင်မြင့်က သဇင်လို၊ သီက တော်ဝင်ပန်းတစ်ပွင့်မဟုတ်ပေမယ့် အခုလို သို့ရှေ့က မားမားမတ်မတ်ရပ်တည်ပေးတဲ့အတွက် သီကျေးဇူးအများကြီးတင်ရှိတာ တကယ်ပါ။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရှင့်မေမေနဲ့ ပြန်လည်ဆုံစည်းကြပြီး သို့ကိုမေ့သွားခဲ့ရင်တောင် သီကျေနပ်ပါတယ်။ အဲဒီအခါ သီက ရှင်တို့ကုမ္ပဏီမှာ ရှိချင်မှရှိတော့မှာလေ။ သို့မေမေနဲ့အတူ အိမ်သေးသေးလေးထဲမှာနေနေတဲ့သို့ကို သတိတရမရှိလည်း နေပါ





စေတော့။ ရှင်ပျော်နေမယ်ဆိုရင် သီလည်း ပျော်လိမ့်မယ်လို့ထင်ပါတယ်။

ကိုကိုတဲ့လား၊ ခဏတာလေး ခေါ်ခွင့်ရခဲ့တာပါ။ ညီမလေးတစ်ယောက်လိုချစ်စနိုးရှိလှတဲ့ သူ့မျက်ဝန်းက အရိပ်တွေကို သီ့မမျှော်လင့်ရဲတော့ပါဘူး။

သီက. . . သီက. . . ကိုကို့အတွက် အဖြည့်ခံသက်သက်ဘဝလေးကိုပဲ တင်းတိမ်ရောင့်ရဲဝံ့ခဲ့ပါတယ်လေ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



လှို့ဝှက်ခြင်းဆောင်နောက်ကွယ်မှာ...

အဆုံး



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ခြင်းအော်နောက်ကွယ်မှာ...



'မျှော်တလင့်လင့်'

မိန်းမတစ်ယောက်ရဲ့အတ္တ
ယောကျ်ားတစ်ယောက်ရဲ့မာနနဲ့ယှဉ်ရင်
ဗိုင်နိုင်ပါ့မလား...
မသေချာ မရေရာဘူး
ခေါင်းစဉ်မှားခဲ့တဲ့ဇာစ်မြစ်
အချစ်ဆိုတာ မျက်ကန်းတစ္ဆေ...
တွေ့ဝေမှိုင်ငေးရင်း
အဆွေးပိုနေသူရဲ့ရင်ခွင်မှာ
နောင်တတွေက ပြည့်နှက်
'မောင်' စောင့်နေတဲ့နေ့ရက်ထက်
တစ်ရက်လေးတော့ စောဖွင့်လှည့်...
ရင်ခွင်တံခါးရဲ့
လျှို့ဝှက်ခြင်းတွေနောက်
(ကျွန်မ...)
အရောက်လာခဲ့ပါရစေ...

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ခြင်းဆင်နောက်ကွယ်မှာ...

## အခန်း ( ၁၀ )

"မဖြစ်နိုင်ဘူး. . . ဒါလုံးဝမဖြစ်နိုင်တာ"

"ဒါဆိုရင် ဒီပြဿနာတွေ ဘာမှဖြစ်လာစရာအကြောင်းမှ မရှိဘဲ. . . GM"

Style အပြည့်ဖြင့်ပြောနေသည့်မေသက်ပန်ကို သူ့စူးခနဲ ကြည့်လိုက်မိပါ၏။ မဖြစ်နိုင်ဘူး။ သူတို့လျှို့ဝှက်စွာ စီစဥ်ထားတဲ့ သတင်းတွေ အပြင်ကိုပေါက်ကြားသွားတာ ပုလဲသီကြောင့်တဲ့လား။

"ဒီမှာမေသက်ပန်, ပုလဲသီက ကုမ္ပဏီလုပ်ငန်းတွေ ဘာတစ်ခုမှ အစအဆုံးနားလည်သေးတာမဟုတ်ဘူး။ သူဒီလိုမျိုးလုပ်တတ်



www.burmeseclassic.com

www.burmeseclassic.com



မှာမှမဟုတ်ဘဲ"

"ဒါက ရှင့်အမြင်လေ, ကိုမိုးရိပ်ရဲ့။ ဒါ, သူဝင်လာခါစ အခြေအနေမျိုးမဟုတ်တော့ဘူးရှင့်။ Meeting ဘယ်နှကြိမ်လုပ်လုပ်၊ ရှင့်ဘေးမှာ သူအမြဲပါလာတာလည်းသတိရဦး"

"မဆိုင်ဘူးမေသက်ပန်။ ပုလဲသီက Computer ကိုသိပ်မကျွမ်းကျင်တာအမှန်ပဲ။ အခုဟာက ဒီကသတင်းတွေကို Internet ကနေတစ်ဆင့်လွှင့်လိုက်တာ။ ပုလဲသီ,မလုပ်နိုင်ဘူး"

သူ့အသံက ရုံးခန်းထဲမှာ အတော်လေးကျယ်သွားလေ၏။ ဇေယျက သူ့လက်မောင်းကိုဖမ်းကိုင်၍ အခြေအနေကိုဝင်ထိန်းပေးလိုက်ပါသည်။

"ဖြည်းဖြည်းချင်းစဉ်းစားကြရအောင်,မိုးရိပ်။ ငါတို့ Meeting လုပ်တာ ကျန်ခဲ့တဲ့လဆန်း(၇)ရက်နေ့။ အဲဒီနေ့က အန်ကယ်အပါအဝင် ငါတို့အုပ်စုငါးဦးပဲရှိတာ။ Supervisor တွေကိုတောင် အသိပေးရသေးတာမဟုတ်ဘူး။ အခုကြည့်စမ်း! သတင်းက အမြန်ပျံ့သွားတာပါလား။ ဒီ Project ကြီးတစ်ခုလုံးကို ဝေဟင်ကုမ္ပဏီက ဝင်လုတဲ့အထိဖြစ်သွားတာဆိုတော့ ငါတို့ထဲမှာ သစ္စာဖောက်ရှိတာ သေချာနေပြီ။ အန်ကယ်နဲ့ မင်းကိုဖယ်လိုက်ရင် ငါနဲ့ Secretary





နှစ်ယောက်ပဲကျန်မယ်"

သူ့မျက်လုံးကိုစုံမှိတ်ချ၍ ငြိမ်သက်သွားပါ၏။ ဒီသတင်းကို ဒက်ဒီသာကြားရင်တော့ ဘယ်လိုဖြေရှင်းမလဲ။ လုပ်သက်(၅)နှစ်ရှိပြီဖြစ်တဲ့ ဇေယျက သူ့ငယ်သူငယ်ချင်းမို့မဖြစ်နိုင်။ မေသက်ပန်က လုပ်သက်နှစ်နှစ်။ သူ့ချာတိတ်မက လုပ်သက်(၆)လသာသာရယ်လေ။ ပြောကြထင်ကြစတမ်းဆိုရင် လုပ်သက်အနုဆုံးသူမကိုပဲ လွှဲချရတော့မှာကိုး။

"(၉)နာရီကျော်နေပြီ။ ဘာဖြစ်လို့ သူရောက်မလာသေးတာလဲ"

"ကားတိုးစီးရတာဆိုတော့ နောက်ကျတာမျိုးလည်း ရှိမှာပေါ့ မမေသက်ပန်"

"ကိုဇေယျလည်းနော်၊ အဲဒီပုလဲသီကိုတော်တော်အလေးထားပုံပဲ"

"ခင်ဗျား . . . ကျွန်တော်နဲ့မိုးရိပ်ကြားထဲ သွေးတိုးမပေးပါနဲ့,မမေသက်ပန်။ ဒီနေ့ထိ ပုလဲသီကို လုပ်ငန်းနဲ့ပတ်သက်တဲ့စကားမျိုးကလွဲပြီး တခြားဘာအပိုစကားမှ ကျွန်တော်ပြောဖူးတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြကွာ။ စိတ်ရှုပ်ရတဲ့ကြားထဲ"

"သက်က, ရှင်းတယ်နော်။ လုပ်သက်နှစ်နှစ်ကျော်အတွင်း ဒီလိုပြဿနာမျိုး တစ်ခါမှဖြစ်ဖူးတာမဟုတ်ဘူး"

"ဩော်! ဒါဖြင့် ပုလဲသီကိုပဲ ခင်ဗျားပုံချချင်တာပေါ့၊ ဟုတ်လား"

"ဇေယျ. . . တော်တော့ဆို"

သူတို့ပြောဆိုချိန်အတွင်း ရုံးခန်းတံခါး ချပ်ခနဲပွင့်သွားကာ ဒက်ဒီဝင်လာပါ၏။ သူတို့မျက်နှာတွေကို တစ်ခုချင်းလိုက်ကြည့်ပြီးမှ ဆုံလည်ခုံမှာ ဝင်ထိုင်လိုက်လေသည်။

"ဒက်ဒီ"

"နေဦး. . . ဒက်ဒီအရင်ပြောမယ်"

ဒက်ဒီက စားပွဲပေါ်လက်ညှိုးကို တတောက်တောက်ခေါက်၍ သေချာစဉ်းစားနေလေ၏။ သိန်းနှစ်ထောင့်ငါးရာ,ဆုံးရှုံးမှုကြီး မဟုတ်ပါလား။ စရံငွေ သိန်း(၅၀၀)အဆုံးခံလိုက်ရတာ မနေ့မြော လှ။ အခု ဒီငွေ amount က စီးပွားရေး၏လေးပုံတစ်ပုံခန့် ထိသွားရတာအမှန်ပါလေ။

"တရားခံကတော့ ဘူးခါပြီးငြင်းနေမှာပဲ။ ကိုယ်တို့က သက်





သေအထောက်အထားမှ မပြနိုင်သေးပဲကိုး"

"အန်ကယ်ဆိုလိုတာက"

"ကြေးက သိပ်ကြီးတယ် မေသက်ပန်။ သတင်းရောင်းရငွေက (၁၀)သိန်းတဲ့။ ငွေ(၁၀)သိန်းဆိုတာ သာမန်လူတန်းစားတွေအတွက် ပြောင်းလဲသွားနိုင်တဲ့ amount ပဲ၊ မက်မောစရာပေါ့"

"ရှင်! "

သူတို့သုံးဦးစလုံး ပါးစပ်အဟောင်းသားဖြစ်သွားရပါ၏။ ဒက်ဒီက အတိအကျသိနေပါရောလား။

"သက်က ဒီမှာလုပ်သက်ရှိနေတဲ့ဝန်ထမ်းပါ"

"ကိုယ်,ဘယ်သူ့ကိုမှမစွပ်စွဲပါဘူး မေသက်ပန်။ ပြဿနာတစ်ခုဖြစ်လာရင် ဦးနှောက်ကိုအေးအေးထားပြီး ဖြေရှင်းနိုင်ရတယ်။ ဒီ amount လောက်နဲ့ ကိုယ့်ကုမ္ပဏီ မထိခိုက်သွားနိုင်ပါဘူး။ ဒီလိုပဲပေါ့, စီးပွားရေးလုပ်တယ်ဆိုတာ အရှုံးနဲ့အမြတ်တစ်လှည့်စီ ရှိနေမှာပဲ"

"ဒက်ဒီ, ဒီသတင်း ဘယ်ကကြားလာတာလဲ"

"ဒက်ဒီက သားထက်အရင်ထမင်းစားလာရတာပဲ အရိပ်။ မျက်နှာကိုပြင်စမ်း! ဒီလောက်လေးနဲ့ သွေးပျက်နေရင် ဒီကုမ္ပဏီကို



www.burmeseclassic.com

www.burmeseclassic.com



မင်းဘယ်လိုဦးဆောင်နိုင်မှာလဲ"

"မဟုတ်ဘူး ဒက်ဒီ"

"Personal case ကို ခဏဘေးဖယ်ထား အရိပ်။ Jop is Jop နော်။ အကုန်ရောထွေးထားရင် သား ဦးနှောက်ခြောက်သွားလိမ့်မယ်"

သူ့ သက်ပြင်းရှိုက်လိုက်မိ၏။ ခေါင်းတွေထူပူနေတာ အမှန်ပင်။ ဒီကိစ္စမှာ သူမကိုတော့ တရားခံမဖြစ်စေလိုပါ။ အတ္တတွေ သိပ်ကြီးနေပြီလား။ ဟင့်အင်း. . . ကိုယ့်ချစ်သူကို အပြစ်ကင်းစင် လွန်းသည့်စံပယ်ပွင့်ကလေးဖြစ်စေချင်တာ ရင်ထဲကဆန္ဒအမှန်ပါလေ။

"ကဲ! ဒီကိစ္စကို ခေါင်းထဲကထုတ်လိုက်တော့၊ ပြီးတာတွေ ထားလိုက်ပါ။ ဒီလိုမှမဟုတ်ရင်. . . ရှေ့ဆက်လျှောက်ရမယ့်လမ်း အတွက် အနှောင့်အယှက်ဖြစ်နေလိမ့်မယ်။ ဇေယျက တရုတ် (တိုင်ပေ)ကို ပို့မယ့်ပစ္စည်းစာရင်းစုပေးပါ။ မေသက်ပန်က မနေ့က မှာထားတဲ့ ကွန်တိန်နာဝါးစီးကိုသွားစစ်ပြီးမှ ပြန်လာခဲ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အန်ကယ်"

"ဒါဖြင့် သွားကြတော့"





လူစုခွဲချေပြီ။ သူက ဒက်ဒီ့မျက်နှာချင်းဆိုင်တည့်တည့်ရှိခုံ မှာ ထိုင်ကျန်ရစ်ခဲ့ပါ၏။ ဒက်ဒီက ခုံကျောမှီကို မှီထိုင်လျက် သူ့ကို ခပ်ပြုံးပြုံးကြည့်နေလေသည်။

"ဘယ်လိုလဲသား၊ ရင်ထဲမှာ ရှုပ်ထွေးနေပြီလား"

သူပြန်မဖြေနိုင်ဘဲ လက်မှနာရီကိုကြည့်လိုက်မိလေ၏။ (၁၀) နာရီတောင်ထိုးပါရောလား။ သူမဘာတွေဖြစ်နေပြီလဲ။ ဘာပဲဖြစ်ဖြစ် Phone ဆက်ပြီး ခွင့်တိုင်ရင်တောင် သူဖြေသာနိုင်ဦးမှာလေ။

"မျှော်ရသူရဲ့အမောက ငါ့သားဆီကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာရတယ်လို့"

"ပြောချင်စရာဖြစ်နေပြီပဲ ဒက်ဒီ. . . အခုချိန်ထိ သူ့ဆီက Phone ဝင်မလာသေးဘူး"

"အဲဒီတော့"

"သူ့ကိုတရားခံလို့လက်ညှိုးထိုးတာကို ကျွန်တော်လက်မခံ နိုင်ဘူး ဒက်ဒီ"

ဒက်ဒီက သက်ပြင်းကိုခပ်ကျယ်ကျယ်လေး ချလိုက်လေ၏။ ပြီးနောက် ကုမ္ပဏီမှန်ပြတင်းမှတစ်ဆင့် အပြင်သို့ရပ်ကြည့်နေလေ သည်။ ဒက်ဒီဘာတွေတွေးနေမလဲ။ သူသိပ်သိချင်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီပါ သူ့ကိုထင်နေပြီလားဟင်"

"ဇေယျကိုဖယ်လိုက်ရင် သူနဲ့မေသက်ပန်ပဲ ကျန်မယ်,သား။ ဒါလည်း ဖြစ်နိုင်ချေ fifty-fifty ပါ။ တစ်ဦးတည်းကို ပုံချလို့မရဘူး"

"သူက. . . သူက သူ့အမေအတွက် ငွေလိုနေတဲ့သူလို့ ကျွန်တော်သိထားရတော့ ပိုပြီးစိတ်ထိခိုက်ရပါတယ် ဒက်ဒီ"

"ဟုတ်တာပေ့ါ။ ဘယ်သူမဆိုအရေးကြုံလာရင် ဘာမဆိုလုပ်ဝံ့ကြတာပဲကိုး။ ကမ္ဘာမီးလောင်ရင် သားကောင်ကိုတောင် ချနင်းရသေးတာပဲ"

"ကျွန်တော်မယုံဝံ့ဘူး ဒက်ဒီ"

"သူပါလို့ တပ်အပ်မစွပ်စွဲသေးဘူး အရိပ်။ နှုတ်ကျွံရင် ခြေကျွံတာထက် ပြန်နှုတ်ရခက်တယ်ဆိုတဲ့စကားကို သားမမေ့ပါနဲ့။ ဒက်ဒီတို့ အစကနေ ပြန်စဉ်းစားကြည့်ရအောင်။ သားနဲ့ပုလဲသီစတွေ့ချိန်ကိုပေ့ါ"

အာရုံက အတိတ်ကို လျင်မြန်စွာပြေးထွက်သွားလေ၏။ သူ့ကားရှေ့ဖြတ်ပြေးပြီး ရုတ်တရက်လဲကျသွားတဲ့ကောင်မလေးတစ်ယောက်။ ဖျတ်ခနဲမော့ကြည့်လာတဲ့ မျက်ဝန်းနက်တွေ။ အဲဒီနောက် သူမလက်ကိုဆွဲထားမိစဉ် ဒိန်းခနဲမြည်ဟည်းသွားရတဲ့ သူ့ရင်ခုန်





သံ။ ဒါ အချစ်ရဲ့အစပဲမဟုတ်လား။

"ပုလဲသီ ဒီကိုရောက်လာတာ လျှို့ဝှက်ချက်တွေအပြည့်နဲ့ဆိုတာကို သားရိပ်မိနေရမယ်"

"ကျွန်တော် အဲဒီပဟေဠိကို မဖြေပါရစေနဲ့ဒက်ဒီ"

"တိုက်ဆိုင်မှုဆိုတာ တမင်တကာဖန်တီးမှုဖြစ်လာနိုင်တာပဲ အရိပ်။ သူလုပ်တဲ့လုပ်ရပ်မျိုးကို တစ်ချိန်ကလူတစ်ယောက် အရှုံးထပြီး လုပ်ခဲ့ဖူးတယ်ဆိုရင် သားယုံမလား"

"ဗျာ! "

"ဟုတ်တယ်၊ နောက်ဆုံးနှစ်ဆေးကျောင်းသူလေးရဲ့ကားရှေ့မှာ diving ထိုးဝံ့တဲ့အဆင့်အထိ ခပ်ကြောင်ကြောင်လုပ်ရပ်မျိုးကိုပေ့ါ"

သူ့မျက်ဝန်းတွေ ရီဝေသွားရချေပြီ။ အဲဒီတုန်းက အထိတ်တလန့်ဆင်းလာတဲ့ ကားပေါ်က ခြေထောက်ဖြူဖြူလေးကို စမြင်ရတာ။ ပြီးတော့. . . သူ့ကိုရင်ခွင်ထဲထွေးပွေ့ချီလိုက်တဲ့ နွေးထွေးမှုတစ်ခု။ သိပ်ကိုရင်ခုန်ဖွယ်ရာအဖြစ်အပျက်လေးပါပဲ။

"မိုးညို. . . ရှင်ဘာဖြစ်သွားသေးလဲဟင်"

ကရုဏာပြည့်နှက်နေတဲ့ ဂီတသံစဉ်က စမ်းရေစီးသံလေ



www.burmeseclassic.com

www.burmeseclassic.com



အလား၊ သူ့နားထဲမှ ရင်ထဲသို့စီးဝင်၏။ အဲဒါ ချစ်ခြင်းရဲ့အရုဏ်တက် အလင်းပြပြပဲမဟုတ်ပါလား။

ဘယ်လိုမှခေါ်မရစဉ် သူမမျက်ဝန်းမှ ပုလဲလုံးလေးတွေ သူ့ပါးထက်ကျလာခဲ့ရတာ။ ဒါ၊ ချစ်ခြင်းရဲ့ရသမိုးရေစက်တွေလေ။

"မောင့်ကို ချို့သိပ်ချစ်ပါတယ်။ ဘယ်သူ့ကိုမှ မပေးခဲ့ဖူးတဲ့ ချစ်ခြင်းမျိုးနဲ့ လေးနက်စွာချစ်မိတာပါကွယ်"

ယုံခဲ့မိပါတယ်။ အရှုံးအမှုံးအပျော်တွေ ပြည့်နှက်လို့ပေါ့လေ။ မျက်ဝန်းတောက်တောက်လေးတွေနဲ့ နှင်းဆီရောင်နှုတ်ခမ်းထက်က အချိုမြိန်ဆုံး အပြုံးပွင့်ကို ငေးကြည့်မဝလေခဲ့။ ရင်ခွင်ထဲ နွဲ့မှီလျက် သူ့နှလုံးသား၏ ရင်ခုန်သံစည်းချက်ကို တိုးတိတ်စွာ နားထောင်နေသည့် ပါးပြင်မို့မို့၏ပန်းသွေးဖြာမှုကို အိပ်မက်တွေထိတိုင် စွဲမက်စေခဲ့တာလေ။

"မေမေက. . . မေမေက ဆရာဝန်တစ်ယောက်ပေါ့။ ဟုတ်လား ဒက်ဒီ"

စိတ်က ပစ္စုပ္ပန်သို့ ရုတ်ချည်းရောက်လာရ၏။ အချစ်ဆိုတာ အသက်အရွယ်အပိုင်းအခြားနှင့် မသက်ဆိုင်ပြီပဲ။ ဘယ်လောက်ပဲ ရင်နာနာနဲ့ မုန်းမေ့ပါပြီလို့ အော်ဟစ်ကြွေးကြော်နေပါစေ၊ နှလုံး





သားကိုမှ ညာလို့မရတာလေ။

"ဟုတ်တယ်"

"ကျွန်တော်ငယ်ငယ်ကတည်းက မေမေသေသွားပြီလို့ ဒက်ဒီပြောခဲ့တာနော်"

ခွင့်လွှတ်ပါ. . . ချို။ 'လင်သေရင် အစားရတယ်'ဆိုတဲ့စကားကို စိတ်အနာကြီးနာခဲ့မိလို့ သားကို မိတဆိုးလေးဖြစ်စေခဲ့တာ မောင့်အမှားတွေပါ။

"ဒက်ဒီ ညာပြောခဲ့တာပါ"

"ဗျာ! ဒါဖြင့်. . . ဒါဖြင့်"

"ဒါပေမဲ့ အခုချိန် သူသက်ရှိထင်ရှားရှိနေရင်လည်း သားမှာ အမေခေါ်ခွင့်မရှိတော့ဘူးဆိုတာကို နားလည်ပါ အရိပ်"

"ဒက်ဒီ"

"ဟုတ်တယ်. . . ပုလဲသီ ဒီကိုစရောက်ကတည်းက ဒက်ဒီ ရိပ်မိနေတာ။ နည်းလမ်းနှစ်ခုပဲရှိမယ် အရိပ်။ တစ်ခုက ဒက်ဒီ့ကို စိတ်အနှောင့်အယှက်ပေးပြီး စီးပွားထိခိုက်စေဖို့၊ နောက်တစ်ခုက သားကို. . ."

သူ၊ ထရပ်လိုက်မိပါ၏။ ဒက်ဒီဘာပြောလေမည်နည်း။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်စေရအောင် ပုလဲသီက အဆိပ်ရှိတဲ့ဆူးစာစ်ချောင်းမှမဟုတ်လေပဲ။

"မစိုးရိမ်ပါနဲ့။ သားကိုပစ်မှတ်ထားရင်တော့ သားအတွက် ဘာတစ်ခုမှထိခိုက်နစ်နာစေမှာမဟုတ်ပါဘူး။ စိတ်ချပါ"

"ကျွန်တော် ဘာကိုမှနားမလည်ဘူး ဒက်ဒီ"

"နောက်တော့ ရှင်းသွားမှာပါလေ။ တစ်ခုတည်းပါပဲ, သား ပြင်ဆင်ဖို့တစ်ခုတည်းပါ။ အဲဒါကတော့ ပုလဲသီနဲ့ပတ်သက်ပြီး သားရဲ့နှလုံးသားကို အဖြူစင်ဆုံးထားစေချင်တာပါပဲ"

"ဘယ်လို! "

"ဟုတ်တယ်. . . သားရဲ့အမေနဲ့ပတ်သက်ပြီး ဒက်ဒီနဲ့ဘာမှ မဆိုင်တဲ့ပုလဲသီဟာ သားနဲ့တော့ သက်ဆိုင်နေလိမ့်မယ်"

"ဗျာ! "

"သူ့မျက်လုံးလေးတွေနဲ့ နှုတ်ခမ်းတွေက သားမေမေနဲ့ချွတ်စွတ်တူနေတယ်ဆိုတာပါပဲ အရိုပ်"

မဖြစ်နိုင်ဘူး။ ဒါ လုံးဝမဖြစ်နိုင်ပါဘူး။ ထင်မြင်ချက်တစ်ခုသာ ဖြစ်ပါစေတော့။ သူ အားမရှိတော့သည့်လူမမာတစ်ယောက်လို ပျော့ခွေစွာဖြင့် ခုံမှာပြန်ထိုင်ချလိုက်ရလေ၏။





ညီမလေးတဲ့. . .

မဟုတ်ပါစေနဲ့. . .

သွေးကပြောတဲ့စကားမျိုးဟာ ဖြူဖြူစင်စင်လေးပဲဖြစ်ရမှာပေါ့။ သူ့ရင်ခုန်သံတွေက ဆန်းကြယ်နေတာအမှန်ပါ။ ကိုကိုလို့ခေါ်စေလိုတာ ရိုးသားမှုတွေရှိစေချင်လို့မှမဟုတ်ဘဲ။

"ဦးဘသက်ချို သေပြီဆိုတဲ့သတင်းကြားကတည်းက ဒက်ဒီ သတိနဲ့နေလာခဲ့တာ။ ဒါပေမဲ့ သူပစ်မှတ်ထားခဲ့ရင်တောင် ဒက်ဒီ့ဆီလို့ပဲထင်ခဲ့တာလေ။ အခုတော့ သူက ဒက်ဒီ့နှလုံးသားကိုမှ ချိန်ရွယ်သတဲ့လား"

"ဘာကိုဆိုလိုတာလဲ ဒက်ဒီ"

"သူမလိုချင်လို့ စွန့်ပစ်ခဲ့တဲ့ရင်သွေးကို ခုချိန်ကျမှ ဘာလို့ပြန်လိုချင်သလဲဆိုတာ ဒက်ဒီဘယ်လိုမှစဉ်းစားလို့မရဘူး"

"ဗျာ! "

"ဟုတ်တယ်၊ ဒီခြေလှမ်းတွေက ဒက်ဒီ့နှလုံးသားဆီတန်းတန်းမတ်မတ်ဝင်လာနေတာအမှန်ပဲ. . . သား. . . အရိုပ်, (၅၂၈)ကြိုးနှစ်ချောင်းနဲ့ လွန်ဆွဲပွဲဟာ မမျှတမှန်းသိပါတယ်။ ဒါပေမဲ့ ဒက်ဒီနိုင်ပါရစေ၊ နိုင်ခွင့်ရချင်တယ်။ သူ့ကိုအရှုံးမပေးချင်ဘူး။ သားကို ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



သာ ထာဝရပိုင်ဆိုင်ပါရစေ”

“ဒက်ဒီ”

သူ, ဒက်ဒီ့ကိုနောက်ကျောဘက်မှ သိုင်းဖက်လိုက်မိပါ၏။ မွေးကင်းစကတည်းက ချီပိုးပြီး ကရိကထခံခဲ့တဲ့ဒက်ဒီ။ အလုပ်အားလပ်ချိန်မှာ ပိုသမျှအချိန်တွေကို သူ့ထံသို့သာပေးခဲ့တဲ့ ဒက်ဒီ။ သားရဲ့စိတ်ဓာတ်ကိုမာကျောခိုင်ခံ့စေရလေအောင် ပဲ့ကိုင်ပေးခဲ့လေတဲ့ ဒက်ဒီရဲ့ချစ်ခြင်းတွေကို သူမချန်ခဲ့ပါရစေနဲ့။

စီးပွားရေးနဲ့ပတ်သက်ပြီး မတုန်လှုပ်ခဲ့တဲ့ဒက်ဒီဟာ သားနဲ့ပတ်သက်ပြီး ကမ္ဘာပျက်လုမတတ် တုန်လှုပ်ချောက်ချားမှုခံစားနေရတာ သူ့မျက်မြင်ပဲကိုး။

“ဘယ်သူတွေ ဘယ်လိုနည်းနဲ့ပဲ ကျွန်တော့်ကိုခေါ်ကြပါစေ။ ကျွန်တော်, ဒက်ဒီ့ကိုခွဲမသွားဘူးလို့ ကတိပေးပါတယ်ဒက်ဒီ။ ရဲရဲကြီးကတိပေးတာပါ”

“သား. . . အရိပ်။ မိုးညိုရဲ့ကိုယ်ခွဲအရိပ်တစ်ခုလို သဘောထားပြီးသားကို မိုးရိပ်လို့ ဒက်ဒီနာမည်ပေးခဲ့တာပါ။ ဒက်ဒီ့ရင်ကဖြစ်တဲ့နှလုံးသားမို့ ဒက်ဒီပြောမပြတတ်အောင် သားကိုသိပ်ချစ်တယ်ဆိုတာကိုယုံပါ. . . သားရယ်”





“ယုံပါတယ်. . . ဒက်ဒီ, တကယ်ပါ”

နှစ်ဦးသားပွေ့ပက်လျက် ပြုံးလိုက်ကြစဉ် သူ့ Hand Phone မှ ရုတ်တရက်မြည်လာလေ၏။ သူ Phone ကို အမြန်ဖွင့်လိုက်ပါသည်။

“ဟဲလို”

“ကိုကို”

“ပုလဲသီ”

“မေမေ. . . မေမေဆုံးသွားပြီ၊ အဲဒါ”

“ဘယ်လို. . . ကိုယ်လာခဲ့မယ်, ပုလဲသီ”

“ဟင့်အင်း! သီ. . . သီ့ခွင့်သုံးရက်တော့ ယူမလို့ ကိုကို့ဆီ Phone ဆက်လိုက်တာပါ”

“နေဦးလေ. . . ကိုယ်”

Phone က ချက်ချင်းချသွားလေ၏။

ရင်ထဲမှာ မီးတောင်ပေါက်ကွဲချေပြီ၊

မေမေဆုံးပြီတဲ့. . .

သူ့မေမေလေလား. . .

ဒါမှမဟုတ် ပုလဲသီရဲ့မေမေလား. . .



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ခုလုံး ချာချာလည်နေပြီ ပုလဲသီ။

ဒီဝေဒနာကို ဖြေဆေးပေးနိုင်မယ့်လူဆိုလို့ မင်းသာ တစ်ဦးတည်းရှိပါတယ်ကွယ်။



## အခန်း ( ၁၁ )

လူအနည်းစုလေးသာရှိနေသည့်ဘက်သို့ သူလျှောက်လာခဲ့၏။ စိတ်လှုပ်ရှားမှုတို့ကြောင့် ရင်ထဲမှာ ကတုံကယင်ဖြစ်နေသလို လက်ဖျားတွေတောင် တုံချင်ချင်။

အလောင်းစင်နံဘေးမှာ ဒူး ထောက်ထိုင်နေသည့်ပုလဲသီကို လှမ်းမြင်လိုက်ရသဖြင့် သူ, လူကြားထဲမှ ရှေ့ကိုတိုးလာခဲ့၏။

"ပုလဲသီ"

"ဟင်! ကိုကို"

ဖျတ်ခနဲထရပ်၍ ရင်ခွင်ထဲတိုးဝင်လာသည့် ခန္ဓာကိုယ်ကျစ်



www.burmeseclassic.com

www.burmeseclassic.com



ကျစ်လေးကို သူထွေးပိုက်လိုက်မိ၏။ စင်ပေါ်မှ သက်မဲ့ခန္ဓာကို သူ့ဖျတ်ခနဲငုံ့ကြည့်မိလိုက်သည်။ ခပ်ပိန်ပိန်ခန္ဓာထက်မှ ဝေဒနာခံစားသွားခဲ့ရသည့်ရုပ်က မပီပြင်တော့။ ဒေါ်ခင်လေးငယ်အစစ်ပါပဲ။ အသက်က (၄၅)နှစ်တဲ့။

"သို့မှာ. . . သို့မှာ မေမေ့မရှိတော့ဘူး"

"ကိုယ်ရှိပါတယ်"

"သီ, ဘယ်သူ့ကိုအားကိုးရမှာလဲ"

"ကိုယ်တစ်ယောက်လုံးရှိနေပါတယ်သီရယ်။ တိတ်ပါ. . . ငိုလွန်းလို့ မျက်ခွံတွေလည်းမို့ကုန်ပြီ"

မျက်ရည်ကိုသုတ်ပေးလျက်ပြောနေသည့် ကောင်လေးကို တစ်နေရာမှ ငေးကြည့်နေမိ၏။ မိုးရိပ်တဲ့. . . ချို့ရင်ကဖြစ်တဲ့သားပါ။ မွေးပြီးပြီးချင်း မေတ္တာမပေးခဲ့ရတဲ့သား။ အသက်ရှင်မှန်းတောင်မှမသိဘဲ ဇဝေဇဝါဖြစ်ခဲ့ရတဲ့အဖြစ်အပျက်။

မောင်နဲ့ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းမှ သားရှင်သန်နေမှန်း သိခဲ့ရတာလေ။ သမီးအပေါ်မှာ မျက်ကန်းချစ်နဲ့ချစ်ခဲ့တဲ့ ပါပါ့ချစ်ခြင်းတွေက ကြက်သီးထဖွယ်ရာပါပဲ။

စိတ်နာနေမှာပါ။ နာရှာမှာပေါ့။ ပြောခဲ့တဲ့စကားတွေက





အလွန်အကျွံကိုး။

(၅၂၈)နဲ့ (၁၅၀၀) လွန်ဆွဲပွဲမှာ သွေးကိုပဲ မျက်စိမှိတ်ဦးစားပေးခဲ့တာ။ ဖခင်ရဲ့ကျေးဇူးကိုသိတတ်ခဲ့တဲ့ သမီးလိမ္မာတစ်ယောက်ဖြစ်ခဲ့ပေမယ့် မောင့်အတွက်တော့ သစ္စာမဲ့ဇနီးမိုက်သာ ဖြစ်ခဲ့ရတာပါလေ။

"မေမေက. . . မေမေက သူမနေရတော့ဘူးဆိုတာ သိသိကြီးနဲ့ သီ့မသိအောင် ဖုံးကွယ်ထားရက်တယ်"

"သို့ကို ခံစားရမှာစိုးလို့နေမှာပါကွယ်"

"သီက. . . သီက. . . ဘာတစ်ခုလေးမှ မေမေ့ကိုမလုပ်ပေးလိုက်ရဘူး။ ခွဲစိတ်ရင်ပျောက်သွားမှာပါသမီးရယ်တဲ့။ အထဲမှာ အမြစ်တွေပြန့်ပွားနေတာ ဘယ်လောက်ထိဝေဒနာတွေခံစားရရှာမလဲ။ မေမေ. . . မေမေ. . . သနားပါတယ်"

"သီရယ်. . . စိတ်ကိုထိန်းမှပေါ့"

တတ်သလောက် မှတ်သလောက် ချော့မော့နေပေမယ့် သူ့မျက်ဝန်းမှာပါ မျက်ရည်တွေစို့လာတာပဲ မဟုတ်ပါလား။ တစ်ယောက်တည်း အားကိုးရာမဲ့ဖြစ်သွားသည့်ချာတိတ်မလေးကို သူ ဘယ်လိုချော့မော့ရမလဲဆိုတာကိုပင် မတွေးနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . ပုလဲ, သင်္ကြိုဟ်ဖို့အချိန်တန်ပြီ၊ ငယ့်ကိုနောက်ဆုံးအကြိမ် ကန်တော့လိုက်ပါ"

ရှေ့တည့်တည့်မှာလာရပ်၍ပြောလိုက်သည့် အန်တီချော ချောလေးကို သူသတိထားမိသွားပါ၏။ ခပ်ယဲ့ယဲ့အပြုံးကိုမြင်လိုက်ရစဉ် ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားရသည်။

ဘုရားရေ. . . ဟုတ်နေတာပဲ။ ဒက်ဒီပြောတဲ့နှုတ်ခမ်းတွေက ဒီအန်တီ့ဆီမှာရှိနေတာပါလား။ ပုလဲသီနဲ့ဆင်တူနေတယ်ဆိုတဲ့ အပြုံးတွေပါလေ။

"သမီးက အားကိုးရာမဲ့ပြီဆိုပြီး အားငယ်နေတာလေ။ ခုလို အားပေးတဲ့အတွက် သားကိုကျေးဇူးတင်ပါတယ်"

သားတဲ့. . . သားဆိုပါလား။ ဘယ်လိုသဘောမျိုးနဲ့များ သုံးနှုံးလိုက်တာပါလိမ့်။ အမေအလောင်းကိုကန်တော့နေသည့် ပုလဲသီရှိရာဆီသို့ အကြည့်တွေကိုလွှဲလိုက်မိသည်။ အကြည့်တွေက ရင်တွင်းထိတိုင် စူးဝင်သွားစေသလိုပါပဲလား။ ဒက်ဒီသဘောကျ နှစ်ခြိုက်ခဲ့တဲ့မျက်ဝန်းတောက်တောက်တွေဆိုတာ ဒီမျက်ဝန်းတွေလား ဟင်. . .။

"သမီးကို ခွင့်ဘယ်နှရက်ပေးမှာလဲ"





"ရက်လည်တဲ့အထိ တစ်ပတ်ပါ"

"ကျေးဇူးပါပဲ"

"ကျွန်တော် လာခဲ့ပါဦးမယ်"

"ဒါဆိုရင်တော့ သံလွင်လမ်းက ခြံနံပါတ် (. . . . .)ကိုပဲ လာခဲ့ပါ,သား။ သမီးကို အန်တီပြန်သိမ်းထားမှာမို့ပါ"

ပြန်သိမ်းမှာတဲ့. . . ဘာသဘောလဲ။ ခေါ်ခင်လေးငယ်ကိုပဲ မွေးစားဖို့ပေးထားသလို အဓိပ္ပာယ်မျိုးဖြစ်နေတာပေါ့။

အန်တီတဲ့. . . ဒီလိုနာမ်စားမျိုးသုံးတာပဲ ကျေးဇူးတင်ရမယ် ထင်ပါတယ်။ သူ့ကိုပိုင်ဆိုင်တာဆိုလို့ ဒက်ဒီတစ်ဦးသာရှိနေတာပဲ မဟုတ်လား။

ဘာစကားမှထပ်မပြောမိဘဲ သူနှုတ်ဆိတ်နေမိ၏။

"ပြန်ကြရအောင်"

အန်တီက သူ့မလက်မောင်းကို ဖေးကူဆုပ်ကိုင်၍ပြောကာ သူနှင့်ရှေ့တည့်တည့်မှာ ရပ်လိုက်လေ၏။ ရင်ထဲမှာတစ်ဆို့ကာ ဘာသံမှထွက်မလာနိုင်ခင် အန်တီကပေါ့ပါးသည့်လေသံဖြင့် ထပ်ပြောလာပြန်သည်။

"သားကိုကျေးဇူးတင်တယ်နော်။ အားလုံးအတွက်, အစစ



www.burmeseclassic.com

www.burmeseclassic.com



ရာရာအတွက်ပါ။ ခွင့်ပြုပါဦးကွယ်"

အသက်အရွယ်နှင့်မလိုက်အောင်ပင် ကြည့်ကောင်းနေသည့် အန်တီ့ခန္ဓာကိုယ်နောက်ပိုင်းကို အငေးသားငေးကြည့်လျက် ကျန်ရစ်ခဲ့ရပါ၏။

မေမေတဲ့. . . မဟုတ်ပါစေနဲ့။ သူ့ကိုမွေးထုတ်ပေးခဲ့တဲ့အမေကို မိခင်တော်ရမှာ ဘာဖြစ်လို့များ သူစိုးရိမ်နေမိပါလိမ့်။ ပုလဲသီနဲ့ပတ်သက်နေလို့လား။ ဟုတ်လိမ့်မယ်ထင်ပါရဲ့။ သူက သို့ကို ညီမလေးလို့ ဘယ်တော့မှမခေါ်ဖို့ဆုံးဖြတ်ထားတဲ့သူလေ။

ဂျာ

အိမ်ကိုပြန်ရောက်စဉ် ဧည့်ခန်းမှာရှိနေသည့် ဧည့်သည်တို့ကိုမြင်လိုက်တော့ ညစ်ချင်ချင်စိတ်က ပိုဆိုးသွားရတော့သည်။ အန်ကယ် ဦးမြတ်သွေးနှင့် အန်တီသရဖီကို လှမ်းပြုံးပြလိုက်သော်လည်း အသက်မပါလှ။

"ဘယ်ကပြန်လာသလဲ သား"

"Funeral တစ်ခုကပါ အန်ကယ်"





"မျက်နှာလည်းမကောင်းပါလား။ ဘယ်သူ့ Funeral မို့လဲ အရိပ်"

"မင်းမသိပါဘူး"

"အန်တီထင်တာ မှန်နေပြီထင်တယ်"

"ဘာများလဲ အန်တီ"

"သားနဲ့သမီး စိတ်ကောက်နေတဲ့ကိစ္စလေ"

"ဒါနဲ့မဆိုင်ပါဘူး"

သူ့မှန်ကုပ်ကုပ်ဖြေတာကို လေပြည်က ခပ်ပြုံးပြုံးပင် ကြည့်နေလေ၏။ ဒက်ဒီက သူစိမ်းတွေ့ရှေ့မှာမို့ ပုလဲသီနှင့်ပတ်သက်သည့်ကိစ္စကို ထုတ်မမေးပါချေ။

"သားကလည်းကွယ်. . . လူငယ်တွေပဲ၊ အဆင်ပြေအောင် ညှိမှပေါ့"

"ကျွန်တော်နဲ့သူ နှစ်ဦးသဘောတူ ညှိနှိုင်းပြီးသားပါ ဒက်ဒီ။ ခုဟာက ကျွန်တော့်ဘက်စပြီး foul တာမှမဟုတ်ဘဲ"

"ယှဉ်ကို တို့တောင်းပန်ပါတယ်အရိပ်။ တကယ်ပါ"

"ကျွန်တော်ငြီးစီစီကြီးဖြစ်နေလို့ ရေချိုးပါရစေ၊ ခွင့်ပြုပါဦး"

ရိုင်းမည်ထင်ပါသော်လည်း ထထွက်လာခဲ့မိ၏။ လှေကား



www.burmeseclassic.com

www.burmeseclassic.com



ထစ်တွေကို တစ်ထစ်ချင်းတက်ခဲ့သည်။

သို့မှာ မေမေမရှိတော့ဘူးတဲ့။ ကိုယ်က မိခင်မဲ့နဲ့ရတာ မွေးကင်းစကလေးဘဝကတည်းကပါ. . . သီရယ်။ အားကိုးရာမဲ့ပြီတဲ့လား။ ကိုယ်အားပေးချင်တာပေါ့။ အားကိုးတာကိုလည်း ခံယူချင်တာအမှန်ပါ။ ဒါပေမဲ့ ဒီအခွင့်အရေးကို သူရနိုင်ပါတော့မလား။

ရေချိုးချိန်က ခါတိုင်းထက် ပိုကြာသွားပါ၏။ ဗိုက်ထဲမှ ဆာလောင်လာချိန် စိတ်ထဲမှ သတိရမိသူက ပုလဲသီ။ ခုချိန်မှာ မင်းတစ်ခုခုကိုမှ စားလို့ဝင်ပါ့မလား ကလေးရယ်။ ကျလာတဲ့ မျက်ရည်တွေကိုသုတ်ပေးဖို့ အားငယ်စွာခိုဝင်လာမယ့်ရင်ခွင်ထဲမှာ ယုယစွာပိုက်ထွေးဖို့ ကိုယ်အဆင်သင့်ရှိချင်ပါတယ်။ သီသာ. . . သီသာ ကိုယ့်အချစ်တွေကို ယုံယုံကြည်ကြည်နဲ့ လက်ခံမယ်ဆိုရင်ပေါ့လေ။

"ယူနဲ့ပြောစရာတွေရှိနေသေးလို့ တို့စောင့်နေတာပါ"

အခန်းတံခါးဖွင့်လိုက်စဉ် ပြောလာသည့်လေပြည့်ကြောင့် သက်ပြင်းရှိုက်လိုက်မိ၏။ ရှိထားသည့် သံယောဇဉ်တစ်စွန်းတစ်စ ကြောင့်သာမဟုတ်ရင် အားနာစိတ်မရှိဘဲ အော်ဟစ်မောင်းထုတ်လိုက်မိမည်သာ။ လသာဆောင်မှာရပ်တော့ ညနေခင်းဆည်းဆာက စပေါ်လာ၏။ ခုချိန်ဆို သီဘာလုပ်နေမလဲ။





"ယူဘာယ်လောက်ခံစားနေရမလဲဆိုတာ တို့ကိုယ်ချင်းစာပါတယ် အရိပ်"

"ကိုယ်တစ်ယောက်တည်းနေပါရစေ"

"တို့ဘက်ကိုတစ်ချက်လေးတောင်မှ ငဲ့မကြည့်ချင်တော့ဘူးပေါ့လေ"

"တူမှမတူဘဲ လေပြည်။ မင်းက ပြီးပြည့်စုံတဲ့အသိုင်းအဝိုင်းက မိန်းကလေးတစ်ယောက်ပါ။ အစစအရာရာပြည့်စုံနေတဲ့မင်းအတွက် ကိုယ်က လိုအပ်သေးလို့လား"

"လိုတာပေါ့"

အသံက တိုးတိမ်သွားပါ၏။ ကောင်းကင်ကိုမော့ကြည့်မိစဉ် မိုးသားပြာပြာအောက်မှ တိမ်ဖြူတွေကြား လိမ္မော်သွေးရောင်က ဆေးထင်နေချေပြီ။

"တို့ပြောရင် ယူက လှောင်ချင်မှာပဲ"

"......."

"တို့တကယ်မသိခဲ့ဘူး။ အဲဒီအချစ်ဆိုတဲ့အရာတစ်ခုကိုပေါ့"

ခေါင်းစဉ်က လှပါတယ် လေပြည်။ ဒါပေမဲ့ မင်းနဲ့မတန်ဘူး။ သို့အပေါ်မှာထားတဲ့ မင်းရဲ့အမုန်းတရားတွေက အဲဒီအချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နှိုင်းယှဉ်လို့မှမရဘဲလေ။ ဒါကို မင်းမသိဘူးတဲ့လား။ ဒါမှမဟုတ် တမင်မသိချင်ယောင်ဘဲ ဆောင်ခဲ့တာလား။

"အချစ်မှာ မာနဆိုတာ တကယ်ပဲမရှိဘူးပေါ့နော်။ တို့က . . . တို့က. . . အဲဒီမာနကိုပဲ တစိုက်မတ်မတ်ကိုးကွယ်ခဲ့မိတယ်။ ဂုဏ်ပကာသန၊ ပညာမာန၊ အလှအပ. . . အို. . . အားလုံး, အားလုံးပြည့်စုံနေရင် အဲဒီအချစ်ဆိုတာကို အလွယ်တကူပိုင်ဆိုင်ရလိမ့်မယ်လို့ ထင်ခဲ့မိတာလေ"

သူမဲ့ပြုံးပြုံးလိုက်မိ၏။ အချစ်ဆိုတာ ပေးဆပ်ခြင်းသက်သက်ပါ လေပြည်။ ကိုယ်မြတ်နိုးမိတဲ့ချစ်သူအပေါ်မှာ ဘာမဆိုစွန့်လွှတ်ပေးဆပ်နိုင်မှသာ ချစ်ခြင်းပီသမှာပါ။ ချစ်သူအလိုကျ ဖြည့်ဆည်းဖို့သက်သက် လူဖြစ်လာတာဆိုရင် ပိုပြီးတိကျမှန်ကန်ပါလိမ့်မယ်။

"လိုချင်တာကိုမှ မရဘူးတဲ့။ တို့မာနက စိတ်ကိုလှုံ့ဆော်ပေးတယ်။ ဒီတော့ မလုပ်သင့်တဲ့အလုပ်တွေကို ဆက်တိုက်ကြီးလုပ်ခဲ့မိတယ်။ ဂုဏ်သိက္ခာတွေကျဆင်းမှာကို ထည့်မတွက်ခဲ့မိတာ ဘာကြောင့်လဲ။ သဝန်တိုပါစေရယ်ဆိုတဲ့အရာတစ်ခုက တို့မျက်လုံးတွေကို ဖုံးလွှမ်းထားတာကိုး"

". . . . . . ."





"နောက်ဆုံးဇာတ့ တို့ဖြစ်စေချင်တဲ့စိတ်မျိုးကို ယူဆမှာ လာတွေ့ပါတယ်။ ဒါပေမဲ့. . . အဲဒါ တို့အတွက်မဟုတ်တဲ့ သူစိမ်းတစ်ယောက်အတွက် ဝန်တိုမှုတွေလေ"

ဟုတ်တယ်။ အဲဒီသဝန်တိုခြင်းတွေဟာ သို့အပေါ်မှာပဲ ကိုယ်ရှိခဲ့တာပါ။ သီတစ်ယောက်တည်းအပေါ်မှာပဲ သီးသန့်ထားခဲ့တဲ့စိတ်တွေပါ. . . လေပြည်။

ဘယ်သူနဲ့မှ ကိုယ့်ထက်ရင်းနှီးတာကို မလိုချင်တာ။ ပိုကဲဆက်ဆံမှုသာလွန်တာကို မခံချင်တာ။ ကိုယ်ကလွဲပြီး ဘယ်သူစိမ်းယောက်ျားတွေနဲ့မှ မျက်လုံးချင်းဆုံပြီးစကားပြောတာကို လက်မခံနိုင်တာတွေဟာ သို့ကိုကိုယ်သိပ်ချစ်နေလို့ပါပဲ။

"ယူကတော့ ထင်မှာပဲနော်။ တို့ကိုမျက်နှာများတဲ့မိန်းမတစ်ယောက်ဆိုပြီးတော့လေ"

"မင်းဘေးမှာ ရွေးချယ်စရာလူတွေ အများကြီးရှိပါတယ် လေပြည်"

"အရိပ်"

"အဲဒီအထဲက စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်လည်း မင်းမှာရှိနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ဘူး”

“ဒါပေမဲ့. . . အဲဒီလူတွေထဲမှာ ကိုယ်မပါဘူး”

“အရိပ်ရယ်”

“ကိုယ်က မင်းရှေ့မှာ ဘယ်တုန်းကမှ အရွေးခံဖို့စောင့်ဆိုင်းနေခဲ့တာမှမဟုတ်ဘဲ”

ရှိုက်သံသဲ့သဲ့မျှ ထွက်လာ၏။ နှလုံးသားက အေးခဲနေလေပြီ။ သို့ငိုသံတွေကသာ သူ့နှလုံးသားကိုဆုပ်ညှစ်ပြီး အခံရခက်၊ မွန်းကျပ်စေတာလေ။ မျက်ရည်သုတ်ပေးဖို့ စိတ်မပါဘူး. . . လေပြည်။ ကိုယ်နဲ့မင်းက စတွေ့ကတည်းက သူစိမ်းသက်သက်တွေပါပဲ။

“ကိုယ်, မင်းကိုဘယ်တုန်းကမှ မချစ်ခဲ့ဘူး လေပြေ။ အဲဒါအမှန်ပဲ”

“အရိပ်! ယူ့, တို့အပေါ် ဒီလောက်ထိမနှိပ်စက်သင့်ဘူး”

“ပြတ်သားတာပါ လေပြည်။ ပြီးတော့ ကိုယ့်ချစ်သူအတွက် ရဲဝံ့လိုက်တာပါ။ ကိုယ်ချစ်တာ. . . ပုလဲသီ။ ကိုယ့်နှလုံးသားကို ချယ်လှယ်အုပ်စိုးနိုင်တာ သီတစ်ယောက်တည်းပဲရှိတယ်”

“မပြောပါနဲ့”

“ကိုယ်တို့ထားခဲ့တဲ့ကတိတစ်ခုကို အတည်ပြုပေးပါ။ မင်း





ဘက်က သို့မဟုတ် ကိုယ့်ဘက်က စစ်မှန်တဲ့ချစ်သူတစ်ယောက်ရှိလာတဲ့အချိန်မှာ ကိုယ်တို့စေ့စပ်ထားတဲ့ကိစ္စကို ခပ်ပြုံးပြုံးမျက်နှာနဲ့ ရုပ်သိမ်းခွင့်ပြုမယ်ဆိုတဲ့ မင်းပြောခဲ့တဲ့စကားတစ်ခွန်းကို မမေ့လောက်ဘူးလို့ ကိုယ်ယုံကြည်ပါတယ်”

ရင်ကွဲလုမျှ ငိုသံက ပိုကျယ်လောင်လာ၏။ ပခုံးကိုမှီချလိုက်သော်လည်း မဖေးမမိ။ အရွဲ့တိုက်ပြီး ထည်လဲတွဲခဲ့တာတဲ့လား။ ဒီအပြုအမူက ကိုယ့်ရင်ထဲက နှလုံးသားကိုကိုင်လှုပ်နိုင်စွမ်းမှ မဖြစ်စေဘဲ လေပြည်ရယ်။ အချစ်ဆိုတာ တမင်ကြိုးမွေးမြူလို့ရနိုင်တဲ့အရာမျိုးမှမဟုတ်တာ။

“တို့. . . တို့. . . ရင်ထဲကအကြောင်းတွေကို အကုန်အစင်ဖွင့်ပြောခွင့်မရှိတော့ဘူးလား”

“ကိုယ်တောင်းပန်ပါတယ်, မကြားပါရစေနဲ့”

“အရိပ်ရယ်. . . မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ်ဆိုတဲ့စကားကို တမင်ပဲမေ့ထားတာလား”

“ရင်ထဲမှာ ဗလာသက်သက်ပဲကျန်တော့လို့ပါ. . . လေပြည်။ ကိုယ့်ချစ်ခြင်းတွေကို သီ့ဆီမှာ မချွင်းမချန်ပေးအပ်ခဲ့လို့ပါ။ ဘာဆိုဘာမှမကျန်တော့ပါဘူး။ sorry လို့ပဲပြောပါရစေ”



www.burmeseclassic.com

www.burmeseclassic.com



"အရိပ်. . . သိစေချင်ပါတယ်။ ဒီလောကအလယ်မှာ အရိပ်ကို အသက်တမျှချစ်မြတ်နိုးနေတဲ့မိန်းမတစ်ယောက် သက်ရှိထင်ရှားရှိနေသေးတယ်ဆိုတာကိုပေါ့။ တို့သွားတော့မယ်"

ကျောခိုင်းသွားမှန်းသိပေမယ့် လှည့်မကြည့်မိ။ ခွင့်လွှတ်ပေးပါ. . . လေပြည်။ အချစ်ဆိုတာ ကိုယ်ပေးချင်တဲ့လူတိုင်းကို ရော့. . . အင့်. . . ယူပါလို့ ဖောဖောသီသီပေးလို့ရတဲ့အရာမျိုးမဟုတ်ဘူးဆိုတာကို လက်တွေ့ကျကျယုံလိုက်ပါ။ သေချာပါတယ်။ မင်းနဲ့ပတ်သက်ပြီး ကိုယ်ရင်မခုန်ဘူး။ ပြီးတော့. . . မင်းနဲ့ဆက်နွှယ်ပြီး မချစ်တတ်ခဲ့ဘူး။ အဲဒါအမှန်ပါ။

❦

"မြင်လာခဲ့သလား"

"ဟုတ်ကဲ့. . . ပုလဲသီရဲ့မေမေပါ ဒက်ဒီ။ သူတကယ်သေသွားရှာပါပြီ။ Uterus Cancer ပါ"

ဒက်ဒီက ထမင်းဆက်မစားသေးဘဲ သူ့မျက်နှာကို သေချာစိုက်ကြည့်နေလေ၏။ သူဆက်ပြောလာမည့်စကားကို စောင့်ဆိုင်း





နေဟန်ရှိပါသည်။

"ပုလဲသီနဲ့တူလား. . . သား"

သူ ခေါင်းကိုခါယမ်းပြလိုက်မိသည်။ လူသေတစ်ယောက်ရဲ့မျက်နှာကို အသေးစိတ်ဘယ်လိုပုံဖော်ပြီး ပြောရပါ့မလဲ။

"သူနဲ့ခပ်ဆင်ဆင်အမျိုးသမီးတစ်ဦးကိုတော့ ကျွန်တော်တွေ့ခဲ့ပါတယ် ဒက်ဒီ"

"ဘယ်လို"

"ကျွန်တော့်ကို. . . ကျွန်တော့်ကို. . . သားလို့ခေါ်တယ်။ ပြီးတော့. . . ပြီးတော့. . . ပုလဲသီကိုပြန်သိမ်းလိုက်ပါပြီလို့ ပြောပါတယ်"

ဒက်ဒီ့လက်ထဲမှ ဇွန်းရော၊ ခက်ရင်းပါ ပန်းကန်ထဲ ပြုတ်ကျသံက ခပ်ကျယ်ကျယ် ထွက်လာလေ၏။ ငြိမ်ကျသွားသည်မှအကြာကြီး. . . လူကငြိမ်သက်နေပေမယ့် ရင်ထဲမှာ လှိုင်းထန်နေမည်မှန်းသူသိနေပါသည်။

အချစ်ဦးပေကိုး။ အစားထိုးလို့မှ မရခဲ့လေဘဲ။

"ပုလဲသီကို ဒီနေ့ကစပြီး ညီမလေးလို့ပြင်ခေါ်ပါ၊ သား"

နှလုံးသားက ဖျတ်ခနဲအက်ကွဲလေ၏။ ပါးပြင်ထက်စီးကျ



www.burmeseclassic.com

www.burmeseclassic.com

သွားသည့်မျက်ရည်ကို သူ့မသုတ်ဖြစ်။

ရင်နာလိုက်တာ. . . ကလေးရယ်။

အသည်းကွဲတာထက်စာလျှင် လူတစ်ယောက်လုံးသေသွားတာကမှ ခံသာဦးမှာပါလေ။



## အခန်း ( ၁၂ )

"ဒေါက်!. . . ဒေါက်! "

"ဝင်ခဲ့ပါ"

ရုံးခန်းတံခါးက ချပ်ခနဲပွင့်သွားပြီး ပေါ်လာသည့်မျက်နှာနုနုကို အငေးသားကြည့်နေမိကြ၏။ ခပ်ချောင်ချောင်ဖြစ်သွားသည့် ပါးပြင်လေးကစ၍ အပြုံးယဲ့ယဲ့ကထင်သည်။

"သီ့,အလုပ်ပြန်စဆင်းပါပြီ အန်ကယ်"

ဒက်ဒီက ခေါင်းကိုဆတ်ခနဲညိတ်လိုက်ပါ၏။ သူက အရုပ်တစ်ရုပ်လိုငြိမ်သက်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခဏထိုင်ပါဦး. . . သမီး"

"ဟုတ်ကဲ့ရှင့်"

နံဘေးရှိခုံမှာဝင်ထိုင်လိုက်စဉ် သနပ်ခါးရနံ့သင်းသင်းလေးကို ရှူလိုက်ရလေ၏။ အနီးဆုံးမှာရှိနေပေမယ့် ကမ္ဘာခြားထားသလိုပါပဲလား. . . သီရယ်။

"အခု, သံလွင်လမ်းအိမ်က အလုပ်လာဆင်းတာပေါ့လေ"

"ဟုတ်ပါတယ် အန်ကယ်"

"အိမ်ကခွင့်ပြုသလား"

"ဟုတ်ကဲ့အန်ကယ်"

သူမက ဘာမှနားမလည်ဟန်ဖြင့် သူ့ကို ဖျတ်ခနဲလှည့်ကြည့်လိုက်မိ၏။ စားပွဲထက်မှအကြည့်ကိုမရွှေ့ဘဲ ငြိမ်နေတာတွေ့ရသဖြင့် အံ့ဩသွားမိသည်။ ဒီမှာဘာတွေဖြစ်နေပြီလဲဟု သီချင်စိတ်ပြင်းပြလာလေ၏။

"နေရတာ အဆင်ပြေရဲ့လားသမီး"

"ဟုတ်ကဲ့အန်ကယ်၊ အန်တီက သီငယ်ငယ်လေးကတည်းက သီ့အပေါ် သိပ်ချစ်ရှာခဲ့တာပါ"

"အန်တီလို့ပဲ ခေါ်ခိုင်းသေးလား"





သူမမျက်နှာ ရဲခနဲဖြစ်သွားရလေ၏။ သူနဲ့လက်ထပ်ပြီးရင်တော့ မေမေလို့ပြောင်းခေါ်ရမှာနော်ဆိုပြီး ဒီမနက်ပဲ အလုပ်လာခါနီးပြောလိုက်သေးတာလေ။

"ဟုတ်ကဲ့. . . အန်တီက သီ့မွေးစားမေမေဆိုပေမယ့် သီက နှုတ်ကျိုးနေလို့ပါ"

"သမီးမသိတာတွေ အများကြီးရှိသေးတယ်"

"သိ. . . သိ. . . သိသင့်သလောက်တော့ သိထားပါတယ် အန်ကယ်"

"ဒါဖြင့်' အန်ကယ်တို့ကိုပြောပြနိုင်မလား"

"ဟင့်အင်း. . . အန်တီက သိစေချင်မှာမဟုတ်လို့ပါ"

အမယ်လေးနော်. . . သီနဲ့သူ့ကိုသဘောတူထားတဲ့ကိစ္စကြီးကို ထုတ်ပြောစရာလား။ ရှက်စရာကြီး။ ဒီအကြောင်းတွေကိုသာ သူသိသွားရင် ဒီကုမ္ပဏီမှာ ဘယ်လိုမျက်နှာမျိုးနဲ့ အလုပ်လာဆင်းရပါ့မလဲ။ စူးခနဲစိုက်ကြည့်တတ်တဲ့သူ့မျက်ဝန်းတွေကို သီ,ရင်မဆိုင်ဝံ့ပါလေ။

"အင်းလေ, ဘာပဲဖြစ်ဖြစ်ပေါ့။ အစစအရာရာ အန်ကယ်တို့အပေါ် ပွင့်ပွင့်လင်းလင်းဆက်ဆံပါ။ အထူးသဖြင့် သမီးရဲ့ကိုကို



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ မလျှို့ဝှက်မိပါစေနဲ့"

"ဟုတ်ကဲ့ပါ အန်ကယ်"

ဘာမှန်းသေချာမသိပေမယ့် ခေါင်းညိတ်လိုက်မိ၏။ သူမထံသို့ သူ့ထံမှအကြည့်တွေ တစ်ချက်မှရောက်မလာသေးပါလား။ ဘာများဖြစ်နေသလဲ. . . ရှင်ရယ်။

"ကဲကဲ. . . အလုပ်သွားလုပ်တော့။ ခွင့်တင်ချင်တာတွေရှိရင်လည်း ပြောဦးနော်။ အားနာမနေနဲ့"

"ဟုတ်ကဲ့ပါ အန်ကယ်"

သူထထွက်ရာနောက်လိုက်ခဲ့စဉ် အခန်းဝမှာ မန်နေဂျာဦးဇေယျနှင့်တန်းတိုးလေ၏။ သူမကိုပြုံးပြလိုက်တာမို့ ပြန်ပြုံးပြတော့ သူက ဆတ်ခနဲလှည့်ကြည့်လိုက်လေသည်။ အား! ကြောက်စရာကြီးပါလား။ မန်နေဂျာကိုတောင် ပြုံးပြခွင့်မရှိဘူးထင်ပါရဲ့။

"GM ရေ. . . မနေ့ကပေးထားတဲ့၊ ဟင်! ပုလဲသီ"

"ဟုတ်ကဲ့။ သီ,အလုပ်ပြန်ဆင်းပါပြီမမ"

မေသက်ပန်မျက်နှာမှာ အရိပ်တစ်ခုဖြတ်ပြေးသွားလေ၏။ သူမကို တအံ့တသြမျက်လုံးတို့ဖြင့် စူးစူးရဲရဲငုံ့ကြည့်နေလေသည်။

"ယူစရာရှိတာကိုယူပြီးရင် သွားတော့,မေသက်ပန်"





"Yes, GM"

မေသက်ပန်က ခပ်မဲ့မဲ့ပြုံးကာ သူလှမ်းပေးလိုက်သည့် File ကိုယူ၍ ပြန်ထွက်သွားလေ၏။ ခုချိန်ထိ သူ့မျက်နှာပေါ်မှာ အပြုံးတစ်ခုကိုတောင်မှမတွေ့ရပါလား။

"ကိုကို ဘာစားလာခဲ့လဲဟင်"

"စားပြီးမှထွက်လာတာပဲ၊ မေးစရာလား"

လေသံက မာဆတ်ဆတ်ထွက်လာ၏။ သီရော ဘာစားသလဲလို့ပြန်မေးဖော်မရပါလား။ မမငွေလပြည်နဲ့များ အဆင်မပြေဖြစ်နေတယ်ထင်ပါရဲ့။ နေ့လယ်ထမင်းစားချိန်ထိ စကားတစ်ခွန်းမှအပိုမပြောသည့်သူ့ကို အံ့သြပြီးအံ့သြနေမိသည်။ သီ,ဘာအပြစ်များကျူးလွန်ခဲ့မိလို့လဲ ရှင်ရယ်။

"သမီး. . . ပုလဲသီ"

"ရှင်! အန်ကယ်"

"အန်ကယ်တို့နဲ့ပဲ လိုက်စားပါလားသမီး"

"ရပါတယ်အန်ကယ်, မလိုက်တော့ပါဘူး။ သီ့မှာ ထမင်းချိုင့်ပါလာပါတယ်"

"အေးအေး"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်က ခေါ်ဖော်ရသော်လည်း သူက နောက်သို့ပင် လှည့်မကြည့်ဘဲ Lift ထဲဝင်သွားချေပြီ။ မျက်ရည်တွေက ချက်ချင်း အိုင်ထွန်းလာလေ၏။ မတူမတန်သလိုဆက်ဆံနေပါရောလား။

ပြောတော့ဖြင့် ကိုယ်ရှိနေတယ်ဆို၊ 'ကိုယ်တစ်ယောက်လုံးရှိတယ်သီရယ်'လို့ပြောခဲ့တာ ရင်ထဲက အစစ်အမှန်မဟုတ်ဘူးပေါ့။

အန်တီကိုယ်တိုင်ထည့်ပေးလိုက်သည့်ဟင်းတွေကပင် ဘယ်လိုအရသာတွေရှိမှန်း မသိနိုင်တော့ပေ။ လောကအလယ်မှာ တစ်ဦးတည်းသာရှိခဲ့တဲ့ မိခင်မဲ့သွားတဲ့ကောင်မလေးကို ကြင်နာရိပ်တွေ မပြတော့ပြီပဲ။

"ပုလဲ. . . ညီမလေး၊ မငိုနဲ့လေ"

မမသန်းကလာချော့မှ မျက်ရည်က ပိုကျလာလေ၏။ ထမင်းစား၊စားပွဲပေါ် မှောက်ချကာ ချုံးပွဲချငိုကြွေးလိုက်မိသည်။ ရင်ထဲမှာ ပေါ့ပါးပါစေတော့။

"ပုလဲရယ်. . . မမသန်းသိပါတယ်။ အမေဆိုတာ အစားထိုးမရနိုင်ပေမယ့် ဒီလိုငိုနေလို့ ပုလဲမေမေက ပြန်ရှင်လာမှာမှမဟုတ်ဘဲ. . . တိတ်ပါကွယ်"

ဟုတ်ပါတယ်။ မေမေ ဘယ်တော့မှ ပြန်ရှင်လာမှာမဟုတ်





တော့ပါဘူး။ ဒီလောကကြီးထဲမှာ သီ့ကိုတစ်ယောက်တည်းထားရစ်ခဲ့တာလေ။ သီ့ကိုမျက်နှာငယ်ငယ်နဲ့ သိမ်ငယ်စွာချန်ရစ်ခဲ့ရတယ်လို့မေမေရယ်။

"ပုလဲသီ. . . ဒက်ဒီခေါ်နေတယ်"

ထမင်းစားခန်းဝမှာ ရပ်ခေါ်လာသည့်သူ့ကို မော့မကြည့်မိဘဲ၊ မစားဖြစ်သည့်ချိုင့်ကို စင်ပေါ်ပြန်တင်၏။

ဘေစင်မှာ ငိုထားသည့်မျက်နှာကို ဆေးလိုက်ရသည်။ အပူရပ်ကြောင့် အန်ကယ့်ကုမ္ပဏီကို လာဘ်မတိတ်စေလိုပါချေ။

"သီ့ရောက်ပါပြီ အန်ကယ်"

"အေး! သမီး၊ ဝန်ထမ်းအားလုံးကို မနက်ဖြန် (၃)နာရီမှာ Meeting ရှိတယ်လို့ပြောပေးပါ။ Show Room ကို (၂)နာရီပိတ်တဲ့ဆိုင်းဘုတ်,ကြိုချိတ်ထားဖို့မမေ့စေနဲ့လို့ပြောလိုက်ဦး"

"ဟုတ်ကဲ့"

မျက်နှာငယ်ငယ်ဖြင့်ပြောကာ ချက်ချင်းပြန်လှည့်ထွက်သွားသည့်ကလေးမကိုရော၊ သားဖြစ်သူကိုပါ သတိထားမိ၏။ မျက်နှာတွေကလည်း ဣန္ဒြေမရဘဲ ပျက်ယွင်းနေပါရောလား။

"ဘာတွေဖြစ်နေကြလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ဒက်ဒီ"

"မင်းတို့နှစ်ယောက်လေ"

"ဘာမှမဖြစ်ပါဘူး"

ဒက်ဒီက ခေါင်းကိုခါယမ်းလိုက်လေ၏။ သူ့ခေါင်းကိုခပ်ငုံ့ငုံ့ထားပေမယ့် သူ့မျက်နှာကို ဒက်ဒီမြင်နေတာပါပဲလား။

"ကိစ္စတွေက ဖြစ်ပြီးသွားပြီအရိပ်။ ကလေးမလေးမှာ ဘာအပြစ်မှရှိတာမဟုတ်ဘူး။ မင်းအမေကိုလုရက်လေခြင်းလို့များ တသသခံစားနေရလား"

"သူ့ ကျွန်တော့်ညီမမှမဟုတ်ဘဲ ဒက်ဒီ"

"အဲဒီလိုပြောလိုက်ကတည်းက မင်းရင်ထဲမှာ အဖုအထစ်ရှိနေတာ သေချာတယ်။ မညာနဲ့အရိပ်"

"မဟုတ်ဘူး"

"ကျွတ်! ဘာပဲဖြစ်ဖြစ် မခေါ်ရင်သာရမယ် အရိပ်။ မတော်ချင်လို့မရတာကို မင်းသိပါ. . . သား"

"မပြောပါနဲ့. . . မပြောပါနဲ့ ဒက်ဒီ"

"လက်ရှိအ ြခြအနေကို နားလည်လက်ခံလိုက်ပါ"

ဟင့်အင်း. . . ငြင်းပါရစေ ဒက်ဒီ။ ကျွန်တော် မျက်စိစုံမှိတ်





ပြီး ငြင်းခွင့်ရပါရစေလား။ ကျွန်တော်. သူနဲ့ ဒီလိုမျိုးတော်စပ်ခွင့်မရချင်လို့ပါ။

"ဒါကို ဒက်ဒီတို့လုပ်ခဲ့တာမှမဟုတ်ဘဲ။ ကံကြမ္မာစေစားရာဖြစ်ပျက်ခဲ့တာလေ။ ဒါကိုလက်သင့်ခံရမှာပေါ့"

သူဘာမှမပြောဘဲ ထရပ်လိုက်စဉ် ဒက်ဒီ့စကားသံက ထပ်မံထွက်လာပြန်လေ၏။

"ကလေးကို ကြင်ကြင်နာနာဆက်ဆံပါ သား။ သူ့ခမျာ အားငယ်နေရှာတာပါ"

ဘာလုပ်ရမလဲ ဒက်ဒီ။ နှလုံးသားက အရောင်တွေ ဖုံးလွှမ်းထားတာ။ ဘယ်မှာလဲ ဖြူစင်ခြင်း၊ ဘယ်မှာလဲ ရှင်းသန့်တဲ့မေတ္တာ၊ ရှိမှမရှိဘဲ. . . ဒက်ဒီ။ ကြင်နာချင်ပါတယ်။ ယုယပိုက်ထွေးချင်ပါတယ်။ နှလုံးသားက မခိုင်ခံ့လို့ အားတင်းထားရတာပါ။ လဲကျလုလုဖြစ်နေတဲ့ခန္ဓာကိုယ်ကို မနည်းမတ်ထားရတာအမှန်ပါဗျာ။

အခန်းထဲသို့ သူမဝင်လာတာကိုသိလိုက်ပေမယ့် မျက်နှာကို မကြည့်ဖြစ်။ စားပွဲထက်မှာ လက်မှတ်ထိုးရန် File ကိုဖွင့်၍ ချပေးတော့၊ စာရွက်တွေကို သူ့လှန်လှောစစ်ဆေးနေမိသည်။ သူမထံမှ အသံတိုးတိတ်စွာ ထွက်လာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"သို့မှာ ဘာအပြစ်တွေများ ရှိထားလို့လဲဟင်"

သူ့စာရွက်အောက်ထောင့်တွေမှာ လက်မှတ်တွေတစ်ခုပြီး တစ်ခုထိုးနေမိ၏။ တင်းတင်းစေ့ပိတ်ထားသည့်နှုတ်ခမ်းဖျားမှ မည်သည့်အသံမှထွက်မလာပါချေ။

"ကိုကို"

"အလုပ်ကိုပဲလုပ်ပါ ပုလဲသီ။ စကားအပိုတွေပြောဖို့ အားနေလား"

"သီ့မှားတာတွေရှိရင် ပြင်ပါ့မယ်ကိုကို"

သူ့သက်ပြင်းကို ရှိုက်လျက် မျက်လွှာပင့်ကြည့်လိုက်လေ၏။ မျက်နှာမို့မို့က ကရုဏာသက်စဖွယ်ဖြစ်နေလေသည်။ မျက်လုံးချင်းဆုံချိန်မှာ မျက်ရည်တို့ဝေ့နေသည့် မျက်ဝန်းတောက်တောက်လေးက ရီဝေဝေ။

ပုလဲသီ. . . ဘာဖြစ်လို့များ မင်း့မေမေ့သမီးလေးဖြစ်နေရသလဲ။

"သီ့အလုပ်ပြန်ဆင်းတာကိုများ မကြိုက်လို့လားဟင်"

"မဆိုင်ပါဘူး"

"ဒါဖြင့် သီ့ကို ဘာဖြစ်လို့ သူစိမ်းဆန်သွားရတာလဲကိုကို"





သူ့မျက်လုံးတွေ စူးခနဲလက်သွားလေ၏။ လက်ထဲမှ Fileကိုလည်း စားပွဲထက် ဘုန်းခနဲပစ်ချကာ မတ်တတ်ရပ်လိုက်ပါသည်။

"မင်းနဲ့ငါက သူစိမ်းမဟုတ်လို့ ဘာလဲ"

"ရှင်! "

"ပြောလေ, မင်း့ငါနဲ့စဆုံစဉ်ကတည်းက ရိပ်မိခဲ့ဖို့ကောင်းတာ။ တောက်! ငါတော်တော်ညံ့ဖျင်းမှန်း ခုမှသိတော့တယ်"

"ဘာကိုပြောတာလဲကိုကို။ သီနားမလည်ဘူး"

သူက ဟက်ခနဲရယ်ချလိုက်ပါ၏။ နှုတ်ခမ်းတွန့်ရှုံ့ပြုံးလိုက်သည့်မဲ့ပြုံးက သူ့မျက်နှာမှာ ထင်လေသည်။ ဘာသဘောပါလိမ့်။

"နားမလည်ဘူးဟုတ်လား, ဟုတ်မှာပေါ့။ အိပ်ချင်ယောင်ဆောင်နေမှတော့ နှိုးရခက်တာမဆန်းပါဘူး။ မင်းသိပ်တော်တယ် ပုလဲသီ"

"ကိုကို. . . သီက. . . သီက ကိုကို့လက်အောက်က ဝန်ထမ်းတစ်ဦးပါ။ သီနားမလည်တဲ့ပဟေဠိမျိုး သီ့ကိုမဝှက်ပြပါနဲ့။ သီ့ဉာဏ်မမီလို့တောင်းပန်ပါတယ်ရှင်"

"ဟုတ်တာပေါ့ ငါယုံအောင် အယုံသွင်းပြီးမှ အပိုင်ရိုက်ထည့်လိုက်တာလေ။ စိတ်ထဲမှာတော့ မင်းထင်နေမှာပဲ။ ငါတို့သားအဖ



www.burmeseclassic.com

www.burmeseclassic.com



အလဲလဲအပြိုပြိုဖြစ်ပြီဆိုပြီးတော့ပေါ့"

အပြစ်ကင်းစင်လွန်းသည့်မျက်ဝန်းတို့က ဘာတစ်ခုကိုမှနား မလည်သည့်ဟန်အပြည့်။ ဒီအတိုင်း အပြစ်ကင်းရင်ဘယ်လောက် များ ကောင်းလိုက်မလဲပုလဲသီရယ်။

"သိ့ဘာများလုပ်မိလို့လဲကိုကို"

"မင်း၊ငါ့ဆီကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ လာခဲ့သလဲ ပုလဲ သီ"

"ရှင်! "

သူနှင့်စဆုံစဉ်က အပြစ်အပျက်ကို အာရုံမှာ ကွက်ခနဲမြင် လိုက်မိပါ၏။ သူ့ကားရှေ့ကိုဖြတ်ပြေးပြီး လဲကျစေခဲ့တဲ့ရည်ရွယ်ချက် ဟာ အန်တီရဲ့စေခိုင်းမှုပါ။ အန်ကယ့်ကိုရည်စူးခဲ့တာ မှန်ပေမယ့် သူဖြစ်နေခဲ့တာ ကံကြမ္မာကြောင့်ပဲထင်ပါရဲ့။

"မင်းမငြေနိုင်ဘူးမဟုတ်လား. . . ပုလဲသီ။ ငါ. . . ငါ. . . ကရုဏာသက်စွာနဲ့ မင်းကို ငါ့အနီးဆုံးမှာထားရစ်တာ ငါတို့သား အဖကိုဒုက္ခပေးဖို့မှမဟုတ်ဘဲ"

"ဘယ်လို"

"ဝေဟင်ကုမ္ပဏီကို Disc ရောင်းလိုက်လို့ရတဲ့ငွေ (၁၀)သိန်း





က မင်းရဲ့မွေးစားမိခင်အသက်ကို ကယ်ဆယ်နိုင်ခဲ့လို့လား"

"ရှင်! "

"လိုအပ်ရင်ပြောပါ, ကိုယ်ထုတ်ပေးနိုင်ပါတယ်လို့ အကြိမ် ကြိမ်ပြောခဲ့ဖူးပါတယ် ပုလဲသီ။ ခုကိစ္စက လုပ်ငန်းငွေဆုံးရှုံးသွား ရတာထက် သစ္စာမဲ့တဲ့ဝန်ထမ်းတစ်ယောက်ကြောင့် ကျဆင်းသွား ခဲ့ရတဲ့ ငါ့အဖေရဲ့ဂုဏ်သိက္ခာကိုပဲ"

"မဟုတ်ဘူး. . . မဟုတ်ရပါဘူး,ကိုကို"

"ငြင်းမယ်ဆိုတာကို ငါကြိုတွက်ပြီးသားပါ ပုလဲသီ။ ဒါပဲပေါ့၊ နောက်ဆုံးတော့ ဒီငွေပမာဏကပဲ မင်းကိုထွက်ပေါက်ဖွင့်ပေးခဲ့ တာလေ"

"ကိုကို. . . သီတောင်းပန်ပါတယ်"

"ကျေအေးစရာလား ပုလဲသီ။ နှုတ်နဲ့တောင်းပန်ရုံလေးနဲ့ ငါကျေအေးပေးလိုက်ရင် တရားမဲ့ရာရောက်သွားမှာပေါ့။ စဉ်းစား ကြည့်ပါဦး။ ငါ့ယုံကြည်မှုကိုအလွဲသုံးစားလုပ်သွားတာ။ ငါရင်နာ လို့မဆုံးဘူး ပုလဲသီ။ မင်းမို့လုပ်ရက်တယ်။ ငါတို့သားအဖကိုဘယ် လိုအာဃာတမျိုးထားပြီး ခုလိုလုပ်ခဲ့တာလဲ"

"မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ သူမမျက်ဝန်းမှ မျက်ရည်တို့ဖြိုင်ဖြိုင်ကျလာသည်ကို သွေးအေးစွာဖြင့် စိုက်ကြည့်နေမိသည်။ ငါ့ရင်ထဲမှာလည်း မိုးသည်းထန်သလို မျက်ရည်မိုးတွေရွာနေတာ အမှန်ပါပဲ. . . ပုလဲသီရယ်။

"ငြင်းပါ, အသက်ရှုမရပ်သရွေ့ပေါ့။ နောက်ဆုံးတော့ ငါသိလိုက်ရတာ တစ်ခုတည်းပါပဲ. . . ပုလဲသီ။ လူယုံသတ်ခဲ့လို့ ငါသေခဲ့ရပြီ။ ငါ့နှလုံးသားအဆုံးထိတိုင် မင်းထိုးသွင်းခဲ့တဲ့ဓားက ထိရောက်မှုရှိပါတယ်။ ဘဝကြီးတစ်ခုလုံး နလံပြန်မထူနိုင်တော့တဲ့ဆုံးရှုံးမှုမျိုးနဲ့ အရှုံးကြီးရှုံးခဲ့ရတာအမှန်ပါပဲ"

သူမမျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရုံးခန်းထဲမှပြေးထွက်ခဲ့ပါ၏။ Lift ထဲမှတစ်ဆင့် Taxi ပေါ်ရောက်ချိန်ထိ စိတ်ကိုမနည်းတင်းကာ အိမ်သို့ပြန်လာခဲ့ရသည်။ မုန်းချေပြီပဲ။ မျှော်လင့်ထားမိသည်တို့လည်း တစ်စစီ ပျက်သုဉ်းခဲ့လေပြီ။ ကိုကိုရယ်. . . ကိုကို့နံဘေးကို အကြံအစည်တစ်ခုနဲ့ ရောက်လာတာ မှန်ပေမယ့်၊ အရိုးသားဆုံး၊ အဖြူစင်ဆုံးချစ်ခြင်းတွေနဲ့ ကိုကို့ကိုချစ်မိတဲ့နှလုံးသားကို မယုံတော့ပါလားကွယ်။



အခန်း ( ၁၃ )

"သမီး. . . ပုလဲလေး, တစ်ခုခုတော့ ဝင်အောင်စားလိုက်ပါလားကွယ်။ နေ့လယ်ကတည်းက ဘာမှမစားသေးဘူးဆို"

ခုတင်ထက်ထိုင်ကာ ပြောလာသည့်အန်တီ့စကားတို့ကို ပြန်မဖြေဖြစ်။ ဆံနွယ်နုနုကို တယုတယသပ်တင်ပေးတော့ မျက်ရည်ကထိန်းထားသည့်ကြားမှ ပေါက်ခနဲလွင့်ကြွေသွားလေ၏။

"သမီးငိုနေတယ်. . . ဟုတ်လား၊ အန်တီ့သမီးကို မျက်ရည်ကျအောင် ဘယ်သူတွေများ လုပ်လိုက်သလဲ။ အန်တီ့ကိုပြောပါဦးသမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

"သမီး"

လှဲနေရာမှထထိုင်တော့ အန်တီက သူမကိုရင်ခွင်ထဲထည့်ကာ ပွေ့ပိုက်ထားလေ၏။ ဒီလိုမျိုး သူလည်း သို့ကိုပွေ့ဖက်ခဲ့ဖူးပါတယ်။ ခဏလေးပါပဲ။ တကယ့်ကို စက္ကန့်ပိုင်းလေးလောက် နွေးထွေးမှုပေးခဲ့တာပါ။ အိပ်မက်တစ်ခုလို့ သီထင်ခဲ့မိတယ်။ အမှန်တကယ်ပဲ အိပ်မက်လိုမျိုး ခဏလေးအတွင်းမှာ ပျောက်ဆုံးသွားခဲ့ရတာပါ။ သူ့ရဲ့ကြင်နာခြင်းတွေ၊ ယုယမှုတွေ၊ မြတ်နိုးတဲ့ပုံရိပ်တွေနဲ့ အရာအားလုံးပါလေ။

"သို့ကို. . . သို့ကို သူအထင်လွဲနေတယ်"

"သူ"

"ဟုတ်ပါတယ်. . . ကိုကိုပါ"

"ဘယ်လိုဖြစ်တာလဲသမီးရယ်"

"သူက. . . သူက. . . သီ, သူနဲ့စဆုံတွေ့ချိန်ကစပြီး သို့ကို သံသယဝင်နေခဲ့တာပါ"

"ဒီကိစ္စကိုနောက်တော့ အန်တီရှင်းပေးပါ့မယ် သမီးရယ်"

"မရတော့ဘူး. . . မရတော့ဘူး, အန်တီရဲ့။ သီက. . . သီ





က ဘာအပြစ်မှမလုပ်မိပါဘဲ ဘရားခံတစ်ယောက်လို စွပ်စွဲခံခဲ့ရတာပါ"

"ဘယ်လို! "

သူမ ရှိုက်လိုက်မိပါ၏။ အန်တီ့ဇာပေါက်အင်္ကျီဖြူထက်မှာ မျက်ရည်တွေ စွတ်စိုကုန်လေသည်။

အားတော့နာပါတယ်အန်တီ။ သို့မှာ. . . သို့မှာ တိုင်တည်ငိုကြွေးဖို့ရာ ရင်ခွင်မဲ့ဘဝကိုရောက်နေရလို့ပါရှင်။

"သူတို့. . . သူတို့ကုမ္ပဏီက လျှို့ဝှက်သတင်းတွေ အပြင်ကိုပေါက်ကြားကုန်တဲ့ကိစ္စပါ"

"ဟင်! "

"သီ. . . သီ. . . မလုပ်ရပါဘူး၊ ဘယ်သူလုပ်သလဲဆိုတာကိုတော့ သီသိပါတယ်။ ဒါပေမဲ့. . . ဒါပေမဲ့. . . သီပြောခွင့်ရမှာမဟုတ်ဘူး။ သီက. . . သီက နောက်ဆုံးမှဝင်လာတဲ့ဝန်ထမ်းတစ်ယောက်ဖြစ်သလို လျှို့ဝှက်ခြင်းတွေနဲ့ပြည့်နှက်နေတဲ့မိန်းကလေးဖြစ်နေလို့ပါလေ"

"ပြဿနာတစ်ခုဖြစ်လာရင် ဖြေရှင်းနိုင်မယ့်နည်းလမ်းတစ်ခုခု ရှိကိုရှိရမယ်သမီး။ အထူးသဖြင့် စီးပွားရေးကိစ္စတွေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သီနားလည်ပါတယ်အန်တီ။ ဒါပေမဲ့. . . ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ သံသယဆိုတဲ့နွံအိုင်ထဲမှာ သီ. . . သီ နစ်မြုပ်ခဲ့ရပါပြီ"

"သမီးရယ်. . . သမီးကို သားနဲ့သဘောတူခဲ့မိတာ အန်တီ့ရင်ထဲက ဆန္ဒအမှန်ပါ။ အန်တီ့ဆန္ဒလေးပြည့်ပါရစေလား"

သူမခေါင်းကို ခါယမ်းလိုက်မိပါ၏။ မဖြစ်နိုင်တော့ပါဘူး အန်တီရယ်။ သီက ဘဝမှာ ကွက်လပ်များစွာနဲ့ ကြီးပြင်းလာရတဲ့သူပါ။ အခုလည်း သီ့နံဘေးမှာရှိနေတဲ့ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်မယ့်သူ ဒီလောကမှာ ရှိနိုင်မှာမဟုတ်တော့ပါဘူး။

"သီတို့နှစ်ယောက်ကိုချည်နှောင်ချင်တဲ့ အန်တီ့ရဲ့သံယောဇဉ်ကြိုးက တကယ်ပဲပြတ်တောက်ခဲ့ပါပြီအန်တီရယ်"

"သမီးရယ်. . . သားက ဘယ်လိုများပြောလိုက်လို့ ဒီလောက်ထိ ဝမ်းနည်းယူကျုံးမရဖြစ်နေရတာလဲ"

"သီက. . . သီက. . . သူ့ကိုသတ်လိုက်တာတဲ့။ သူ့နှလုံးသားထဲထိ ဓားသွားတဆုံးထိုးလိုက်တဲ့လူတဲ့။ သူ့ဘဝကြီးတစ်ခုလုံး နလံမထူနိုင်အောင် ဆုံးရှုံးမှုကြီးနဲ့ အရှုံးကြီးရှုံးခဲ့ရတာတဲ့ အန်တီရယ်။ ပြောရက်လိုက်တာ"





စိတ်မကောင်းဖြစ်နေသည့်ကြားမှ ပြုံးလိုက်မိလေ၏။ မိမိသား၏ရင်တွင်းကို ထင်ထင်ရှားရှားကြီး မြင်တွေ့ခွင့်ရလိုက်ပြီပဲ။ နှလုံးသားတွေထိအောင် သမီးရဲ့ပစ်ချက်က ထိရောက်မှုရှိတယ်တဲ့လား။

သားရယ်. . . သားရဲ့ရင်ထဲက ဆုံးရှုံးမှုတွေကြားမှာ သမီးအပေါ်ထားရှိတဲ့ ထုထည်ကြီးမားလွန်းတဲ့ချစ်ခြင်းတွေကိုပေါ့။

"အချိန်တန်တော့ သူသိလာပါလိမ့်မယ်သမီးရယ်။ လောလောဆယ်သွေးပူနေတုန်းတော့ အမှားအမှန်ကို သူဘယ်ခွဲခြားပြီးသိနိုင်ပါ့မလဲ။ တိတ်ပါ. . . သမီးလေး,ပင်ပန်းလှပါပြီ"

"သီလေ. . . အန်တီတို့မိသားစုကို ပျော်ရွှင်စွာနဲ့ပေါင်းဆုံစေချင်ပါတယ်။ အဲဒါအမှန်ပါ။ သူ,သီ့အပေါ် ဘယ်လိုပဲမုန်းတီးနေပါစေ၊ သူမျှော်လင့်တောင့်တနေရတဲ့ အန်တီ့ရဲ့မေတ္တာရိပ်မှာ သူ့ကိုခိုလှုံစေချင်ပါတယ်။ သူက သီ့လို မေမေ့ရဲ့မေတ္တာကိုမရရှိ မခံစားခဲ့ရတာဆိုတော့ သိပ်သနားစရာကောင်းလို့ပါ"

ဩော်. . . သားအပေါ်မှာ သမီးလည်းချစ်ရင်းစွဲရှိနေပြီပဲ။

မောင်. . . ချို့ဆန္ဒတွေပြည့်နိုင်ပါ့မလား။ ပြည့်ပါရစေနော်။ ဒီဘဝမှာ ချို့အပေါ် မောင်ဘယ်လောက်ပဲ နာကြည်းမုန်းတီးနေ



www.burmeseclassic.com

www.burmeseclassic.com



ပါစေ၊ အပြစ်မဲ့တဲ့သားနဲ့သမီးကိုတော့ ဆုံစည်းခွင့်ပေးလှည့်ပါကွယ်။

"သမီးပြောတဲ့တရားခံဆိုတာ ဘယ်သူလဲ"

"မေသက်ပန်ပါ"

"ဘာ! "

"အန်ကယ့် Secretary မေသက်ပန်ပါ အန်တီ"

"ဒါဆို ဝေဟင်ကုမ္ပဏီက အလုပ်ထွက်လိုက်တဲ့ကောင်မလေး ပဲပေါ့"

"ဟုတ်ပါတယ်"

"ကောင်းပြီသမီး၊ စိတ်ကိုအေးအေးသာထားတော့။ အန်တီ ဒီကိစ္စကိုဖြေရှင်းပေးမှာပါ။ လောလောဆယ် ကုမ္ပဏီကိုသွားချင် လည်းနေ၊ စာမေးပွဲဖြေဖို့ပြင်ဆင်ထားပေါ့။ ကုမ္ပဏီမှာ သမီး အနီး ကပ်တက်ဖို့ ခွင့်(၁၅)ရက်ယူကြောင်း အန်တီပြောပေးပါ့မယ်"

သမီးကိုချော့မော့သိပ်ကာ အခန်းပြင်သို့ထွက်လာခဲ့ပါ၏။ ဆက်သွယ်ဖို့ အချိန်တန်ပြီထင်ပါရဲ့။

မောင်ဘာပြောလေမလဲ. . .

ကွာရှင်းပြီးသားမိန်းမတစ်ယောက်ကို သူစိမ်းလို့သတ်မှတ် ချင်လည်း သတ်မှတ်ပါတော့။ သားကိုချစ်ခွင့်ရရုံနဲ့ ချိုကျေနပ်ပါပြီ





မောင်ရယ်။

အိပ်ရာထက်လှဲချလိုက်စဉ် Hand Phone က မြည်လာလေ ၏။ ကျွတ်! ည (၁၂) နာရီကြီး ဘယ်က Phone ဝင်လာရတာတဲ့လဲ။

"ဟဲလို"

"သားလား. . . အန်တီပါ"

"ဗျာ! "

ရင်ထဲမှာ ဒိန်းခနဲမြည်ပြန်၏။ သားလားတဲ့. . . ဒါဆို. . . ဒါဆို. . . သူ့မေမေ ဆက်တာပေါ့လေ။ မျှော်လင့်မထားမိသည့် အသံကြောင့် Phone ကိုင်ထားလျက် တုန်လှုပ်နေမိသည်။

"သားဖေဖေရဲ့ Secretary မေသက်ပန်အကြောင်း အသိ ပေးချင်လို့ပါ"

"မေသက်ပန်"

"ဟုတ်တယ်၊ မေသက်ပန်က ဝေဟင်ကုမ္ပဏီကနေ အလုပ် ထွက်လာတာပါ။ ဒါဆိုရင် အန်တီဘာကိုဆိုလိုချင်သလဲဆိုတာ သား



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်နားလည်နိုင်လိမ့်မယ်လို့ထင်ပါတယ်နော်"

"အန်. . . အန်တီ"

"ဘာများပြောချင်လို့လဲ. . . သား, ပြောပါ"

"သီ. . . ပုလဲသီရောဟင်"

"သားညီမကို အခုပဲဆေးတိုက်ပြီး သိပ်ခဲ့တာပါ။ လောလော ဆယ် သူ့ကျန်းမာရေးကိုစိတ်မချလို့ အန်တီ, ရုံးကိုမလွှတ်သေးဘူး နော်။ ပြီးတော့ အနီးကပ်သင်တန်းနဲ့ စာမေးပွဲဖြေရဦးမှာမို့ ခွင့် ရက်ရှည်ယူရဦးမှာလေ။ လိုလိုမယ်မယ်,သားရယ်၊ သမီးအတွက် သားဖေဖေဆီမှာ ခွင့်တစ်လလောက် လစာမဲ့တင်ပေးပါလား။ ကူညီ နိုင်မလား သား"

"ဟုတ်. . . ဟုတ်ကဲ့"

"ကျေးဇူးပဲ,သား။ ဒါပဲနော်"

သူ Phone ကိုအကြာကြီးငေးကြည့်နေမိသည်။ ဒါဆို သူထင် ထားတာတွေ တလွဲကြီးလွဲကုန်ပြီပေါ့။ ဝမ်းနည်းရမှာလား၊ ဝမ်းသာ ရမှာလားပင် မသိတော့ဘဲ အခန်းထဲမှပြေးထွက်လာခဲ့၏။

ဒက်ဒီ့အခန်းတံခါးကိုခေါက်၍ ဖွင့်ဝင်ကြည့်စဉ် မတွေ့။ ဘယ်များရောက်နေပါလိမ့်။





အောက်ထပ်မှမီးရောင်ကြောင့် လှေကားမှပြေးဆင်းခဲ့ပြီး စာကြည့်ခန်းတံခါးကိုဖွင့်တော့ စာအုပ်တစ်အုပ်ကိုကိုင်၍ ငိုင်နေ သည့်ဒက်ဒီ့ကိုတွေ့လိုက်ရလေ၏။

"ဒက်ဒီ"

"ဟင်"

"သီ. . . ပုလဲသီက ကျွန်တော်ထင်ထားတဲ့တရားခံမဟုတ် ဘူးတဲ့"

ဦးမိုးညို မျက်မှောင်ကြုတ်သွားရလေ၏။ ညသန်းခေါင်ကျော် ကြီး ဒီကောင် တစ်ရေးနိုးထယောင်လေသလား။ မျက်လုံးတွေကို ကြည့်ရတာတော့ အိပ်ရာကထလာသည့်ပုံမရပါချေ။

"ဒက်ဒီသိပါတယ်"

"ဒါဆို တရားခံအစစ်ကိုရော ဒက်ဒီ"

"ငါ, မင်းအဖေပါကွ. . . သားရ။ လူသာငြိမ်ငြိမ်သက်သက် ထိုင်နေမယ်၊ ဦးနှောက်က စက္ကန့်မလပ်အလုပ်လုပ်နေတဲ့လူစားပါ"

"sorry . . . ဒက်ဒီ။ ကျွန်တော့်စိတ်တွေ လောနေလို့ပါ"

"အေး. . . မနက်ဖြန် ဒီကိစ္စရှင်းပေးမယ်ဆိုရင်ကျေနပ်ပေါ့။ အိပ်ပျော်အောင်လည်းအိပ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူလှည့်ထွက်လာခဲ့ပြီးမှ မေ့တော့မည့်သတင်းကို ဖျတ်ခနဲ သတိရသွားမိပါ၏။ ဒုက္ခပဲ. . . ပုလဲသီခွင့်ယူတဲ့ကိစ္စကိုမှ မေ့တော့ မလို့တဲ့လား။

"ဒက်ဒီ"

"ဟာ! ဘာလဲကွာ"

"ဟိုလေ. . . သီက စာမေးပွဲဖြေဖို့ လစာမဲ့ခွင့် တစ်လပေးပါ လို့ပြောခွတယ်"

"သူကိုယ်တိုင်ပြောတာလား"

"မဟုတ်ဘူး, သူ့အမေ Phone ဆက်ပြီးပြောတာပါ ဒက်ဒီ"

"အေး. . . ပြီးရော"

မှုန်ကုပ်ကုပ်ဖြစ်သွားသည့်ဒက်ဒီ့မျက်နှာကြောင့် သူ့ဇက်ပု ကာ လှည့်ထွက်လာခဲ့၏။ အိပ်ခန်းတွင်းရှိ ခုတင်ထက် ပက်လက်လှန် ကာ စဉ်းစားနေမိသည်။ ဒုက္ခပဲ. . . မျက်လုံးတွေတော့ ကြောင်စီစီ ဖြစ်ကုန်ပါရောလား။ တစ်လတဲ့. . .။ တစ်လတောင်မှ ဒီမျက်နှာ လေးကို မြင်ခွင့်မရတော့ဘူးပေါ့လေ။ ဒီလောက်ထိကြာအောင် တောင်မှ ခွင့်ယူရသတဲ့လား။





သီရယ်. . . ကိုယ့်အဖြစ်ကိုလည်း တစ်ချက်လောက်ငဲ့ကြည့် လှည့်ပါဦး။ ချစ်ချင်ပေမယ့် ချစ်ခွင့်မရှိတဲ့ဘဝပါ,သီ။ ကိုယ်တို့နှစ် ယောက်ကြားမှာ သမုဒ္ဒရာကြီးခြားထားခြင်း ခံရပါရောလား။ ကိုကို လို့ခေါ်သံလေးကို စက္ကန့်မလပ်ကြားနေချင်တာ ကိုယ့်အပြစ်လား ဟင်။ ကိုယ်တော့ ခွင့်မလွှတ်နိုင်တဲ့လုပ်ရပ်တွေကို တစ်ခုပြီးတစ်ခု ကျူးလွန်ခဲ့ပါရောလား. . . သီ။

"သီ့မှာ ဘာအပြစ်တွေများရှိလို့လဲ' တဲ့. . .။ ဟင့်အင်း. . . ကိုယ့်မှာပဲ အပြစ်များစွာရှိတာပါ။ 'မှားတာတွေရှိရင်ပြင်ပါ့မယ်' တဲ့လား။ ကိုယ်ကသာ အမှားကြီးမှားခဲ့မိတာပါကွယ်။ 'သီ့အလုပ် ပြန်ဆင်းတာကို မကြိုက်လို့လား'တဲ့။ မဟုတ်ရပါဘူး။ ကိုယ့်မျက်စိ အောက်မှာ အပျောက်မခံနိုင်အောင် သီ့ကိုရှိစေချင်နေတာပါလေ။

'ဘာလို့ သူစိမ်းဆန်သွားရတာလဲ' ဆိုတဲ့စကားကို ပြန်ကြား မိစဉ် နှလုံးသားက အောင့်သွားရချေ၏။ ဘယ်လောက်များ နာကျင် သွားရှာမလဲ။ ကိုယ်က သီ့ကိုစူးစူးရဲရဲကြည့်ပြီး ပြောဆိုမိခဲ့တာလေ။ ဘာမဟုတ်တဲ့ ငွေလေး (၁၀)သိန်းနဲ့ ပစ်ပစ်ခါခါပြောထွက်ခဲ့တာ တွေကို သီခွင့်လွှတ်နိုင်ပါ့မလား။ ကိုယ်တောင်းပန်ပါတယ်. . . သီ။ သီကျေနပ်ခွင့်လွှတ်နိုင်တဲ့အထိ အနူးညွတ်ဆုံးတောင်းပန်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ တကယ်ရော ခွင့်လွှတ်နိုင်ပါ့မလား. . . ကလေးရယ်။ ကိုယ့်ရင်ထဲကိုဝင်ကြည့်စေချင်တယ်။ ကိုယ်ဘယ်လောက်ထိ ခံစားကြေကွဲနေတယ်ဆိုတာကို သိစေချင်လို့ပါလေ။

ညဥ့်ကပိုနက်သည်ထက် နက်လာ၏။ မှန်ပြတင်းဝမှာ ရပ်နေမိတာ အတော်လေးကြာနေချေပြီ။ ဆောင်းလေက အေးခနဲသုတ်ခတ်တိုက်လာလေ၏။ ပြင်ပချမ်းစိမ့်မှုက ရင်တွင်းအပူကို မငြိမ်းသက်နိုင်ပြီပဲ။ လရောင်မှုန်မှုန်အောက်မှာ အန်တီစိုက်ထားသည့် နှင်းဆီပင်တို့ကို မှုန်ပြပြသာမြင်နေရသည်။ လေထုထဲမှ နှင်းဆီရနံ့က သင်းခနဲ။ သူဆွတ်နေကျ နှင်းဆီရေမွှေးနံ့ကိုသတိရမိသွားစဉ် မျက်နှာလေးက မဲ့ကျသွားလေ၏။

စဆုံစဉ်က ကြည့်ခဲ့တဲ့ကရုဏာမျက်ဝန်းတွေ ဘယ်ပျောက်ကုန်ပြီလဲ။ သူစိမ်းယောကျ်ားတွေနဲ့ ခဏလေးပြောမိ၊ ဆိုမိ၊ ပတ်သက်မိတာလေးကိုတောင် ဝန်တိုမှုတွေဖြစ်တတ်ခဲ့တာလေ။ အခုတော့ မေ့လိုက်ပြီပေါ့နော်။ အန်ကယ်နဲ့တုန်းက သူပြောခဲ့တာပဲ။





အဲဒီကတည်းက သီဝမ်းနည်းပြီး မျက်ရည်ကျခဲ့တယ်။ သူ့ရင်ထဲက မစ္ဆရိယကိုရိပ်မိခဲ့စဉ်မှာ တိတ်တခိုးလေးရှက်ကာ ကျေနပ်မိပြန်တယ်။ ဩော်. . . သီ့အပေါ် သံယောဇဉ်ရှိရှာလွန်းလို့ သူ့စိတ်တွေအမြဲပူလောင်နေရှာတာပါလားလို့ ကရုဏာစိတ်လည်းဖြစ်တည်ခဲ့ပါရဲ့။

ကားနဲ့ကြိုပို့လုပ်ခွင့်မရရင် မကြိုက်ဘူးဆို။ ခုဆို သီက ကိုယ့်အားကိုယ်ကိုးပြီး သွားလာနေတတ်ပါပြီ။ သူ့ရင်ထဲမှာ သီရှိနေပါလားဆိုတဲ့အသိကို သီ့ခဏလေးပဲသိခွင့်ရခဲ့ပါတယ်။ တကယ်တော့ သီ့ရူးသွပ်ခဲ့တာပါ။ ဘာမှတန်ဖိုးမရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရူးရူးမိုက်မိုက်အတွေးတွေနဲ့ပေါ့လေ။

ရှက်လိုက်တာ. . . တကယ့်ကိုရှက်စရာကြီးပဲ။ သီ့တကယ်ပဲအရှက်ကွဲခဲ့ရတာပါလေ။ သီ့ကိုယ်သီရော၊ သီ့ရင်ထဲကနှလုံးသားကိုပါ အားနာရှက်ရွံ့နေမိတယ်။ သီက. . . သီက. . . တော်ဝင်တဲ့သဇင်ပန်းမှမဟုတ်တာဘဲ။ တွဲခဲ့တဲ့ကာလ ခဏတာအတွင်း စံပယ်မပေါ်ခိုက် အဖြည့်ခံသာ အသုံးခံရတဲ့ ခံပွင့်လိုဘဝမျိုးပါကွယ်။

မမလေပြည်နဲ့ စိတ်အခန့်မသင့်ဖြစ်နေစဉ်အတွင်းမှာ သီ့ကိုစိတ်အာသာပြေရုံ ကြင်နာခဲ့တာမှန်း သိခဲ့ရချိန်မှာ သီ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



တွေ တစ်စစီ ကြွေမွအက်ကွဲခဲ့ရပါပြီကွယ်။ သီ တကယ်ပဲ သေဆုံးခဲ့ရတာပါ။ ဒါပေမဲ့. . . သီကျေနပ်ပါတယ်။

ကိုကိုတို့မိသားစုလေး အတူတူပြန်နေကြရင် အန်တီ့အိမ်မှာပဲဖြစ်ဖြစ်၊ အန်ကယ့်အိမ်မှာပဲဖြစ်ဖြစ်ပေါ့လေ။ အပျော်တွေစုပုံဖြစ်တည်ပြီး သီဆိုတဲ့ အညတရကောင်မလေးတစ်ယောက်ကို လျစ်လျူရှု မေ့သွားကြမှာပါ။ သီက ကိုကိုတို့မိသားစုအတွက် အရိပ်လေးတစ်ခုလောက်တောင်မှ အရာထင်ကျန်ရစ်ခဲ့သူမဟုတ်မှန်း ရင်ထဲက အလိုလိုသိနေနှင့်ပါတယ်။

အဲဒီအခါကျရင် သီက အန်တီ့အိမ်ကနေ ဘယ်သူမှမသိမမြင်ရလေအောင် တိတ်တိတ်လေးထွက်သွားမှာပါကွယ်။ မေမေ့အိမ်လေးမှာ နေချင်ပေမယ့် ကိုကိုတို့ စိုးရိမ်တကြီးလိုက်ရှာမှာကိုလည်း သီမလိုလားပါဘူး။ တစ်နေရာရာကိုပဲ ခြေရာဖျောက်ပြီးသွားဖြစ်မှာသေချာပါတယ်။

'လျှို့ဝှက်ခြင်းတွေနဲ့ ရောက်လာခဲ့တာမဟုတ်လား' တဲ့။

ဟုတ်ပါတယ်။ ကိုကို့အနားကို လျှို့ဝှက်မှုတွေအပြည့်နဲ့ သီရောက်ခဲ့တာပါ။ ဒါပေမဲ့. . . အဲဒီတုန်းက သီ့ရင်ထဲမှာ ရိုးသားခြင်းတွေပဲ ရှိခဲ့တာပါရှင်။





လျှို့ဝှက်သင့်သည့်အရာမှန်သမျှကို လျှို့ဝှက်ထားရမယ် ဆိုတာကို သီနားလည်ပါတယ်။ ဒါပေမဲ့. . . သီ့ရင်ထဲက နှလုံးသားလေးကိုတော့ သူ့မသိမမြင်ရလေအောင် ဝှက်ဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ အချစ်ဆိုတာ တန်ခိုးရှင်တစ်ပါးပေကိုး။

သေချာပါတယ်. . .။ ရင်ထဲမှာ ဘာမှမကျန်ရစ်ရလောက်အောင် မချွင်းမချန်ချစ်မိသွားတာပါ။ ဘယ်သူစိမ်းတစ်ယောက်ကိုမှ မချစ်ခဲ့ဖူးသေးတဲ့ချစ်ခြင်းမျိုးနဲ့ အဆုံးတိုင်ချစ်ခဲ့မိတာအမှန်ပါ။ ကိုကို, သီ့အပေါ် မချစ်သည့်ဖြစ်စေ၊ ဥပေက္ခာပြုသည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေပါလေ။ သီ့ဘက်က ကိုကို့အပေါ် တစ်ဖက်သတ်ချစ်နေခွင့်ရရုံလေးနဲ့ ကိုကို့အပေါ်မှာ သီ,ချစ်ရကျိုးနပ်ပါပြီ။

နောင်တစ်ချိန်ချိန်မှာ. . . ကိုကိုတို့နဲ့ မတော်တဆဆုံတွေ့ကောင်း တွေ့ကြရမှာပါ။ ကိုကို့ဘေးမှာ မမလေပြည် ပါကောင်းပါမှာပေါ့လေ။ အဲဒီအခါမှာ ကိုကိုနဲ့မမလေပြည်ကို ဖြူစင်ရှင်းသန့်တဲ့အပြုံးမျိုး ပြုံးပြနိုင်ဖို့ သီ,အများကြီးကြိုးစားလေ့ကျင့်ရဦးမယ်။ တစ်ခါမှမသိခဲ့ဖူးတဲ့ သူစိမ်းတစ်ယောက်လို, မမြင်ချင်ယောင်လည်းဆောင်ကောင်းဆောင်မိမှာအမှန်ပါ။

သေချာတာကတော့ တစ်ခုတည်းပါပဲ။ အသက် (၂၀)အရွယ်



www.burmeseclassic.com

www.burmeseclassic.com



မနှုးမနပ်ချာတိပ်ေ လေးရဲ့ စစ်မှန်တဲ့ချစ်ခြင်းတွေကို သူ့ရင်ထဲထိ ထည့်ပေးခွင့်မရခဲ့ကာလေ။ ကိုကိုမမြင်နိုင်တဲ့တစ်နေရာကနေ သီ တိတ်တိတ်လေးချစ်သွားမယ်ဆိုတာကိုတော့ သီတစ်ယောက်က လွဲ ပြီး ဘယ်သူတစ်ဦးတစ်ယောက်မှ မသိစေရပါဘူးကွယ်။



## အခန်း ( ၁၄ )

Phone မြည်သံကြောင့် Meeting Room ထဲမှ ထွက်ထွက်ချင်း စိတ်ရှုပ်သွားရပါ၏။ ဘယ်သူကများ တစ်ချိန်လုံးခေါ်နေတာပါလိမ့်။ Meeting ထိုင်နေစဉ်ကတည်းက Message တွေဝင်တာကို မြင်ပေမယ့် တမင်ကိုမဖွင့်တာလေ။

“ဟဲလို”

“ဦးမိုးညိုလား”

“အေး. . . မိုးညို Phone နံပါတ်ဆက်မှတော့ မိုးညိုကိုင်တာပေါ့ကွယ်။ ဘယ်သူရှိရမှာလဲ '



www.burmeseclassic.com

www.burmeseclassic.com



"မသိနိုင်ဘူးလေ. . . ရှင့် Secretary များ ဖြစ်နေမလားလို့ သေချာအောင် မေးကြည့်တာပေါ့"

ဟော! ဒီအသံကိုတရင်းတနှီးကြားဖူးတယ်မှတ်တာ။ ဒါ သူမရဲ့အသံပဲ။ ရင်ထဲမှာဒိတ်ခနဲဖြစ်ကာ နှလုံးသွေးတွေက ချက်ချင်းဆူပွက်လာလေ၏။

အဲဒါပဲ. . . နှစ်ပေါင်းအစိတ်ကျော်ကြာလာတာတောင် သူ့နှလုံးသားကို ဒီမိန်းမကပဲ အချိန်မရွေးလှုပ်နှိုးနိုင်တယ်ဆိုတာကို လက်တွေ့ကျကျ သူယုံလိုက်ရပါပြီကော. . .

"အခုဆက်နေတာ ဘယ်သူလဲ"

"ရှင့်,မသိချင်ယောင်ဆောင်ပြီး မမေးပါနဲ့။ တော်တော်ကြားချင်နေလား"

"ဟော့! လိုရင်းကိစ္စသာပြော၊ ငါ့မှာ အချိန်သိပ်ရှိတာမဟုတ်ဘူး"

"အမယ်လေး. . . ကြီးကျယ်နေလိုက်တာ။ ရှင်တစ်ယောက်တည်း အချိန်ဆင်းရဲတယ်ထင်မနေနဲ့။ ကျွန်မက ရှင့်ထက် ပိုပြီးအလုပ်များတာ ရှင်သိပါတယ်"

"ကျွတ်! လျှာရှည်လိုက်တာ"





"ဘာပြောတယ်"

"ဩော်. . . လိုရင်းကိုပြောလို့ ပြောနေတာလေ"

ခြေလှမ်းကိုရပ်ကာ လက်တစ်ဖက်က ခါးကိုထောက်လိုက်၏။

ရုံးခန်းထဲမဝင်ဘဲ အဝမှာရပ်နေသည့်ဒက်ဒီကို သူ,လှမ်းကြည့်နေမိသည်။ ဘယ်သူနဲ့ Phone ပြောပြီး ဒေါသတွေထွက်နေပြန်ပါလိမ့်။

"လိုရင်းကိုပြောရရင် သားကိစ္စပဲ"

"ဘာ! "

"ဟုတ်တယ်။ ရှင့်သား ဘာတွေလုပ်ထားသလဲဆိုတာ ဖအေဖြစ်တဲ့ရှင် အသိဆုံးပဲမဟုတ်လား။ အဲဒါ ရှင်နဲ့ကျွန်မ မဆွေးနွေးလို့ မဖြစ်တဲ့အခြေအနေမျိုး,ရောက်နေပြီ"

"ဘာကွ! မင်းနဲ့မဆိုင်တဲ့ကိစ္စကို ငါနဲ့လာမပတ်သက်နဲ့။ ဒါပဲ"

"မပတ်သက်လို့ရမလားရှင်။ သားက ကျွန်မနဲ့လည်းဆိုင်တာ ရှင်အသိဆုံးနော်"

"မင်း. . . မင်း"

"ဒီတော့ ရှင်,ကျွန်မဆီလာတွေ့ပါ။ အိမ်ကိုပဲ လာတွေ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာဆို ကျွန်မတို့အတွင်းရေးတွေကို သူများတွေသိကုန်လိမ့်မယ်"

"ဒီမှာ ဒေါက်တာသံစဉ်ချို့ . . . သေချာလည်း စဉ်းစားကြည့်ပါဦးဗျ။ ကျုပ်သားကိစ္စကို ကျုပ်ရုံးခန်းမှာပဲဆွေးနွေးသင့်မှန်း မင်းနားမလည်ဘူးလား"

"မလည်ဘူး၊ ကျွန်မဆန္ဒကို ရှင်သာ လိုက်လျောရမှာလေ။ Lady First ဆိုတာကို ရှင်မမေ့နဲ့။ အခုဟာက ကလေးတွေကိစ္စကို စီစဉ်ပေးမှာ။ ကျွန်မတို့ Personal case တွေ လုံးဝမပါဘူး။ ရှင့်အတွေးတွေချော်ကုန်မှာစိုးလို့ သတိပေးလိုက်ပါရဲ့။ ဒါပဲ"

"ဘာ! တောက်! ဒီမိန်းမတော့လား"

ဒေါသတွေပွနေသည့်ဒက်ဒီ့နောက်ကျောမှာ သူ့ရပ်နေမိ၏။ ဒေါက်တာသံစဉ်ချိုတဲ့ . . .။ ဒါဖြင့် မေမေဆက်တာပေါ့။ မေမေက ဒက်ဒီ့ကို ဘာတွေများပြောလိုက်လို့ ဒေါသတွေထွက်နေတာပါလိမ့်။ နာရီကိုကြည့်တော့ ဖျတ်ခနဲလှည့်လိုက်သည့်ဒက်ဒီနှင့် သူ့မျက်နှာချင်းဆိုင်ဖြစ်သွားရလေ၏။

"ဒက်ဒီ"

"ငါ့အပြင်သွားဦးမယ်"





"ဘယ်ကိုလဲ ဒက်ဒီ"

"မင်းအမေဆီကိုကွာ"

"ဗျာ. . . ကျွန်တော်လည်း လိုက်လို့ရမလား"

"ငါစာရင်းသွားရှင်းမှာ။ မင်းဟာမင်း လိုက်ချင်လိုက်၊ မလိုက်ချင်နေ. . . သွားပြီ"

စိတ်မြန်လက်မြန်ရှိသည့်ဒက်ဒီက Lift ထဲ ဝင်သွားလေပြီ။ သူ့ ရုံးခန်းထဲမှာ File ကိုဝင်ထားပြီးမှ အမြန်ပြေးထွက်လာခဲ့ရ၏။ ရင်တွေတုန်လိုက်တာနော်။ ဘာမှန်းသေချာမသိပေမယ့် ရင်ခုန်နေတာတော့ ပရမ်းပတာပါပဲ။ ဒက်ဒီ့ကားကို နောက်မီးနီလေးတောင်မှမမြင်ရတော့ပေ။ အချစ်ဦးဆီသွားတဲ့ခြေလှမ်းတွေက လေးညို့က ပစ်လိုက်တဲ့မြားတစ်စင်းလို သွက်လက်လျင်မြန်လှချည်လား။

ၛ

ကားရပ်ကာ အဆင်သင့်ဖွင့်ထားသည့်အိမ်ထဲဝင်လိုက်စဉ် အပေါ်ထပ်လှေကားမှဆင်းလာသည့်အမျိုးသမီးတစ်ဦးနှင့် တွေ့ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်! ချက်ချင်းကြီး ထွက်လာတာပါလား ဦးမိုးညိုရဲ့။ Date လေးဘာလေး နည်းနည်းပါးပါးသတ်မှတ်တာမဟုတ်ဘူး။ ဒါနဲ့များ အချိန်မရှိဘူးဘာဘူးနဲ့ စကားကြီးစကားကျယ်တွေက ပြောလိုက်သေး"

"ဒီမှာ, မင်းခနဲ့စကားတွေကိုနားထောင်ဖို့ ငါရောက်လာတာမဟုတ်ဘူး။ ပြဿနာတစ်ခုကို မြန်မြန်ဖြေရှင်းချင်လို့လာခဲ့တာ။ သွေးနားထင်ရောက်မနေနဲ့"

"ရှင်က လွန်ခဲ့တဲ့နှစ်အစိတ်က မိုးညိုအတိုင်း ဘာမှပြောင်းလဲမသွားဘူးနော်။ အရင်အတိုင်း ဒေါသမြန်မြန်ထွက်နေတုန်းပဲ"

"သံစဉ်ချို"

"ဟုတ်ပါပြီ, ထိုင်ပါဦးရှင်။ အေးအေးဆေးဆေးပြောကြတာပေါ့"

"ငါ,ဒီမှာထိုင်ဖို့ရောက်လာတာမဟုတ်ဘူး"

သူမက ခပ်မဲ့မဲ့ပြုံးလျက် တီးတိုးရယ်မောလိုက်ပါ၏။ သားချောတယ်ဆိုတာ အဖေခန့်တာကိုတောင် မမီနိုင်ပါလား။ ဒါကြောင့်လည်း ဒင်းက မာနတွေ မိုးထိတက်နေတာကိုး။

"ကျွန်မသမီးကို. . . ရှင့်သားအတွက် ဘယ်လောက်နဲ့တင်





တောင်းနိုင်မလဲဆိုတာလေး ပြောပါဦး"

"ဘာ! မင်း. . . မင်း. . . ရူးနေပြီလား"

အိမ်ထဲမှလွင့်ထွက်လာသည့် အန်ကယ့်အသံကြောင့် စာမေးပွဲဖြေပြီးပြန်လာရာမှ သီ,လန့်သွားရပါ၏။ ဘာတွေများ ပြဿနာတက်ပြန်ပြီလဲ။ အိမ်ဝအကွယ်နေရာမှနေ၍ လွယ်အိတ်လေးကို ရင်ခွင်ထဲပွေ့ထားလျက် နားစွင့်နေမိသည်။ ဘာတွေများ ဆက်ပြောကြမှာပါလိမ့်။

"ဘာပြောတယ်. . . ရှင်သာရူးနေတာ။ သားကို မိန်းကလေးတစ်ယောက်လို မျက်စိအောက်က အပျောက်မခံတဲ့ သားရူး,ရူးနေတဲ့အဘိုးကြီး"

"ဘာဖြစ်လဲ! ငါ့သားငါချစ်တာ မင်းအပူလား။ မင်းသာ မအေတူဖအေကွဲ သမီးနဲ့သားကို မကြံကောင်းမစည်ရာတွေ စီစဉ်ဖို့ကြံနေတာ၊ မင်းသာ အရူး, ဦးနှောက်ပျက်နေပြီ။ Psychiatric Hospital (စိတ်ကျန်းမာရေးဆေးရုံ)ကိုသွားတော့"

"ဘာ! ရှင်. . . ရှင်. . . ဘယ်လိုပြောလိုက်တယ်"

"မင်းကြားတဲ့အတိုင်းပဲလေ။ ဒီမှာ သားကိုစွန့်ပစ်ခဲ့တုန်းက ပစ်ခဲ့ပြီး အခုမှပြန်လိုချင်တာနဲ့ လုပ်ချင်ရာလျှောက်လုပ်မယ် မကြံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့။ ငါ့သားကို ငါပဲပိုင်တယ်။ မင်းလိုမေတ္တာမဲ့တဲ့မိန်းမနဲ့ လုံးဝမတန်ဘူး။ ငါ ဘယ်တော့မှပြန်မပေးနိုင်ဘူးမှတ်။ ဒါပဲ"

"ရှင်. . . ရှင်. . . ဒီလိုမပြောနဲ့"

"ပြောမှာပဲ. . . မင်းလိုမိန်းမမျိုးက ဒီ့ထက်မက ပိုပြီးတော့တောင်မှပြောသင့်တာ"

"မဟုတ်ဘူး. . . မဟုတ်ဘူး"

သူမမျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ထိုင်ခုံမှာ ထိုင်ချလိုက်လေ၏။ သူ မျက်နှာလွှဲကာ ပြတင်းဝမှာ သွားရပ်လိုက်ပါ၏။ ဒေါသတွေထွက်နေတာကို မနည်းထိန်းနေရပါသည်။ အသက်တမျှချစ်ခဲ့ဖူးသည့်မိန်းမတစ်ယောက်ကို ကိုယ်ထိလက်ရောက်မနာကျင်စေလိုပါလေ။

"သားကို. . . သားကို, ချို့စွန့်ပစ်တာ မဟုတ်ရပါဘူး။ အဲဒီတုန်းက ပါပါလုပ်ခဲ့တာတွေပါ။ ချိုဘာမှမသိခဲ့တာအမှန်ပါ မောင်။ ချိုမွေးခဲ့တဲ့ကလေးကို သားလေးလားသမီးလေးလားဆိုတာတောင်မမြင်ခဲ့ရဘူး။ အသက်ရှင်လျက်မမွေးဘူးလို့ လိမ်ညာခဲ့တာပါ။ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းတော့မှ မောင့်ဆီမှာ သားလေးရှိနေမှန်းသိခဲ့ရတယ်။ ချိုဘာလုပ်ရမလဲ။ တစ်ဖက်မှာက ဘွဲ့ထပ်ယူ





ဖို့ စာမေးပွဲသွားဖြေရမယ့်အချိန်၊ သားကို ဖြူသလားမဲသလားဆိုတာတောင် သိခွင့်မရတဲ့ဘဝ။ စာချုပ်မှာ လက်မှတ်ထိုးမပေးရင်မောင်က သားကို သူစိမ်းတွေကိုပေးပစ်မယ်လို့ပြောတယ်တဲ့။ ချိုလက်မှတ်ကို ရင်ကွဲခံပြီးထိုးပေးခဲ့ရတာပါ။ ပညာတွေအဆုံးတိုင်တတ်ပေမယ့် ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေခဲ့တဲ့မိန်းမတစ်ယောက်ကို မေတ္တာမဲ့နေတယ်လို့ မောင်မို့ပြောရက်တယ်"

သူ့ရင်ထဲ ကျဉ်ခနဲဖြစ်သွားရပါ၏။ ဦးဘသက်ချိုဟာ သမီးကိုချစ်တဲ့ဇောနဲ့ မလုပ်သင့်တဲ့အလုပ်တွေကို ဆက်တိုက်ကြီးလုပ်ခဲ့တာပါလား။

"ဒါပေမဲ့. . . မင်း, နောက်အိမ်ထောင်ပြုခဲ့တာပဲမဟုတ်လား"

"ဘာရယ်"

"ဒါကြောင့် မင်းနဲ့ချွတ်စွတ်တူတဲ့သမီးတစ်ယောက်ကို ရခဲ့တာလေ"

"အမယ်လေးလေ. . . ငယ်ရယ်. . . ငယ့်သမီးလေးကို ချိုနဲ့တူလွန်းလို့ ချစ်မဝခဲ့မိတာ၊ ချို့သမီးရင်းလို့တောင် အထင်ခံရပါရောလား။ ဒီမယ်. . . ဦးမိုးညို၊ သံစဉ်ချိုဆိုတဲ့မိန်းမက တစ်ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုပဲ ချစ်ခဲ့တာပါ။ အဲဒီတစ်ယောက်ကိုပဲ လက်ထပ်ပေါင်းသင်းခဲ့တာ။ ကျွန်မ ဒီလောက်ထိသစ္စာမမဲ့ဘူး။ ရှင်မို့ထင်ရက်တယ်။ ရင်နာလိုက်တာနော်. . . တကယ်ပါပဲ"

"ချို"

သို့မျက်ဝန်းမှ မျက်ရည်တွေ တလိမ့်လိမ့်စီးဆင်းလာလေ၏။ အန်တီနဲ့တူလွန်းလို့ဆိုပြီး အမြဲဂုဏ်ယူနေတတ်ခဲ့တဲ့အန်တီ့ကို သို့ကြောင့် မနာကျင်စေလိုတာအမှန်ပါရှင်။

"တော်ပြီ. . . တော်ပြီ. . . ကျွန်မမှားတာ။ သားနဲ့သမီးကို ချစ်လျက်နဲ့ မဝေးဘဲပေါင်းရပါစေဆိုပြီး စေတနာဗလပွနဲ့စီစဉ်ပေးချင်ခဲ့တာတွေ ခုတော့အလကားပဲ။ ကျွန်မသားနဲ့မဆုံရင်လည်း ရှိပါစေတော့။ သမီးကိုပဲအစားထိုးချစ်ပါတော့မယ်။ ရှင့်လို လူစားမျိုးနဲ့ ဒီဘဝဆုံတာပဲ နောက်ဆုံးဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်"

"ချို. . . မောင်တောင်းပန်ပါတယ်"

"တောင်းပန်မနေပါနဲ့။ ပြီးတာတွေလည်း ပြီးပါစေတော့။ ရှင်လည်း သားကိုပေးစားချင်တဲ့သူနဲ့ ပေးစားလိုက်ပါ။ ကျွန်မလည်း ကျွန်မသမီးကို. . . "





"ချိုရယ်. . . မောင်တကယ်မသိခဲ့လို့ပါ။ ချိုကျေနပ်တဲ့အထိ ဒူးထောက်ပြီး တောင်းပန်မှုဆိုရင်လည်း မောင် ဒူးထောက်ပါ့မယ်"

"ရှင်နော်. . . ကျွန်မကို ငရဲမပေးပါနဲ့"

"မောင်တို့သားနဲ့သမီးကိုတော့ ပေါင်းဆုံခွင့်ပေးလှည့်ပါ့ချို"

သူမထံမှ မျက်စောင်းတစ်ပွင့် လွင့်လာလေ၏။ သူက ချို့ကိုယ်လုံးကျစ်ကျစ်လေးကို ဖျတ်ခနဲပွေ့လိုက်ပါသည်။

"သွားပါ. . . ခုမှ လူကိုလည်း မတရားပြောဆိုသေး၊ နောက်ယောကျ်ားယူသလေးဘာလေးနဲ့"

"မောင်က. . . ချို့အပေါ်မှာ အသက်လောက်ချစ်လွန်းလို့ သံသယတွေဝင်ခဲ့မိတာပါကွယ်"

အန်တီ့ထံမှ မျက်စောင်းလှလှလေးနှင့်အတူ အပြုံးနုနုလေးပွင့်လာလေ၏။ ဪ. . . ခုတော့ဖြင့် အန်တီသိပ်နားခိုချင်တဲ့ ရင်ခွင်မှာ နွေးထွေးစွာ ခိုလှုံခွင့်ရသွားပြီပေါ့နော်။

သီဝမ်းသာပါတယ်။ ဒီလိုမြင်ကွင်းမျိုးကိုလည်း သီမြင်ချင်တာအမှန်ပါ။ ဒါဆိုရင် အန်တီတို့မိသားစုကြားမှာ သီ့ရှိမနေသင့်တော့ဘူးပေါ့နော်။ သီနားလည်ပါတယ်။ သီ့ သွားချိန်တန်ပြီဆိုတာကိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကိုနောက်တစ်လှမ်းဆုတ်ကာ လှည့်ထွက်လိုက်စဉ် သို့နောက်မှာ မားမားကြီးရပ်နေသည့်သူနှင့် တည့်တည့်ကြီးတိုးပါလေ၏။

"အမယ်လေး! "

ရင်ခွင်မှာ ပွေ့ထားသည့်လွယ်အိတ်လေးက သံမံတလင်းထက် ဘုတ်ခနဲပြုတ်ကျသွားကာ မျက်လုံးအစုံပါ ပြူးကျယ်သွားရလေ၏။

ဘုရားရေ! သူဘယ်အချိန်ကတည်းက သို့နောက်မှာ ရောက်နေတာပါလိမ့်။

"ဒါက. . . ဘယ်လဲ"

"ဟို. . . ဟို. . . သီ. . . သီ,သွားတော့မယ်"

"ဘယ်ကိုသွားမှာလဲ"

နှုတ်ဆိတ်သွားရပါ၏။ ပြောလို့မှမဖြစ်ဘဲ။ သီ,နေတဲ့နေရာကို ဘယ်သူမှသိလို့မဖြစ်လို့ပါရှင်။

"ကိုယ့်ကိုပစ်ပြီး ခြေရာဖျောက်ဖို့ ပြင်ဆင်ပြီပေါ့။ ဟုတ်လား သီ. . ."

"သီ. . . သီ. . . တောင်းပန်ပါတယ်"





"တောင်းပန်ရုံနဲ့ရရိုးလား။ ကိုယ့်ရင်ဘတ်ထဲကို ဝင်ကြည့်လိုက်စမ်းပါ, သီ။ ဒီရက် (၂၀)အတွင်းမှာ မြင်ခွင့်မရတဲ့မျက်နှာလေးအတွက်၊ ကြားခွင့်မရနိုင်တဲ့ အသံချိုချိုလေးအတွက် ဘယ်လောက်ထိ ခံစားနေရသလဲဆိုတာကို သိသိစေချင်လို့ပါ"

ဟင့်အင်း. . . သိသိပေမယ့် မသိချင်တော့ပါဘူး။ မသိပါရစေနဲ့တော့။ အန်တီက ကိုကို့ကို အန်ကယ်သဘောတူထားတဲ့ မမလေပြည်နဲ့ပဲ လက်ထပ်ခွင့်ပြုလိုက်ပြီလေ။ ဒီတော့ အဖြည့်ခံလေးပုလဲသီက ဒီနေရာကနေ အဝေးဆုံးကို ထွက်သွားသင့်ပါပြီကွယ်။

"သီ"

"သီ. . . သီ. . . တောင်းပန်ပါတယ်။ ပြီးခဲ့တဲ့အဖြစ်အပျက်တွေ အားလုံးမှာ သို့ဘက်က မရိုးသားခဲ့တဲ့၊ မှားယွင်းခဲ့တာတွေရှိရင် ခွင့်လွှတ်ပေးပါရှင်။ သီ. . . သီသွားတော့မယ်"

"မသွားရဘူး"

သူက သို့လက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်လိုက်လေ၏။ လူက တုန်ကနဲဖြစ်သွားကာ မျက်ရည်တို့က ထိန်းမရဘဲတပေါက်ပေါက်ကျလာပြန်သည်။ ငိုရပြန်ပြီပေါ့။ ဒီမျက်ရည်တွေက ကိုကို့ကိုချစ်မိခဲ့စဉ်ကတည်းက သိသိမ်းဆည်းထားခဲ့တဲ့ တိတ်



www.burmeseclassic.com

www.burmeseclassic.com



တခိုးချစ်ခြင်းတွေပါလေ။

"မင်း, ကိုယ့်နှလုံးသားကိုယူပြီးမှ ထားခဲ့ဖို့ဆုံးဖြတ်လိုက်တာလား,သီ"

"ရှင်! "

"ပြောစမ်းပါ၊ ကိုယ့်နားကို မင်းရောက်လာတာ ကိုယ့်နှလုံးသားကို အပိုင်သိမ်းဖို့မဟုတ်လား"

"သီမသိဘူး"

"မေမေပြောသလိုမျိုး ကိုယ်နဲ့သီ့ကိုသဘောတူထားတယ်ဆိုတာ သိသိကြီးနဲ့ ကိုယ့်နားကို မင်းရောက်လာခဲ့တယ်ဆိုတာ ဝန်ခံလိုက်စမ်းပါ. . . သီ"

"ဟင့်အင်း. . . သီမသိဘူး၊ မသိပါဘူး"

ခေါင်းတစ်ခါခါဖြစ်နေသည့်ချာတိတ်မလေးကို အသနားပိုစွာဖြင့် ရင်ခွင်ထဲသို့ဆွဲသွင်းလိုက်မိ၏။ သူမက သူ့ရင်ဘတ်အကျႌစကိုဆုပ်ကိုင်လျက် တသိမ့်သိမ့်ငိုလို့ပါလေ။

သီရယ်. . . သီ့ရင်ထဲမှာ ကိုယ့်အပေါ် ဘယ်လောက်ထိချစ်သလဲဆိုတာကို နှလုံးသားနဲ့ ခံစားနားလည်နိုင်ခဲ့ပါပြီ။

"ပြောလေ. . . ကိုယ့်ကိုချစ်ရဲ့လားလို့"

ရွှေပဒေသာစာပေ



"သီ,မသိပါဘူးလို့ဆို"

ရှိုက်သံတစ်ဝက်ဖြင့် ပြန်ပြောလိုက်တာမို့ သူ့အသည်းယားလာမိကာ သီ့နှဖူးပြင်ကို ငုံ့မွှေးလိုက်ပါ၏။

ကဲ! . . .

ရင်ခွင်ထဲရောက်နေချိန်ထိ ဝန်မခံချင်သေးတဲ့ချာတိတ်မကို ဒီလိုပဲဒဏ်ခတ်လိုက်တာလေ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက်..........

6th Jan: 2009

AM 9:29

BURMESE CLASSIC .com

www.burmeseclassic.com